
# ချင်းပြည်နယ်ဒေသတွင်းလူမှုဘဝဖွံ့ဖြိုးရေးစီမံကိန်း

## အတွဲ ၂၊ ဖွံ့ဖြိုးရေးဆိုင်ရာအဆိုပြုချက်များ









၂၀၁၄၊ အောက်တိုဘာ

# ကျေးဇူးတင်လွှာ

ဒေသတွင်းလူမှုဘဝဖွံ့ဖြိုးရေးစီမံကိန်းသည် နိုင်ငံအမြောက်အများတွင် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် UNICEF အဖွဲ့၏ ရှေ့ပြေးစီမံကိန်းတစ်ခု ဖြစ်ပါသည်။ UNICEF အဖွဲ့မှ ငွေကြေးနှင့်နည်းပညာ အထောက်အပံ့များဖြင့် ဆောင်ရွက်သော MIID (Myanmar Institute for Integrated Development) ၏ ချင်းပြည်နယ်အတွင်း ဆောင်ရွက်ချက်များကို - (ချင်းပြည်နယ်ဘက် စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ်) - ချင်းပြည်နယ်အတွက် LSP တစ်ခု ရေးဆွဲရန် ဒီဇိုင်းဆင်ဖွဲ့စည်းပြီး မြန်မာနိုင်ငံမှ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်ပွားယူ ဆောင်ရွက်နိုင်မည်ဖြစ်သော LSP နည်းနာဗေဒတစ်ခုကိုတည်ဆောက်ပါသည်။ Danida က ရက်ရောစွာဖြင့် ငွေကြေးအထောက်အပံ့ အကူအညီပေးခဲ့ပါသည်။

**Myanmar Institute for Integrated Development**
41/7 B, Golden Hill Avenue
Bahan Township
Yangon Myanmar
Contact: info@mmiid.org

## မာတိကာ


၁။ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုဘဝရပ်တည်ရန် ခက်ခဲသောထိခိုက်လွယ်သူအုပ်စုများ ၅

၁. ၁။ အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ရေးစီမံချက်များ ၅

၁. ၁. ၁။ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုဘဝရပ်တည်ရန်ခက်ခဲသော ထိခိုက်လွယ်သူ အုပ်စုများ၏ အခွင့်အရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အစိုးရနှင့် လူမှုရေးအဖွဲ့အစည်း များ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်း။ ၅

၁. ၁. ၂။ အခြေခံပညာမူလတန်းလွန်ကျောင်းများရှိ မူလတန်းလွန်အဆင့် သင်ကြားမည့် ကျောင်းဆရာ/ ဆရာမ မလုံလောက်ခြင်းကိစ္စကို စီမံဆောင်ရွက်ခြင်း ၈

၁. ၁. ၃။ ချင်းပြည်နယ်တွင် ပညာသင်ကြားခြင်းနှင့် ပညာသင်ယူခြင်းအရည်အသွေး မြှင့်တင်ခြင်း ၁၂

၁. ၂။ ကလေးများ၏ လိုအပ်ချက်များ ပြည့်မီစေရေးနှင့် ကလေးသူငယ်အခွင့်အရေးများကာကွယ်ရေးစီမံချက်များ ၁၈

၁. ၂. ၁။ ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးနှင့် စောင့်ရှောက်ရေးများ အရည်အသွေး ပြည့်မီရေးနှင့်ကလေးများ လက်လှမ်းမှီ တက်ရောက်နိုင်ရေး။ ၁၈

၁. ၂. ၂။ ချင်းဘာသာစကားသင်ရိုးညွှန်းတမ်းရေးဆွဲခြင်း ၂၂

၁. ၂. ၃။ အမျိုးသမီးများနှင့်ကလေးသူငယ်များအတွက်အာဟာရ ၂၅

၁. ၃။ မသန်စွမ်းသူများ၏ အခွင့်အရေးများ ရရှိရေး ပံ့ပိုးကူညီခြင်းနှင့် လိုအပ်ချက်များ ပြည့် မီစေရန် စီမံချက်များ ၃၁

၁. ၃. ၁။ မသန်စွမ်းကလေးသူငယ်များအတွက် မူလတန်းပညာရေး ၃၁

၁. ၃. ၂။ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အချက်အလက်များကို အသိပညာပေးမြှင့်တင်ဆောင်ရွက်ခြင်း ၃၅

၁. ၄။ အမျိုးသမီးအခွင့်အရေးများကိုပံ့ပိုးဖေါ်ဆောင်ပေးသည့်စီမံချက်များ ၃၈

၁. ၄. ၁။ အမျိုးသမီးများ၏မျိုးဆက်ပွားကျန်းမာရေး ၃၈

၁. ၄. ၂။ ချင်းပြည်နယ်ရှိ အမျိုးသမီးများအတွက် ဥပဒေရေးရာ အထောက်အကူအကြံပေး သင်တန်းများ ၄၂

၁. ၄. ၃။ အမျိုးသမီးအဖွဲ့အစည်းများဖွဲ့စည်းပုံတောင့်တင်းခိုင်မာစေရေးစီမံချက်များ ၄၇

၁. ၄. ၄။ ဒေသတွင်းဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် အများပြည်သူဆိုင်ရာအတွက် ဆုံးဖြတ်ချက်များ ပြုရာတွင်အမျိုးသမီးများပါဝင်ရေး မြှင့်တင်ခြင်းစီမံချက် ၅၁

၁. ၅။ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဦးစားပေးနယ်ပယ်များကို ဖေါ်ဆောင်ခြင်း စီမံချက်များ ၅၆

၁. ၅. ၁။ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများကို လက်လှမ်းမှီရရှိခြင်း - ကျေးလက် ကျန်းမာရေးစောင့်ရှောက်မှုများတွင် ကျွမ်းကျင်ကျန်းမာရေးဝန်ထမ်းများ မလုံလောက် သဖြင့် လေ့ကျင့်ပေးထားသည့် စေတနာ့ဝန်ထမ်းများကို အသုံးပြုခြင်း ၅၆

၁. ၅. ၂။ ကူးစက်ရောဂါများ - ဦးစားပေးအဆင့်သတ်မှတ်ထားသည့် ကူးစက်ရောဂါများကာကွယ်ရေးအတွက် ပံ့ပိုးမှုမြှင့်တင်ခြင်း ၅၈

## ဝေါဟာရအညွှန်း

| | |
|---|---|
| AHW | အရံကျန်းမာရေးလုပ်သား |
| CBO | လူထုအခြေပြုအဖွဲ့အစည်း |
| CCDAC | မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ |
| CDO | ချင်းမသန်စွမ်းသူများအဖွဲ့ |
| CEDAW | အမျိုးသမီးများအားနည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ် |
| CHW | လူထုကျန်းမာရေးလုပ်သား |
| CWO | ချင်းအမျိုးသမီးအဖွဲ့အစည်းများ |
| CWON | ချင်းအမျိုးသမီးအဖွဲ့အစည်းများကွန်ယက် |
| DSW | လူမှုဝန်ထမ်းဦးစီးဌာန |
| ECD | ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေး |
| FESR | စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှုမူဘောင် |
| GEI | ကျား/မ အခွင့်အရေးတန်းတူညီမျှခြင်းရှေ့ဆောင်အဖွဲ့ |
| GOM | မြန်မာနိုင်ငံတော်အစိုးရ |
| IELTS | နိုင်ငံတကာအင်္ဂလိပ်ဘာသာသင်ကြားရေးစနစ် |
| IID | နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း |
| KAPB | အသိ၊သဘောထား၊အပြုနှင့် ယုံကြည်မှု (သုတေသန) |
| LCCI | လန်ဒန်စက်မှုလက်မှုလုပ်ငန်းရှင်များနှင့်ကုန်သည်ကြီးများအသင်း |
| MILI | မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ |
| MNCWA | မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် |
| MoE | ပညာရေးဝန်ကြီးဌာန |
| NFPG | National Frequency Planning Group |
| NGO | အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်း |
| NSPAW | အမျိုးသမီးများဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအမျိုးသားအဆင့်စီမံကိန်း |
| PLAT | ဥပဒေအထောက်အကူပြုသင်တန်း |
| PWD | မသန်စွမ်းသူများ |

| | |
|---|---|
| STBA | တောင်ပိုင်းတီးတိန်နှစ်ခြင်းခရစ်ယာန်အသင်းတော် |
| TOT | သင်တန်းဆရာဖြစ်သင်တန်း |
| TVET | နည်းပညာဆိုင်ရာအသက်မွေးဝမ်းကျောင်းပညာရေးနှင့်သင်တန်း |
| UCI | ကလေးသူငယ်ကာကွယ်ဆေးထိုးစီမံချက် |
| UNDCP | ကုလသမဂ္ဂမူးယစ်ဆေးဝါးထိန်းချုပ်ရေးစီမံချက် |
| UNESCAP | အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာစီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဌာန |
| UNICEF | ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့ |
| UNODC | ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုတိုက်ဖျက်ရေးရုံး |
| USD | အမေရိကန်ဒေါ်လာ |
| VHDC | ကျေးရွာကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုကော်မီတီ |
| WFP | ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ |
| YWDP | ရန်ကုန်မြို့ရေဖွံ့ဖြိုးရေးစီမံချက် |

# ၁။ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုဘဝရပ်တည်ရန် ခက်ခဲသောထိခိုက်လွယ်သူ အုပ်စုများ

## ၁.၁။ အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ရေးစီမံချက်များ

### ၁.၁.၁။ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုဘဝရပ်တည်ရန်ခက်ခဲသော ထိခိုက်လွယ်သူ အုပ်စုများ၏ အခွင့်အရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အစိုးရနှင့် လူမှုရေးအဖွဲ့အစည်း များ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ခြင်း။

| စီမံချက် အမည် | လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုဘဝရပ်တည်ရန် ခက်ခဲသော ထိခိုက် လွယ်သူ အုပ်စုများ၏ အခွင့်အရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အစိုးရနှင့် လူမှုရေးအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း။ | |
|---|---|---|
| သတ်မှတ်ချက် | ပဓါနနယ်ပယ် | လူမှုကာကွယ်စောင့်ရှောက်ရေး |
| | တည်နေရာ | ချင်းပြည်နယ်ရှိ မြို့နယ်အားလုံး |
| | စုစုပေါင်း ဘတ်ဂျက် | အမေရိကန်ဒေါ်လာ ၃၅၀,၀၀၀ |
| | စီမံချက်ကာလ | ၃ နှစ် |
| စီမံချက် အကြောင်း အရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးဆိုင်ရာရည်ရွယ်ချက်**<br>ချင်းပြည်နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများ၊ ၎င်းတို့နှင့်တွဲဖက် လုပ်ကိုင်နေသည့် လူမှုရေးအဖွဲ့အစည်းများတွင် လူမှုကာကွယ် စောင့် ရှောက်ရေးနှင့် လူမှုဘဝရပ်တည်ရန် ခက်ခဲသော ထိခိုက်လွယ်သူ အုပ်စု များ၏ အခွင့်အရေးဆိုင်ရာ တည်ဆဲဥပဒေများ၊ အမျိုးသားအဆင့်မဟာ ဗျူဟာနှင့် မူဝါဒ များအကြောင်း သိရှိနားလည်မှုရှိစေရန်။<br><br>**လတ်တလောရည်ရွယ်ချက်များ**<br>- ချင်းပြည်နယ် မြို့နယ်အားလုံးရှိ လူမှုဝန်ထမ်းဝန်ထမ်းများ နှင့်လူမှုရေး အဖွဲ့အစည်းများမှ သက်ဆိုင်ရာပုဂ္ဂိုလ်များကို သင်တန်းပို့ချရန် ပြင်ဆင် ခြင်း၊<br>- လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုဘဝရပ်တည်ရန် ခက်ခဲသော ထိခိုက်လွယ်သူ အုပ်စုများ၏ အခွင့်အရေး စသည်တို့နှင့် ဆက်နွယ်နေ သည့် တည်ဆဲဥပဒေများ၊အမျိုး သားအဆင့်မဟာဗျူဟာနှင့် မူဝါဒ များ ကိုလူမှုဝန်ထမ်းနှင့် လူမှုရေးအဖွဲ့အစည်းများမှ သက်ဆိုင်ရာ ပုဂ္ဂိုလ်များ လက်လှမ်းမီသိရှိနားလည်စေရန် စီမံခြင်း၊<br>- ရရှိသောအသိပညာဗဟုသုတကိုလက်တွေ့နယ်ပယ်တွင်အသုံးချနိုင် စေခြင်း၊<br>- ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့်များတွင် အစိုးရနှင့် လူမှုရေးအဖွဲ့ အစည်းများ လုပ်ငန်းဆောင်ရွက်ကြရာ၌ဟန်ချက်ညီညီပူးပေါင်း ဆောင် |

<table>
<tr><th>စီမံချက် အမည်</th><th colspan="2">လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုဘဝရပ်တည်ရန် ခက်ခဲသော ထိခိုက် လွယ်သူ အုပ်စုများ၏ အခွင့်အရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အစိုးရနှင့် လူမှုရေးအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း။</th></tr>
<tr><td></td><td></td><td>ရှက်မှုရှိသော အလုပ်ဝန်းကျင်တစ်ခု ဖန်တီးစေခြင်း၊</td></tr>
<tr><td></td><td>စီမံချက်၏ ကြောင်းကျိုး ဆက်နွယ်မှု</td><td>နောက်ခံအခြေအနေ<br>လူမှုကာကွယ်စောင့်ရှောက်ရေး၊ လူမှုဘဝရပ်တည်ရန် ခက်ခဲသော ထိခိုက် လွယ်သူအုပ်စုများ၏ အခွင့်အရေး စသည်တို့နှင့်ဆက်နွယ်နေသည့် တည်ဆဲ ဥပဒေများ၊ အမျိုးသားအဆင့် မဟာဗျူဟာနှင့်မူဝါဒများ အကြောင်းကို လူမှုဝန်ထမ်းများနှင့်လူမှုအဖွဲ့အစည်းများ အသိနည်းနေသည်ကို ကွင်းဆင်း လေ့လာမှုမှအဓိကကကိစ္စရပ်ဟုသတ်မှတ်ခဲ့ပါသည်။သဘောတရား အသိနည်း သည်နှင့်အမျှလူမှု ကာကွယ်စောင့်ရှောက်ရေး၏ချဉ်းကပ်ဖြေရှင်းခြင်း နည်း လမ်းအသွယ်သွယ်ကို သိရှိမှုနည်းနေသည်ကိုလည်း တွေ့ရပါသည်။<br><br>မျှော်မှန်းရလဒ်<br>လူမှုဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများမှ လုပ်သားများသည် အခြေခံ ပညာကျောင်းများ၊ ရှေးဦးကလေးသူငယ်စောင့်ရှောက်ရေး မူကြိုကျောင်း များ၊ မိဘမဲ့ကလေးဂေဟာများ၊ အစိုးရဌာနများနှင့် လူမှုရေးအဖွဲ့ အစည်း များသို့ ကျယ်ကျယ်ပြန့်ပြန့်သွားရောက်ကာ လူမှုကာကွယ်စောင့် ရှောက် ရေး၏ အခြေခံသဘောတရားများ၊ လူမှုဘဝရပ်တည်ရန် ခက်ခဲသောထိ ခိုက်လွယ်သူအုပ်စုများ၏ အခွင့်အရေးများ အကြောင်းအသိပညာ ပေးခြင်း အားဖြင့် ၎င်းတို့တွင်သဘောတရားဆိုင်ရာနှင့် လက်တွေ့လုပ်ငန်းလုပ် ဆောင်မှုစွမ်းရည်များ တိုးမြှင့်စေမည်။<br><br>ရလဒ်အညွှန်းကိန်း<br>လူမှုကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာသတင်းအချက်အလက်များကို လူမှု ဝန်ထမ်းအရာထမ်းအမှုထမ်းများမှ ဦးဆောင်ကာဖြန့်ဝေခြင်းများ လုပ်ကြပြီး လူထုအခြေပြုအဖွဲ့အစည်းများနှင့်လည်းထိထိရောက်ရောက်ပူးပေါင်း ဆက် သွယ် ဆောင်ရွက်ကြသည်။</td></tr>
<tr><td></td><td>ဆောင်ရွက် ချက်များ</td><td>- လူမှုဝန်ထမ်းအရာထမ်း/အမှုထမ်းများနှင့်လူထုအခြေပြု လူမှုအဖွဲ့အ စည်းများမှ လုပ်သားများအတွက် သင်တန်းများပြင်ဆင်ခြင်း -သင်တန်း ပို့ချပေးနိုင်မည့် ဆရာများသတ်မှတ်ခြင်းနှင့် ပို့ချမည့်အကြောင်း အရာ ဆိုင်ရာ စာရွက်စာတမ်းများ မှတ်တမ်းပြုစုခြင်းများ ပါဝင်မည်။<br>- ဘာသာရပ်ဆိုင်ရာ စာရွက်စာတမ်းများ၊ သတင်းအချက်အလက်များကို လူမှုဝန်ထမ်းရုံး စာကြည့်တိုက်များနှင့် လူထုအခြေပြု လူမှုရေးအဖွဲ့များ သို့ဖြန့်ချီရန်(စာအုပ်စာတမ်းများနှင့်စီဒီခွေများ)စုစည်းခြင်း -၎င်းသတင်း အချက်အလက်များကိုလက်တွေ့အသုံးချနိုင်ရန်ပို့ချခြင်းအတွက်နောက် ဆက်တွဲလုပ်ငန်းရပ်များ ရေးဆွဲပြင်ဆင်ခြင်း၊<br>- လူထုအခြေပြုလူမှုရေးအဖွဲ့များနှင့် အတူပူးပေါင်းဆောင်ရွက်ခြင်းနှင့် လူမှုဘဝရပ်တည်ရန် ခက်ခဲသောထိခိုက်လွယ်သူ အုပ်စုများစာရင်း ပြုစု မှတ်တမ်းတင်ရန် လုပ်ငန်းပုံစံရေးဆွဲပြီး ရွေးချယ်ထားသည့်မြို့နယ် (၃) မြို့နယ်တွင် ရှေ့ပြေးဆောင်ရွက်ခြင်း၊<br>- လူမှုကာကွယ်စောင့်ရှောက်ရေး၏ အခြေခံသဘောတရားများ၊ လူမှုဘဝ</td></tr>
</table>

| စီမံချက်အမည် | လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုဘဝရပ်တည်ရန် ခက်ခဲသော ထိခိုက် လွယ်သူ အုပ်စုများ၏ အခွင့်အရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အစိုးရနှင့် လူမှုရေးအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း။ | | |
|---|---|---|---|
| | | ရပ်တည်ရန် ခက်ခဲသောထိခိုက်လွယ်သူ အုပ်စုများ၏ အခွင့်အရေးများ အကြောင်းကိုအခြေခံပညာကျောင်းများ၊ ရှေးဦးကလေးသူငယ်စောင့် ရှောက်ရေး မူကြိုကျောင်းများမိဘမဲ့ကလေးဂေဟာများ၊ အစိုးရဌာန များနှင့်လူမှုရေးအဖွဲ့အစည်းများသို့ ကျယ်ကျယ်ပြန့်ပြန့်သွားရောက် ကာ အသိပညာပေး ကွင်းဆင်းလှုပ်ရှားမှုများ လုပ်ဆောင် ခြင်း၊<br>- ဆန်းစစ်အကဲဖြတ်ခြင်းများ ပြုလုပ်နိုင်ရန် အတွေ့အကြုံလုပ်ငန်း ရပ်များ ကို မှတ်တမ်းတင်ထားခြင်းဖြင့် အခြားပြည်နယ်/တိုင်းဒေသကြီးများသို့ လုပ်ငန်းရပ်များ ဆင့်ပွားကူး ယူနိုင်စေခြင်း၊ | |
| | အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | - စီမံကိန်းလုပ်ငန်းများချမှတ်ခြင်း၊ သင်တန်းများဖေါ်ဆောင်ခြင်းနှင့် နောက် ဆက်တွဲလုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် အကောင် အထည်ဖေါ်ဆောင်ရွက်ရမည်။ သို့မှသာအခြား ပြည်နယ်/ တိုင်းဒေသ ကြီးများမှ လုပ်ငန်းအတွေ့အကြုံကောင်းများကို ချင်းပြည်နယ်တွင် အသုံးပြုနိုင်ခြင်းသာမကချင်းပြည်နယ်မှ အတွေ့အကြုံလုပ်ရပ်ကောင်း များကို မှတ်တမ်းယူကာ ဆင့်ပွားနိုင်မှုများ ပြုလုပ်ဆောင်ရွက်နိုင်မည်။<br>- ဤစီမံချက်ကို ချင်းပြည်နယ်အစိုးရနှင့် ပြည်နယ်လူမှုဝန် ထမ်းဦးစီး ဌာနတို့၏ ဦးစီးဦးဆောင်မှုဖြင့် အကောင်အထည် ဖေါ်ဆောင်ရွက်သင့် သည်။<br>- ဤစီမံချက်တွင်အဓိကပါ ဝင်ပါတ်သက်သူများမှာ လူမှုဝန်ထမ်း၊ ကယ် ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အစိုးရဌာနများ အတွင်းမှ သင်တန်းပို့ချပေးနိုင်မည့်သူများ၊ လူထုအခြေပြုနှင့် လူမှုအဖွဲ့ အစည်းများနှင့် ချင်းပြည်နယ်အစိုးရနှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီး ဌာနတို့ဖြစ်သည်။ | |
| ဘဏ္ဍာရေးဆိုင်ရာသတင်းအချက်အလက်များ | ဘတ်ဂျက် | **လုပ်ငန်းရပ်** | **ခန့်မှန်းကုန်ကျစရိတ်(အမေရိကန်ဒေါ်လာ)** |
| | | အဖွဲ့ခေါင်းဆောင် - နိုင်ငံသားအကြံပေးပညာရှင် (တစ်လလျှင် US$၂၀၀၀ဖြင့်၃၆လ) | ၇၂,၀၀၀ |
| | | ဥပဒေပိုင်းဆိုင်ရာသုတေသီ-နိုင်ငံသားအကြံပေး ပညာရှင် (တစ်လလျှင် US$ ၂၀၀၀ဖြင့် ၆လ) | ၁၂,၀၀၀ |
| | | အပြည်ပြည်ဆိုင်ရာအကြံပေး/စီမံကိန်းရေးဆွဲသူ (တစ်လလျှင် US$ ၁၅၀၀၀ဖြင့် ၃လ) | ၄၅,၀၀၀ |
| | | မြို့နယ်အဆင့် လူမှုဝန်ထမ်း အရာထမ်း/အမှုထမ်း ခန့်အပ်ခြင်း (၃မြို့နယ်အတွက်၃နှစ်ခန့်ထားခြင်း) | ၉၆,၀၀၀ |
| | | သင်တန်းအထောက်အကူပြုနှင့်မြှင့်တင်ရေးပစ္စည်းများ ပုံနှိပ်ခြင်း | ၁၀,၀၀၀ |

| စီမံချက် အမည် | လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုဘဝရပ်တည်ရန် ခက်ခဲသော ထိခိုက် လွယ်သူ အုပ်စုများ၏ အခွင့်အရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အစိုးရနှင့် လူမှုရေးအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်း။ | | |
|---|---|---|---|
| | | ပြည်နယ်နှင့် မြို့နယ်အဆင့် အလုပ်ရုံ ဆွေးနွေးပွဲ/ သင်တန်းများ | ၆၀,၀၀၀ |
| | | သယ်ယူပို့ဆောင်ရေးအထောက်အကူနှင့်ခရီးစရိတ်များ | ၂၀,၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော ကုန်ကျစရိတ်မပါ) | ၃၁၅,၀၀၀ |
| | | မမျှော်မှန်းနိုင်သော ကုန်ကျစရိတ်၁၀%ထပ်ပေါင်းခြင်း | ၃၅,၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | ၃၅၀,၀၀၀ |
| | ဘတ်ဂျက်ကြိုတင် မှန်းဆချက်များ | ဖော်ပြရန်မရှိပါ။ | |
| အခြားအချက် အလက်များ | အမျိုးသားအဆင့်မူဝါဒ၊မဟာဗျူဟာများနှင့်ကိုက်ညီခြင်း | ပြည်နယ်/မြို့နယ်အဆင့် အစိုးရဝန်ထမ်းများကို သင်တန်းများ ပို့ချရာတွင် စီမံချက်အနေဖြင့် အမျိုးသားအဆင့် ဘတ်ဂျက်စီမံချက်နှင့် ကိုက်ညီမှုရှိရန် လိုအပ်ပါသည်။ | |
| | စောင့်ကြည့် လေ့လာခြင်း | ဖော်ပြရန် မရှိပါ။ | |

## ၁. ၁. ၂။ အခြေခံပညာမူလတန်းလွန်ကျောင်းများရှိ မူလတန်းလွန်အဆင့် သင်ကြားမည့် ကျောင်းဆရာ/ ဆရာမ မလုံလောက်ခြင်းကိစ္စကို စီမံဆောင်ရွက်ခြင်း

| စီမံချက် အမည် | ရွေ့လျားသင်ကြားရေးအဖွဲ့များကို အသုံးပြု၍ မူလတန်းလွန်အဆင့် သင်ကြားမည့် ကျောင်း ဆရာ/ ဆရာမ မလုံလောက်မှုကို စီမံဆောင်ရွက်ခြင်း | |
|---|---|---|
| သတ်မှတ် ချက် | ပဓါနနယ်ပယ် | အခြေခံပညာရေး |
| | တည်နေရာ | မူလတန်းလွန်အဆင့်ဆရာ/ဆရာမ မလုံလောက်သည့် မြို့နယ် (၅)ခု - ဟားခါး၊ထန်တလန်၊တီးတိန်၊ဖလမ်း၊မင်းတပ်။ |
| | စုစုပေါင်း ဘတ်ဂျက် | အမေရိကန်ဒေါ်လာ ၇၄၄,၇၀၀ |
| | စီမံချက်ကာလ | ၃ နှစ် (ကနဦးအဆင့်) |
| စီမံချက် အကြောင်း အရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးဆိုင်ရာရည်ရွယ်ချက်**<br>ရွေ့လျားသင်ကြားရေးအဖွဲ့များအသုံးပြုခြင်းဖြင့် မူလတန်းလွန် အဆင့်တွင် ဆရာ/ဆရာမ လုံလောက်မှုမရှိသည့်အတွက် သင်ကြားရေးရလဒ်များ မကောင်းရသည့် သက်ရောက်မှုကို လျော့ပါးပပျောက်စေရန်။ |

<table>
<tr><th>စီမံချက် အမည်</th><th colspan="2">ရွေ့လျားသင်ကြားရေးအဖွဲ့များကို အသုံးပြုကာ မူလတန်းလွန်အဆင့် သင်ကြားမည့် ကျောင်း ဆရာ/ ဆရာမ မလုံလောက်မှုကို စီမံဆောင်ရွက်ခြင်း</th></tr>
<tr><td></td><td></td><td>လတ်တလောရည်ရွယ်ချက်များ<br>- မူလတန်းလွန်အဆင့်သင်ကြားရေးဝန်ထမ်းများ မလုံလောက် ဖြစ်နေသည့် အခြေခံပညာကျောင်းများသို့ ရွေ့လျားသင် ကြားရေးအထူးအဖွဲ့များ သွားရောက်ကာ ၆တန်း၊ ၇တန်း၊ ၈တန်း ကျောင်းသူ၊ ကျောင်းသားများ အတွက် ပိုမိုပြည့်စုံ သည့် လေ့ကျင့်သင်ကြားရေးကို လတ်တလော ဆောင် ကျဉ်းပေးရန်။</td></tr>
<tr><td></td><td>စီမံချက်၏ ကြောင်းကျိုး ဆက်နွယ်မှု</td><td>နောက်ခံအခြေအနေ<br>အခြေခံပညာမူလတန်းလွန်ကျောင်းများ-အထူးသဖြင့်ဝေးလံခေါင်သီ သည့် ဒေသများတွင် သင်ကြားရေးဆရာ/ ဆရာမများ လုံလောက်စွာမရှိခြင်း သည်ကလေးများ ပညာသင်ယူတတ် မြောက်နိုင်စွမ်းအတွက် ဆိုးကျိုးသက် ရောက်နေသည်ကို ကွင်းဆင်းလေ့လာမှုမှ အဓိကကိစ္စရပ်ဟု သတ်မှတ်ခဲ့ ပါသည်။ ၎င်းကိစ္စရပ်သည် ပညာရေးဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရ တို့၏ အရေးပေါ်တုန့်ပြန်ဆောင်ရွက်မှုများ လိုအပ်နေသည့် အရေးကြီး သောအခြေအနေတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရမှ လစ်လပ်နေ သော သင်ကြားရေးဝန်ထမ်းများကို တမဟုတ်ချင်း ဖြည့်ဆည်း ပေးရန်မှာ လတ်တလောတွင် ဖြစ်နိုင်ချေမရှိပါ။ သို့ဖြစ်၍ သင်ကြားရေးဆရာများ အလွန်လိုအပ်နေသော မြို့နယ်များတွင် ရွေ့လျားစာသင်ကြားရေး အဖွဲ့ များစီမံဆောင်ရွက်ပေးခြင်းကို ကြားဖြတ်အစီအစဉ်အဖြစ် လုပ်ဆောင်ပါ မည်။<br><br>မျှော်မှန်းရလဒ်<br>မူလတန်းအဆင့်နှင့်မူလတန်းလွန်အဆင့်နှစ်ရပ်လုံးတွင်ကျောင်းသူကျောင်း သားများ၏သင်ယူမှုနှင့် တတ်မြောက်မှုစွမ်းရည်အပေါ်ကောင်း ကျိုးဆောင် သည့် သက်ရောက်မှုကို ရရှိစေမည်။ ရေရှည်အကျိုးသက် ရောက်မှု အနေဖြင့် အခြေခံပညာအလယ်တန်းနှင့် အထက်တန်း ပညာရေးအဆင့် တွင်ကျောင်းဝင်ခြင်းနှင့်ပြီးမြောက်ခြင်းနှုန်းများ မြင့်တက် လာပါ လိမ့်မည်။<br><br>ရလဒ်အညွှန်းကိန်း<br>အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာ ဆန်းစစ်ခြင်းများမှ ရလဒ်များ<br>- လုပ်ငန်းမစတင်မီအခြေအနေနှင့်လုပ်ငန်းဝန်ဆောင်မှုများရယူပြီး အခြေ အနေများ နှိုင်းယှဉ်ရာတွင် သိသာသော အကျိုးရလဒ်များကိုတွေ့မြင် ရခြင်း (သင်ကြားရေးကာလတစ်ခုတာဆောင်ရွက်အပြီး)။ အထူးသဖြင့် သင်ကြား-သင်ယူခြင်းဖြစ်စဉ်၊ သင်ယူတတ်မြောက်မှုများ နှင့်သက်ဆိုင် ပါ သည်။<br>- ဆရာ၊ဆရာမများ၏ သင်ကြားရေးအရည်အသွေးဆန်းစစ်ခြင်း - ဆရာ၊ ဆရာမများ၏ သင်ကြားရေးတွင် အာရုံစိုက် အချိန်ပေးမှု၊ သင်ခန်း စာများအတွက်ကြိုတင်ပြင်ဆင်မှုအလုပ်ပမာဏ၊သင်ယူမှုအပေါ်ကျောင်း သူ၊ ကျောင်းသားများ၏ စိတ်ပါဝင်စားမှုကိုဂရုပြုမှု၊ သင်ကြားရေး - သင်ယူမှုနည်းလမ်း၊ သင်ကြားရေး-သင်ယူမှုအကျိုး ထိရောက်မှုများ ကို</td></tr>
</table>

| စီမံချက်<br>အမည် | ရွှေ့လျားသင်ကြားရေးအဖွဲ့များကို အသုံးပြုကာ မူလတန်းလွန်အဆင့် သင်ကြားမည့် ကျောင်း ဆရာ/ ဆရာမ မလုံလောက်မှုကို စီမံဆောင်ရွက်ခြင်း | |
|---|---|---|
| | | ဆန်းစစ်ပါမည်။<br>- ကျောင်းသူ၊ကျောင်းသားများ (မူလတန်းနှင့် မူလတန်းလွန်နှစ်ဆင့်လုံးတွင်)၏ သင်ယူမှုအရည်အသွေးနှင့် အရေအတွက်ဆိုင်ရာများဆန်းစစ်ခြင်း-သင်ယူမှုဖြစ်စဉ်၊သင်ယူမှုအခြေအနေ(ဆရာ၊ဆရာမများ၏ အတန်းတွင်းသင် ကြားရေးချဉ်းကပ်နည်း)နှင့်သင်ယူတတ်မြောက်မှုများကို ဆန်းစစ်ပါမည်။ |
| | ဆောင်ရွက်<br>ချက်များ | - အဖွဲ့ဝင်နှစ်ဦးပါသင်ကြားရေးအဖွဲ့ (၂၀) မှ (၂၅) ဖွဲ့အထိ ဖွဲ့စည်းခြင်း၊<br>- တိုတိုနှင့်ကျစ်လစ်သည့်သင်ကြားရေးစီမံချက်နှင့်သင့်လျော်သည့် သင်ရိုးညွှန်းတမ်းနှင့် လေ့ကျင့်သင်ကြားရေး ပစ္စည်းများဖေါ်ထုတ် ခြင်း ဖြင့် ကျောင်းသူ၊ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်များကို ပြည့်မီစေခြင်း၊<br>- သင်ကြားရေးအဖွဲ့များအတွက် နည်းလမ်းနှင့် ကျွမ်းကျင်မှုဆိုင်ရာ အထူးသင်တန်းများပေးခြင်း၊<br>- သင်ကြားရေးအဖွဲ့များယာယီတာဝန်ကျရာနေရာများသို့ရွှေ့ပြောင်းသွားလာနိုင်ရေးအတွက် သယ်ယူပို့ဆောင်ရေး အထောက်အပံ့များ စီစဉ်ပေးခြင်း၊<br>- စီမံချက်အကောင်အထည်ဖေါ်သည့်ကျောင်းများတွင်ရွှေ့လျားအဖွဲ့သည် တစ်နှစ်လျှင် သင်ကြားရေးကာလနှစ်ခု ပံ့ပိုးသင်ကြားပေးခြင်း၊<br>- ရွှေ့လျားသင်ကြားရေးကို စာသင်ကာလအလိုက် စီစဉ်ပံ့ပိုး မှုပေးခြင်း (ပထမစာသင်ကာလ - ဇွန်လမှအောက်တိုဘာလနှင့် ဒုတိယစာသင်ကာလ - နိုဝင်ဘာလမှ မတ်လ)၊<br>- လုပ်ငန်းမစတင်မီ အခြေအနေ (အခြေခံအညွှန်းမှတ်များ) နှင့် ရွှေ့လျားသင်ကြားရေးပံ့ပိုးမှုများ ရယူပြီး အခြေအနေများ (အဆုံးသတ်အညွှန်းမှတ်များ) နှိုင်းယှဉ်ဆန်းစစ်ခြင်း၊<br><br>**အကျိုးခံစားရရှိမည့်သူများ**<br><br>မူလတန်းလွန်အဆင့်သင်ကြားရေး အလွန်အမင်းလိုအပ်နေသည့် ကျောင်း (ကျောင်း၅၀ခန့်) အပါအဝင်၊ လိုအပ်နေသည့် မြို့နယ်(၅)မြို့နယ်မှ စာသင်ကျောင်းများ၏ ၂၅%ကို အကျိုး ရှိစေမည်။ (၂၀၅ကျောင်း[၁] - ဟားခါးတွင် (၃၂)ကျောင်း၊ ထန် တလန်တွင်(၅၉)ကျောင်း၊ တီးတိန်တွင် (၄၉)ကျောင်း၊ ဖလမ်း တွင်(၃၀)ကျောင်း၊ မင်းတပ်တွင် (၃၅)ကျောင်း) |
| | အကောင်<br>အထည်ဖော်<br>ဆောင်ရွက်ခြင်း | စီမံချက်ကို ဦးဆောင်ဖေါ်ဆောင်မည့်အဖွဲ့အစည်း- ချင်းပြည်နယ်အစိုးရ<br>- အဓိကပါဝင်ပါတ်သက်သူများ- ယူနီဆက်၊ မြို့နယ်/ကျေး ရွာဖွံ့ဖြိုးရေး ပံ့ပိုးမှုကော်မတီများ၊ လူထုအခြေပြုအဖွဲ့အစည်း တည်ရာဌာနများ (ဥပမာ-ဖလန်းနှစ်ခြင်းခရစ်ယာန်ကျောင်း၊ ချင်းဖောင်ဒေးရှင်း (ဟားခါး+ ထန်တလန်)၊ လူငယ်အုပ်စုများ/အစည်းအရုံးများ၊ (ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း များ - ADB, EU, AUSaid, OSI စသည်) |

[၁] ချင်းပြည်နယ်ပညာရေးကဏ္ဍကိန်းဂဏန်းအချက်အလက်များ၊ချင်းပြည်နယ်ပညာရေး ရုံးတွင် ပြုစုသည်။ ဟားခါး။ (၂၀၁၃ခုနှစ်၊နိုဝင်ဘာလ၂၄ရက်)

<table>
<tr><td>စီမံချက်<br>အမည်</td><td colspan="3">ရွှေ့လျားသင်ကြားရေးအဖွဲ့များကို အသုံးပြုကာ မူလတန်းလွန်အဆင့် သင်ကြားမည့် ကျောင်း ဆရာ/ ဆရာမ မလုံလောက်မှုကို စီမံဆောင်ရွက်ခြင်း</td></tr>
<tr><td rowspan="12">ဘဏ္ဍာရေး<br>ဆိုင်ရာ<br>သတင်း<br>အချက်<br>အလက်များ</td><td rowspan="11">ဘတ်ဂျက်</td><td>လုပ်ငန်းရပ်</td><td>ခန့်မှန်းကုန်ကျ<br>စရိတ်(အမေရိ<br>ကန်ဒေါ်လာ)</td></tr>
<tr><td>စီမံချက်ရေးဆွဲခြင်း၊ သင်ရိုးညွှန်းတမ်းဖော် ဆောင်ခြင်း၊ ကြီးကြပ်ခြင်း - နိုင်ငံသားအကြံပေးပညာရှင် (တစ်လလျှင် US$ ၃၀၀၀ ဖြင့် ၁၅လ)(၉+၃+၃လ)</td><td>၇၂,၀၀၀</td></tr>
<tr><td>စီမံချက်တာဝန်ခံအရာရှိ (တစ်လလျှင် US$၂၀၀၀ဖြင့် ၃၆လ)</td><td>၃၆၀,၀၀၀</td></tr>
<tr><td>ရွှေ့လျားသင်ကြားရေးဆရာ/ဆရာမများ အတွက် ခရီး စရိတ်များ (အဖွဲ့ ၅၀ အတွက် တစ်လလျှင် US$ ၂၀၀ ဖြင့် ၃၆လ)</td><td>၃၆၀,၀၀၀</td></tr>
<tr><td>သယ်ယူပို့ဆောင်ရေးယာဉ် (၁)စီး၊ မော်တော်ဆိုင်ကယ် (၂၅)စီး။</td><td>၁၀၀,၀၀၀</td></tr>
<tr><td>သင်ကြားရေးထောက်ကူပစ္စည်းများနှင့် ကွန်ပျူတာများ</td><td>၆၀,၀၀၀</td></tr>
<tr><td>သင်ကြားရေးအလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းများ</td><td>၃၀,၀၀၀</td></tr>
<tr><td>သင်ကြားရေးစာအုပ်စာတမ်းများ ပုံနှိပ်ခြင်း</td><td>၁၀,၀၀၀</td></tr>
<tr><td>စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော ကုန်ကျစရိတ်မပါ)</td><td>၆၇၇,၀၀၀</td></tr>
<tr><td>မမျှော်မှန်းနိုင်သောကုန်ကျစရိတ်၁၀%ထပ်ပေါင်းခြင်း</td><td>၆၇,၇၀၀</td></tr>
<tr><td>စုစုပေါင်းဘတ်ဂျက်</td><td>၇၄၄,၇၀၀</td></tr>
<tr><td>ဘတ်ဂျက်ကြိုတင်<br>မှန်းဆချက်များ</td><td colspan="2">ဖော်ပြရန်မရှိပါ။</td></tr>
<tr><td rowspan="2">အခြား<br>အချက်<br>အလက်များ</td><td>အမျိုးသားအဆင့်<br>မူဝါဒ၊မဟာ<br>ဗျူဟာများနှင့်<br>ကိုက်ညီခြင်း</td><td colspan="2">စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှုများမူဘောင်[၂]သည် ပညာရေးဝန်ဆောင်မှုကို ဦးစားပေးပြီးပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုကြောင်း အသိအမှတ်ပြုသည်။ မြန်မာနိုင်ငံတော်အစိုးရသည်ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲ ရေးမူဝါဒနှင့် မဟာဗျူဟာကို ဖော်ဆောင်ရာတွင် အရေအတွက်သာမက အရည်အချင်းတိုးမြှင့်ရေးကို ဦးတည်သည်။</td></tr>
<tr><td>စောင့်ကြည့်<br>လေ့လာခြင်း</td><td colspan="2">ဖော်ပြရန် မရှိပါ။</td></tr>
</table>

[၂] (FESRအမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ရေရှည်ပန်းတိုင်များဆီသို့ဦးတည်သော ၂၀၁၂-၂၀၁၅ခုနှစ်ဦးစားပေးမူဝါဒများ) (၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက် - မူကြမ်း) မှကောက် နှုတ်သည်။

## ၁. ၁. ၃။ ချင်းပြည်နယ်တွင် ပညာသင်ကြားခြင်းနှင့် ပညာသင်ယူခြင်းအရည်အသွေး မြှင့် တင်ခြင်း

| | | |
|---|---|---|
| စီမံချက်အမည် | သင်ကြားမှုအရည်အသွေးနှင့် သင်ယူမှုအရည်အသွေးကို မြှင့်တင်ရန်နှင့် ချင်းပြည်နယ်တွင် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းပညာရေး၏ (အငယ်တန်းအဆင့်များ)တွင်ကျောင်းထွက်နှုန်းများ လျော့ကျစေရန် ဆောင်ရွက်ခြင်းစီမံချက် | |
| သတ်မှတ်ချက် | ပဓါနနယ်ပယ် | အခြေခံပညာရေး |
| | တည်နေရာ | ချင်းပြည်နယ်ရှိ မြို့နယ်အားလုံး |
| | စုစုပေါင်းဘတ်ဂျက် | အမေရိကန်ဒေါ်လာ ၉၀၀,၀၀၀ |
| | စီမံချက်ကာလ | ၃ နှစ်မှ ၅ နှစ် |
| စီမံချက်အကြောင်းအရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးဆိုင်ရာရည်ရွယ်ချက်**<br>- ချင်းပြည်နယ်ရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ပိုမိုသင့်လျော်သည့် သင်ကြားရေးနည်းလမ်းကိုစတင်သုံးစွဲခြင်းဖြင့် သင်ကြားရေးအရည်အသွေးကို မြှင့်တင်ရန်၊<br>- အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်များရှိ ကျောင်းသူ၊ ကျောင်းသားများ၏ သင်ယူမှုနှင့် ပညာရေးအညွှန်းကိန်းများ တိုးတက်လာစေရန်၊<br>- ကျောင်းထွက်နှုန်း -အထူးသဖြင့် အလယ်တန်းနှင့်အထက် တန်းအဆင့် အတန်းငယ်များတွင်ကျဆင်းစေရန် ။<br><br>**လတ်တလောရည်ရွယ်ချက်များ**<br>- မူလတန်းနှင့် မူလတန်းလွန်အဆင့်များမှ ဆရာ၊ဆရာမများ၏ သင်ကြားရေးစွမ်းရည် ပိုမိုကောင်းမွန်လာစေခြင်းနှင့် သင်ကြားနည်းလမ်း၊ ဗဟုသုတများကို မျက်ခြေမပြတ်စေရန်၊<br>- ပြောင်းလဲတိုးတက်မှုကိုအထောက်အထားပြယုဂ်နှင့်ဖြစ်စေရန်(ကျောင်း / စာသင်ခန်းအဆင့်)၊စာသင်ခန်းတွင်း သင်ကြားမှု-သင်ယူမှု ပြောင်းလဲဖေါ်ဆောင်ခြင်း[၃]နှင့် အရည်အသွေးရှိသော သင်ယူတတ်မြောက်ခြင်း[၄] ကို တိုးမြှင့်ရရှိခြင်း၊<br>- ပညာရေးအပေါ် ထားရှိရမည့် သဘောထားနှင့် တန်ဘိုးကို မှန်ကန်စွာနားလည်သဘောပေါက်စေခြင်း၊(စာသင်ကျောင်းများ၊ ဆရာ/ဆရာမများ၊ ကျောင်းသူ/ကျောင်းသားများ၊ မိ ဘများနှင့် ပြည်သူလူထု အပါအဝင်)၊<br>- မိဘဆရာပူးပေါင်းဆောင်ရွက်ခြင်းများကို အထူးသဖြင့်ကျေးရွာများတွင် ပိုမိုအလေး ဂရုပြုလာစေနိုင်ရန် အသိပညာပေးခြင်း။ |
| | စီမံချက်၏ကြောင်းကျိုးဆက်နွယ်မှု | **နောက်ခံအခြေအနေ**<br>ချင်းပြည်နယ်ရှိ အခြေခံပညာမူလတန်းနှင့် မူလတန်းလွန်အ ဆင့်များတွင် ကလေးများ ပညာသင်ယူတတ်မြောက်နိုင်စွမ်း သည် အားနည်းနေသည်ကို |

[၃] အရည်အသွေးနိမ့်သော သင်ယူတတ်မြောက်ခြင်းဆိုသည်မှာ သဘောတရား နားလည်စေသော သင်ကြား-သင်ယူမှု မဟုတ်ဘဲ စာကို နှုတ်တိုက်မှတ်ဉာဏ်တွင် ရိုက်သွင်း-ကျက်ခြင်းနည်းဖြင့် သင်ကြား-သင်ယူခြင်း။

[၄] အရည်အသွေးရှိသော သင်ယူတတ်မြောက်ခြင်းဆိုသည်မှာ ကျောင်းသူ-ကျောင်းသားများကိုယ်တိုင် တက်ကြွစွာပါဝင် သင်ယူခြင်း အားဖြင့် သဘောတရားနားလည်ကာ၊ လက်တွေ့ဘဝတွင် အသုံးချနိုင်သည့် စွမ်းရည်အဆင့်အထိရရှိခြင်း။ ကျိုးကြောင်းဆင်ခြင် တတ်ခြင်း၊ တက်ကြွစိတ်ဝင်စားစွာ မေးခွန်းများမေးတတ်ခြင်းဖြင့် သင်ယူခြင်းကို အကျိုးရှိပျော်ရွှင်စွာ လုပ်ဆောင်နိုင်ပြီး၊ တစ်ဦးနှင့် တစ်ဦး အပြန်အလှန် ပေါင်းသင်းဆက်ဆံခြင်းအကျိုးကို ရရှိခြင်း။

| စီမံချက်အမည် | သင်ကြားမှုအရည်အသွေးနှင့် သင်ယူမှုအရည်အသွေးကို မြှင့်တင်ရန်နှင့် ချင်းပြည်နယ်တွင် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းပညာရေး၏ (အငယ်တန်းအဆင့်များ)တွင်ကျောင်းထွက်နှုန်းများ လျော့ကျစေရန် ဆောင်ရွက်ခြင်းစီမံချက် |
|---|---|

ကွင်းဆင်းလေ့လာမှုမှ အဓိက ကိစ္စရပ်ဟု သတ်မှတ်ခဲ့ပါသည်။ ကျောင်းသူ၊ ကျောင်းသားများ၏ ကျောင်းနေသက်နှင့် အတန်းအဆင့် လိုက်ဖက်ညီခြင်း မရှိသည်ကို ကျေးရွာများတွင်ပိုမိုတွေ့ရပြီး မူလတန်းလွန်၊အ လယ်တန်း+ အထက်တန်း အငယ်တန်းများတွင် ကျောင်းထွက်ကြပါသည်။ သင်ကြား ရေးဆရာ၊ဆရာမများ မလုံလောက်ခြင်းနှင့် ကျောင်းသူ၊ ကျောင်းသားများ၏သင်ယူတတ်မြောက်မှုကို ထိရောက်သော ဆန်းစစ်ခြင်း မလုပ်နိုင်ခြင်း တို့သည်အဓိက ပြဿနာဖြစ်နေပြီး တစ်ပြိုင်နက်တည်းမှာပင် ကျောင်းတွင် သင်ယူရရှိခဲ့သည့် သင်ခန်းစာများသည် ကလေးတို့၏ လက်တွေ့ဘဝနယ် ပယ်တွင်အသုံးမချနိုင်ခြင်း၊ ကလေးများ၏ ကြောင်း

ကျိုးဆင်ခြင်နိုင်မှု သဘောတရားကို မြှင့်တင်မပေးနိုင်ပါ။ ဉာဏစွမ်းရည် ဖွံ့ဖြိုးမှုကိုအားပေးသည့် ကျိုးကြောင်းဆင်ခြင် တတ်ခြင်း၊ ဆင့်ပိုမြင့် ရာတွင် အစီအစဉ်တကျ တွေးခေါ် ခြင်း(HOTS)၊ မေးခွန်းမေးဆွေးနွေးခြင်း စသည် တို့ကိုမဖြစ်စေဘဲနှုတ်တက်အာဂုဏ်ဆောင် (အလွတ်ကျက်မှတ်ခြင်း) သင် ကြား -သင်ယူမှုသာ ရှိပါသည်။ ပညာရေးအဖွဲ့၏ ကွင်းဆင်း လေ့လာမှုမှ အောက်ပါအချက်များ တွေ့ရှိခဲ့ပါသည်။

(က) ကလေးများသည် သင်ယူပြီးဖြစ်သော ပုံနှိပ်စာအုပ်ပါသင်ခန်း စာများ မှ အဓိကစကားလုံးအစုအဝေးများ/လက်တွေ့အသုံးချနိုင်မည့် သဘော ထားများကို ကောင်းစွာနားမလည် ကြပါ။

(ခ) ဆရာ၊ဆရာမများတွင် အရည်အသွေးပြသင်ကြား-သင်ယူမှု နည်းလမ်း အလေ့အကျင့်များကို သိရှိနားလည်သူ အနည်းအကျဉ်းသာ ရှိကြပါသည်။ (ဆိုလိုသည်မှာ သင်ခန်းစာကို သဘောပေါက်နားလည်ခြင်းနှင့် လက်တွေ့ နှင့် ဆက်စပ်နားလည်ခြင်း)။

- လူသားအရင်းအမြစ်၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ သဘောတရား ပိုင်းဆိုင်ရာ ပြောင်းလဲတွေးခေါ်နိုင်ခြင်း၊ အသိပညာဗဟုသုတများ တိုးပွားစေခြင်းတို့အတွက် လုပ်ဆောင်ပေးရန်လိုအပ်ပါသည်။ ခရိုင်/ မြို့နယ်/ကျေးရွာအဆင့်များရှိ စာကြည့်တိုက်များတွင် အရင်းအမြစ်များ ရှိမှုနှင့် အသုံးချ နိုင်မှုတို့ကို အလေးဂရုပြုရန်လိုသည်။
- မှတ်ချက် - ကန်ပက်လက်တွင် မူလတန်းလွန်ကျောင်း အနည်းငယ်မျှ သာ ရှိသောကြောင့် မူလတန်းကျောင်းများအတွက်သာ ဖြစ်ပါသည်။

**မျှော်မှန်းရလဒ်**

- မူလတန်းနှင့် မူလတန်းလွန်အဆင့်နှစ်ရပ်လုံးရှိ ကျောင်းသူ၊ ကျောင်း သားများ၏ သင်ယူတတ်မြောက်နိုင်မှုစွမ်းရည် တိုးမြှင့်လာစေရန်၊
- သင့်လျော်သောပိုမိုစိတ်ဝင်စားဖွယ် ကောင်းသောသင်ယူခြင်း ပတ်ဝန်း ကျင်ဖန်တီးရန်၊
- အရည်အသွေးပြ ပညာရေးနည်းလမ်းကျင့်သုံးနိုင်ရန်၊
- အလယ်တန်းနှင့် အထက်တန်းအဆင့်များတွင် ကျောင်းထွက်ခြင်းနှုန်း ကျဆင်းစေရန်၊

| စီမံချက်အမည် | သင်ကြားမှုအရည်အသွေးနှင့် သင်ယူမှုအရည်အသွေးကို မြှင့်တင်ရန်နှင့် ချင်းပြည်နယ်တွင် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းပညာရေး၏ (အငယ်တန်းအဆင့်များ)တွင်ကျောင်းထွက်နှုန်းများ လျော့ကျစေရန် ဆောင်ရွက်ခြင်းစီမံချက် |
|---|---|

- သင်ကြားရေးဆရာ၊ဆရာမများ လုပ်ငန်းခွင်တွင်မြဲအောင် ဆောင်ကျဉ်းနိုင်သည့် ပိုမိုစိတ်ဝင်စားဖွယ်ကောင်းသော သင်ကြားရေးပတ်ဝန်းကျင် တစ်ခု ဖြစ်စေရန်၊

**လတ်တလောရလဒ်**

- အရည်အသွေးပြသင်ကြားမှုကို လေ့ကျင့်ပေးထားသော မူလတန်းနှင့် မူလတန်းလွန်အဆင့်သင်ကြားရေးဆရာ/ဆရာမများ၏အကျိုးထိရောက်သောသင်ကြားမှုကြောင့် ကျောင်းသူ၊ ကျောင်းသားများ၏ သင်ယူတတ်မြောက်နိုင်စွမ်းရည် ပြောင်းလဲတိုးတက်လာခြင်း၊
- ကျောင်းသူ၊ ကျောင်းသားများ၏ သင်ယူတတ်မြောက်နိုင်စွမ်း တိုးတက်ခြင်းများကို အရည်အသွေးပိုင်းဆိုင်ရာတွင် မြင်တွေ့ ရခြင်း၊
- စာသင်ကျောင်းများ၊ ဆရာ/ဆရာမများ၊ ကျောင်းသူ/ ကျောင်းသားများ၊ မိဘများနှင့် ပြည်သူလူထုတို့သည် ကလေးများ၏ ပညာရေးနှင့် သက်ဆိုင်သည့် သဘောထားနှင့် တတ်မြောက်နိုင်ခြင်း အကဲဖြတ်မှု သဘောတရားများ မှန် ကန်လာစေခြင်း။(စာတတ်တစ်ယောက်ဖြစ်ခြင်းထက် ပညာတတ်တစ်ယောက် ဖြစ်စေရမည်ဆိုသည့် တွေးခေါ်မျှော်မြင်မှုများ ရှိလာစေရန်)
- မိဘနှင့်ဆရာ ပူးပေါင်းဆောင်ရွက်ရမည်ဆိုသည့် အသိနိုးကြားလာစေခြင်းကို အထူးသဖြင့် ကျေးရွာများတွင် ဖြစ်ပေါ်စေရန်။

**ရလဒ်အညွှန်းကိန်း**

- သင်ကြားရေးဆရာ၊ ဆရာမများကို အရည်အသွေးပြ သင်ကြားရေးအလုပ်ရုံ ဆွေးနွေးပွဲများ/သင်တန်းများပေးရာတွင် ဆရာ၊ဆရာမများ၏ လက်တွေ့လုပ်ဆောင်ရမည့် သင်ကြား-သင်ယူမှု ဗဟုသုတ၊ လုပ်နိုင်စွမ်းရည်များ ပြောင်းလဲတိုးတက်လာခြင်း (သင်တန်းမတက်မီ အခြေခံအညွှန်းကိန်းများနှင့် သင်တန်းပြီးဆုံး အညွှန်းကိန်းများ နှိုင်း ယှဉ်မှု)၊
- စီမံချက်မစတင်မီ အခြေအနေ (အခြေခံအညွှန်းမှတ်များ)နှင့် အရည်အသွေးပြသင်ကြားရေးစီမံချက် ရယူပြီး အခြေအနေများ (အဆုံးသတ်အညွှန်းမှတ်များ) နှိုင်းယှဉ်ဆန်းစစ်ခြင်းတွင် ကျောင်းသူ၊ ကျောင်းသားများ၏ စာသင်ခန်းတွင်း သင်ယူမှုပုံစံ၊ စိတ်ပါဝင်စားမှု၊ အတန်းစာတွင် ပျော်ရွှင်မှု၊ အရည်အသွေးပြ သင်ယူတတ်မြောက်ခြင်း စသည့်အခြေအနေများတွင် သိသာစွာ ပြောင်းလဲတိုးတက်လာခြင်း၊
- စာသင်ကျောင်းများ၊ ဆရာ/ဆရာမများ၊ ကျောင်းသူ/ ကျောင်းသားများ၊ မိဘများနှင့် ပြည်သူလူထုတို့သည် ကလေးများ၏ ပညာရေးနှင့် သက်ဆိုင်သည့် သဘောထားနှင့် ကျောင်းနေခြင်းတို့အပေါ် အကျိုးမြင်လာခြင်းကို အလုပ်ရုံဆွေးနွေးပွဲ အကြိုနှင့်အပိတ် ဆန်းစစ်ချက်များတွင် သိသာစွာ တွေ့ရခြင်း၊
- မိဘများ အထူးသဖြင့် ကျေးရွာများတွင် မိဘ-ဆရာပူးပေါင်း ဆောင်ရွက်ရမည်ဆိုသော အသိနိုးကြားမှုကို အလုပ်ရုံဆွေးနွေးပွဲ အကြိုနှင့်အပိတ် ဆန်းစစ်ချက်များတွင် သိသာစွာတွေ့ရခြင်း၊

| စီမံချက် အမည် | သင်ကြားမှုအရည်အသွေးနှင့် သင်ယူမှုအရည်အသွေးကို မြှင့်တင်ရန်နှင့် ချင်းပြည်နယ်တွင် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းပညာရေး၏ (အငယ်တန်းအဆင့်များ)တွင်ကျောင်းထွက်နှုန်းများ လျော့ကျစေရန် ဆောင်ရွက်ခြင်းစီမံချက် |
|---|---|

ဆောင်ရွက်ချက်များ

**စွမ်းဆောင်ရည်မြှင့်တင်ခြင်း**

- အရည်အသွေးပြ သင်ကြား-သင်ယူမှုအတွက် ထိရောက်သော စွမ်းရည်ပြည့် သင်ကြားခြင်းနည်းလမ်းဗဟုသုတနှင့် သင်တန်းများ (သင်ထောက်ကူပစ္စည်းများနှင့် ကျွမ်းကျင်စွာ အသုံးပြုတတ်ရေးစွမ်းရည်မြင့်များလည်း ပါဝင်ရမည်)
- သင်တန်းအကြံပေးပညာရှင်များနှင့် ဆရာဖြစ်သင်တန်းပို့ချ မည့်သူများ ခန့်အပ်ခြင်း၊
- သင်တန်းလက်စွဲများနှင့် သင်ကြား-သင်ယူထောက်ကူ ပစ္စည်းများ ပြင်ဆင်ခြင်း၊
- သင်ကြားရေးဆရာ၊ဆရာမများကို ထပ်ဆင့်သင်တန်းပို့ချ နိုင်မည့် ဆရာဖြစ်သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း (သင်တန်းများကို မည်သို့ဖော်ဆောင် မည်ဆိုသည့် နည်းလမ်းနှင့် ပတ်သက် သည့် ပို့ချချက်လည်း ပါဝင်ရမည်)
- အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်စာသင် ကျောင်းများ၊ လူထုအခြေပြု လူမှုအဖွဲ့များ စသည်တို့မှ သင်ကြားရေးဆရာ၊ ဆရာမများသည် သင်ကြား-သင်ယူနည်းများကို ပိုင်းခြားသုံးသပ်ဆင်ခြင် တတ်ခြင်း၊ လက်တွေ့အသုံးချ လေ့ကျင့်ခန်းများကို ကျွမ်းကျင်ခြင်း များကို အလုပ်ရုံဆွေးနွေးပွဲ အကြိုနှင့်အပိတ် ဆန်းစစ်ချက်များနှင့် ဆန်းစစ်ခြင်း၊
- ကျောင်းအုပ်စုအလိုက်အဖွဲ့များတွင် ထူးချွန်သော၊ စွမ်းရည်မြင့်သော ဆရာ၊ဆရာမများကို ၅ယောက်မှ ၆ယောက်အတွင်းစီ ရွေးချယ်ထားခြင်းဖြင့်နောင်တွင် ဆင့်ပွားသင်တန်း များပို့ချပါကဆရာအဖြစ် ခန့်အပ်နိုင်ခြင်းဖြင့် ရေရှည် တည်တံ့ရေးကို ဖြစ်စေခြင်း၊
- စာကြည့်တိုက် မရှိသော နေရာများနှင့် စာကြည့်တိုက် ရှိသော်လည်း ပစ္စည်း အရင်းအမြစ် ရှားပါးသော နေရာများသို့ အရင်းအမြစ်များ ဖြန့်ဝေခြင်း၊
- စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် ဆန်းစစ်ခြင်းများကို ဝေဖန်အကြံပေးမှုများအပေါ် မူတည်ကာ ပြောင်းလဲဖော်ဆောင်ခြင်းနှင့် အတူလုပ်ဆောင်ခြင်း၊

**ပြောင်းလဲခြင်းနှင့် တိုးတက်ခြင်းတို့အတွက် အထောက်အထား အညွှန်းများ (စာသင်ကျောင်း/စာသင်ခန်းအဆင့်)**

- စာသင်ခန်းတွင်း သင်ကြား-သင်ယူမှု အလေ့အကျင့်ပြောင်း လဲခြင်းနှင့် အရည်အသွေးပြ သင်ကြားခြင်းတွင် တိုးတက် တတ်မြောက်ခြင်း၊
- ကျောင်းသူ၊ကျောင်းသားများ၏ စာသင်ခန်းတွင်း သင်ယူမှုပုံစံ၊ စိတ်ပါဝင်စားမှု၊ သင်ယူမှုတွင် ပျော်ရွှင်မှုနှင့် အရည် အသွေးပြသင်ယူခြင်းတွင် အခြေခံအညွှန်းမှတ်နှင့် အဆုံးသတ်ညွှန်းမှတ်များ နှိုင်းယှဉ်ဆန်းစစ်ခြင်း တိုးတက်ခြင်း၊

| စီမံချက် အမည် | သင်ကြားမှုအရည်အသွေးနှင့် သင်ယူမှုအရည်အသွေးကို မြှင့်တင်ရန်နှင့် ချင်းပြည်နယ်တွင် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းပညာရေး၏ (အငယ်တန်းအဆင့်များ)တွင်ကျောင်းထွက်နှုန်းများ လျော့ကျစေရန် ဆောင်ရွက်ခြင်းစီမံချက် | |
|---|---|---|
| | | **သဘောထား/ရှုထောင့်အမြင်များပြောင်းလဲလာခြင်း**<br>- ကလေးများ၏ ပညာရေးနှင့် သက်ဆိုင်သည့် သဘောထားနှင့်တတ်မြောက်နိုင်ခြင်း အကဲဖြတ်မှု သဘောတရားများ မှန်ကန်လာခြင်း။<br>- စာသင်ကျောင်းများ၊ ဆရာ/ဆရာမများ၊ ကျောင်းသူ/ ကျောင်းသားများ၊ မိဘများနှင့် ပြည်သူလူထုတို့အတွက် သဘောတရားဖလှယ်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊<br>- အလုပ်ရုံဆွေးနွေးပွဲအဖွင့်နှင့်အပိတ် ဆန်းစစ်ချက်များ၊ အသိပညာပေး လုပ်ငန်းများ ဖေါ်ဆောင်ခြင်း၊<br>- မိဘနှင့်ဆရာ ပူးပေါင်းဆောင်ရွက်ခြင်းများ၊<br>- မိဘများအကြား အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများ၊<br>- အလုပ်ရုံဆွေးနွေးပွဲ အဖွင့်နှင့်အပိတ် ဆန်းစစ်ချက်များ၊<br><br>**အကျိုးခံစားရရှိမည့်သူများ**<br>ချင်းပြည်နယ်၊ မြို့နယ်အသီးသီးမှ မူလတန်းနှင့် မူလတန်းလွန်အဆင့်များရှိ သင်ကြားရေးဆရာ၊ဆရာမ ကိုယ်စားပြုအုပ်စုများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ မိဘများနှင့် ပြည်သူလူထုများ (ကျေးရွာများကိုယ်စားပြု ပူးပေါင်းပါဝင်မှုများနှင့်)။ ကနဦး ဦးတည်မှန်းဆချက်အရ ဆရာ -ဆရာမ ၆,၀၀၀ဦး၊ ကျောင်းအုပ်ကြီးများ ၁,၅၀၀ဦး၊ ကိုယ် စားပြုရွေးချယ်ထားသည့် ကျောင်းသူ၊ ကျောင်းသားများ မိဘများ ၅,၀၀၀ဦး၊ ပြည်သူလူထု ၃,၀၀၀ခန့်။ |
| | အကောင် အထည်ဖော် ဆောင်ရွက်ခြင်း | - စီမံချက်ကို ဦးဆောင်ဖေါ်ဆောင်မည့်အဖွဲ့အစည်း- ချင်းပြည်နယ် အစိုးရ၊ ယူနီဆက်။<br><br>**အဓိကပါဝင်ပါတ်သက်သူများ-**<br>လူထုအခြေပြု အဖွဲ့အစည်းများ တည်ရာဌာနများ (ဥပမာ- ဖလန်းနှစ်ခြင်းခရစ်ယာန်ကျောင်း၊ ချင်းဖောင်ဒေးရှင်း (ဟားခါး +ထန်တလန်)၊ ဗြိတိသျှကောင်စီ၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့များ (Pestalozzi Children’s Foundation)၊ NGO များ၊ ပုဂ္ဂလိကစာသင်ကျောင်းများ (ဥပမာ - Religious Private - Cornerstone Children Academy၊ တီးတိန်)၊ ပညာရေးပြုပြင် ပြောင်းလဲရေးအတွက် အမျိုးသားအဆင့်ကွန်ယက်၊ (ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ- ADB, EU, AUSaid, OSI စသည်) |
| ဘဏ္ဍာရေး ဆိုင်ရာ သတင်း အချက် အလက်များ | ဘတ်ဂျက် | **လုပ်ငန်းရပ်** \| **ခန့်မှန်းကုန်ကျစရိတ်(အမေရိ ကန်ဒေါ်လာ)**<br>နည်းပညာအထောက်အကူနိုင်ငံသားအကြံပေးများ (တစ်လလျှင် US$ ၃၀၀၀ဖြင့်၂၄လ) \| ၇၂,၀၀၀ |

| စီမံချက်အမည် | သင်ကြားမှုအရည်အသွေးနှင့် သင်ယူမှုအရည်အသွေးကို မြှင့်တင်ရန်နှင့် ချင်းပြည်နယ်တွင် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းပညာရေး၏ (အလယ်တန်းအဆင့်များ)တွင်ကျောင်းထွက်နှုန်းများ လျော့ကျစေရန် ဆောင်ရွက်ခြင်းစီမံချက် | | |
|---|---|---|---|
| | | အပြည်ပြည်ဆိုင်ရာအကြံပေးပညာရှင်-စီမံချက်ဖေါ်ဆောင်ခြင်းနှင့် ကြီးကြပ်ခြင်း (တစ်လလျှင် US$ ၁၅၀၀၀ ဖြင့် ၆လ) | ၉၀,၀၀၀ |
| | | အဖွဲ့ခေါင်းဆောင်- နိုင်ငံသား အကြံပေး ပညာရှင် (တစ်လလျှင် US$၂၀၀၀ဖြင့်၃၆လ) | ၇၂,၀၀၀ |
| | | မြို့နယ်အဆင့်သင်တန်းဆရာများနှင့်စီမံချက်အရာရှိများ-နိုင်ငံသားအကြံပေးများ (၉ ဦး ကို တစ်လလျှင် US$ ၂၀၀၀ ဖြင့် ၂၄လ) | ၄၃၂,၀၀၀ |
| | | သင်တန်းထောက်ကူပစ္စည်းများ | ၂၀,၀၀၀ |
| | | သင်တန်းစာအုပ်စာတမ်းများ ပုံနှိပ်ခြင်း | ၄၀,၀၀၀ |
| | | ပြည်နယ်နှင့် မြို့နယ်အဆင့်အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းများ | ၆၀,၀၀၀ |
| | | သယ်ယူပို့ဆောင်ရေးအထောက်အကူနှင့်ခရီးစရိတ်များ | ၃၀,၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သောကုန်ကျစရိတ်မပါ) | ၈၁၆,၀၀၀ |
| | | မမျှော်မှန်းနိုင်သော ကုန်ကျစရိတ်၁၀%ထပ်ပေါင်းခြင်း | ၈၄,၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | **၉၀၀,၀၀၀** |
| | ဘတ်ဂျက်ကြိုတင်မှန်းဆချက်များ | ဖော်ပြရန်မရှိပါ။ | |
| အခြားအချက်အလက်များ | အမျိုးသားအဆင့်မူဝါဒ၊မဟာဗျူဟာများနှင့် ကိုက်ညီခြင်း | စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှုများ မူဘောင်[၅]သည် ပညာရေးဝန်ဆောင်မှုကို ဦးစားပေးပြီး ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုကြောင်း အသိအမှတ်ပြုသည်။ မြန်မာနိုင်ငံ တော်အစိုးရသည် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး မူဝါဒနှင့် မဟာဗျူဟာကို ဖေါ်ဆောင်ရာတွင် အရေးအတွက်သာမက အရည်အချင်းတိုးမြှင့်ရေးကို ဦးတည်သည်။ | |
| | စောင့်ကြည့်လေ့လာခြင်း | ဖော်ပြရန် မရှိပါ။ | |

[၅] (FESRအမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ရေရှည်ပန်းတိုင်များဆီသို့ဦးတည်သော ၂၀၁၂-၂၀၁၅ခုနှစ်ဦးစားပေးမူဝါဒများ) (၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက် - မူကြမ်း) မှ ကောက်နှုတ်သည်။

## ၁.၂။ ကလေးများ၏ လိုအပ်ချက်များ ပြည့်မီစေရေးနှင့် ကလေးသူငယ် အခွင့်အရေးများ ကာကွယ်ရေးစီမံချက်များ

### ၁.၂.၁။ ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးနှင့် စောင့်ရှောက်ရေး (ECCD) များ အရည်အသွေး ပြည့်မီရေးနှင့် ကလေးများလက်လှမ်းမီတက်ရောက်နိုင်ရေး။

| စီမံချက် အမည် | ချင်းပြည်နယ်တွင် ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးနှင့် စောင့်ရှောက်ရေး (ECCD) ဝန်ဆောင်မှု လုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် ကလေးများ လက်လှမ်းမီ တက်ရောက်နိုင်ခြင်းကို မြှင့်တင်ခြင်း။ | |
|---|---|---|
| သတ်မှတ်ချက် | ပဓါနနယ်ပယ် | ပညာရေး |
| | တည်နေရာ | အရည်အသွေးမီရရေး-ချင်းပြည်နယ်အရည်အတွက်တိုးချဲ့ရေး -မင်းတပ်နှင့် ကန်ပက်လက် မြို့နယ်များ |
| | စုစုပေါင်းဘတ်ဂျက် | အမေရိကန်ဒေါ်လာ ၉၀၀,၀၀၀ |
| | စီမံချက်ကာလ | ၅ နှစ် |
| စီမံချက် အကြောင်း အရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးဆိုင်ရာရည်ရွယ်ချက်**<br>ချင်းပြည်နယ်ရှိ ECCD မူကြိုကျောင်းများ အရည်အသွေးမီ လုပ်ဆောင်နိုင်ခြင်းနှင့် အရေအတွက်အနဲဆုံးဖြစ်နေသည့် မြို့ နယ်(၂)မြို့နယ်တွင် အရေအတွက် တိုးချဲ့နိုင်ခြင်း။<br><br>**လတ်တလောရည်ရွယ်ချက်များ**<br>- ချင်းပြည်နယ်အခြေအနေ၊ ယဥ်ကျေးမှုနှင့် ကိုက်ညီသော ECCD စနစ်/စံညွှန်းများ ဖေါ်ဆောင်ရန်၊<br>- မင်းတပ်မြို့နယ်ရှိ ကျေးရွာများတွင် ECCD မူကြိုကျောင်းများ ဖွင့်လှစ်ရန်နှင့် ကန်ပက်လက်မြို့နယ် ကျေးလက်ဒေသများတွင် မူကြိုကျောင်းများ တိုးချဲ့ဖွင့်လှစ်ရန်၊ |
| | စီမံချက်၏ ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအခြေအနေ**<br>ချင်းပြည်နယ်၌ ECCD မူကြိုကျောင်းဝန်ဆောင်မှုပေးသူ အမျိုးအစား (၄)မျိုးရှိသည်ဟု ခြုံ၍ဆိုနိုင်ပါသည်။ ခရစ်ယာန်ကျောင်း အခြေပြု အသင်းအဖွဲ့များ၊ ဘာသာရေးအခြေပြု (လူထုအခြေပြု)၊ ပညာရေးဝန်ကြီးဌာန (စာသင်ကျောင်း အခြေပြု)၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပုဂ္ဂလိက ဝန်ဆောင်မှုပေးသူများတို့ ဖြစ်ပါသည်။ လတ်တလောကာလ ချင်းပြည်နယ်တွင် ECCD မူကြိုကျောင်း ဝန်ဆောင်မှုလုပ်ငန်းများကို ဘာသာရေး အခြေပြု အဖွဲ့အစည်းများက အများအပြား ဆောင်ရွက်လျှက်ရှိပါသည်။<br>ကွင်းဆင်းလေ့လာမှုမှ တွေ့ရှိခဲ့သည်မှာ ချင်းပြည်နယ်ရှိ မြို့နယ် (၆)မြို့နယ် (ဟားခါး၊ ထန်တလန်၊ တီး တိန်၊ ဖလမ်း၊ မင်းတပ်နှင့် ကန်ပက်လက်) တွင် အနည်းဆုံး(၂) မြို့နယ်၊ အထူးသဖြင့် ကျေးရွာများတွင် ECCD မူကြိုကျောင်း အရေအတွက် အကန့်အသတ်ဖြင့်သာ လည်ပတ်နေပါ သည်။ မင်းတပ် မြို့နယ်သည် ECCD မူကြိုကျောင်း ဝန်ဆောင်မှုလုပ်ငန်း ရရှိ မှုတွင် နောက်ကျန်နေခဲ့ပါသည်။ ထို့အပြင် ကန်ပက်လက်မြို့ နယ်ရှိ ကျေးရွာများ၏ သုံးပုံတစ်ပုံခန့်တွင်သာ ECCD မူကြို ကျောင်းဝန်ဆောင်မှု လုပ်ငန်း ရှိပါသည်။ ကန်ပက်လက်တွင် ယူနီဆက်မှထောက်ပံ့သည့် မူကြို |

| စီမံချက် အမည် | ချင်းပြည်နယ်တွင် ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးနှင့် စောင့်ရှောက်ရေး (ECCD) ဝန်ဆောင်မှု လုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် ကလေးများ လက်လှမ်းမီ တက်ရောက်နိုင်ခြင်းကို မြှင့်တင်ခြင်း။ | |
|---|---|---|
| | | ကျောင်းဝန် ဆောင်မှုလုပ်ငန်း တွေ့ရပါသည်။<br>ယေဘူယျအားဖြင့် မြို့နယ်(၆)မြို့နယ် အထူးသဖြင့် ကျေးရွာများတွင် ECCD မူကြိုကျောင်း ဝန်ဆောင်မှုလုပ်ငန်းကို အရေအတွက်အရ ချဲ့ထွင်ရန်လိုအပ်နေပါသည်။ ချင်းပြည်နယ် လူမှုဘဝ အခြေအနေများအရ မိမိတို့ ကျေးရွာဒေသများတွင် ECCD မူကြိုကျောင်းများ ရှိသည်ဆိုသော်လည်း လက်လှမ်းမီ တက်ရောက်နိုင်ခြင်း မရှိသည်များကိုလည်း တွေ့ရသည်။<br>အထက်ဖေါ်ပြပါ အခြေအနေများမှ ပြသနေသည်မှာ မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်ရှိ ကျေးရွာများတွင် မူကြိုကျောင်းများ တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်နေပါသည်။<br>ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးနှင့် စောင့်ရှောက်ရေး ထိရောက်စေရန်အတွက် ချင်းပြည်နယ်၏ အခြေအနေ၊ ယဉ်ကျေးမှုနှင့် ကိုက်ညီသည့် ECCD စနစ်များနှင့် စံညွှန်းများ ဖေါ်ဆောင်သွားရန်လည်း လိုအပ်ပါသည်။<br><br>**မျှော်မှန်းရလဒ်**<br>- ECCD မူကြိုကျောင်းများ၏ အရည်အသွေးအတွက် ချင်းပြည်နယ် အခြေအနေ၊ ယဉ်ကျေးမှုနှင့်ကိုက်ညီသော ECCD စနစ်/စံညွှန်းများကို ရေးဆွဲဖေါ်ဆောင်ခြင်း၊<br>- မင်းတပ်မြို့နယ်ရှိ ကျေးရွာများတွင် မူကြိုကျောင်း အရေအတွက် သိသာစွာ တိုးလာခြင်း၊<br>- ကန်ပက်လက်မြို့နယ် ကျေးလက်ရွာများတွင် မူကြိုကျောင်း အရေအတွက် တိုးလာခြင်း၊<br>- မူကြိုကျောင်း လက်လှမ်းမီတက်ရောက်နိုင်ခြင်းနှင့် အခြေခံ ပညာမူလတန်းကျောင်း တက်ရောက်နိုင်ရေးတို့တွင် သာတူညီမျှခြင်းနှင့် အားလုံးပါဝင်နိုင်ခြင်း အကျိုးများခံစားရရှိ ခြင်း၊<br><br>**ရလဒ်အညွှန်းကိန်း**<br>- ပညာရေးဝန်ကြီးဌာန၊လူမှုဝန်ထမ်းဦးစီးဌာန၊ခရစ်ယာန်ကျောင်းအခြေပြုအသင်းအဖွဲ့များ၊ ဘာသာရေးအခြေပြု၊ လူထုအခြေပြုနှင့်ပုဂ္ဂလိကဝန်ဆောင်မှုပေးသူများ၊ မူကြိုကျောင်း ဆရာ၊ဆရာမများ၊ မူလတန်းကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ မူကြိုကျောင်း ဝန်ဆောင်မှုပေးနေသော လူမှုရေးအဖွဲ့များ ပါဝင်သော လုပ်ငန်းအဖွဲ့မှ လုပ်ငန်းရလဒ်များ - မူကြိုကျောင်းဝန်ဆောင်မှုတွင် လိုက်နာရမည့် အချက်များ မူဘောင်၊ မူကြိုကျောင်းထားရခြင်း ၏ အကျိုးရလဒ်များ၊ သဘောထားစံနှုန်းများကို ECCD မူကြိုကျောင်းဝန်ဆောင်မှု အရည်အသွေး စံချိန်စံညွှန်းမီရေး များနှင့်ပတ်သက်၍ မျှော်မှန်းချက်များကို ဆွေးနွေးချမှတ် ထားရှိခြင်း၊<br>- အခြေခံညွှန်းမှတ်နှင့် အဆုံးသတ်ညွှန်းမှတ် နှိုင်းယှဉ်ဆန်း စစ်ခြင်းတွင် သိသာသော ပြောင်းလဲတိုးတက်မှုရလဒ်များ- ECCD မူကြိုကျောင်း ဝန်ဆောင်မှုပေးခြင်းနှင့် ရယူခြင်းတွင် ထည့်ဝင်ကြေး၊ လုပ်ငန်းလုပ်ဆောင်မှု၊ အခြေခံပညာ ကျောင်းတွင် သင်ယူတတ်မြောက်နိုင်ခြင်း |

| စီမံချက် အမည် | ချင်းပြည်နယ်တွင် ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးနှင့် စောင့်ရှောက်ရေး (ECCD) ဝန်ဆောင်မှု လုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် ကလေးများ လက်လှမ်းမီ တက်ရောက်နိုင်ခြင်းကို မြှင့်တင်ခြင်း။ | |
|---|---|---|
| | | အခြေအနေ၊ လုပ်ငန်းရလဒ်များ စသည်တို့ကို ဆန်းစစ်ရာတွင် အကျိုးရှိသော ပြောင်းလဲ/တိုးတက်မှုများ ရရှိခြင်း၊<br>- မင်းတပ်မြို့နယ်ရှိ ကျေးရွာများတွင် မူကြိုကျောင်း အရေအတွက် သိသာစွာ တိုးလာခြင်း၊<br>- ကန်ပက်လက်မြို့နယ် ကျေးလက်ရွာများတွင် မူကြိုကျောင်း အရေအတွက် တိုးလာခြင်း၊ |
| | ဆောင်ရွက်ချက်များ | - ချင်းပြည်နယ်အခြေအနေ၊ ယဉ်ကျေးမှုနှင့် ကိုက်ညီသည့် ECCD နည်းလမ်း/စံညွှန်းများ ရေးဆွဲဖော်ဆောင်ရန် နည်း ပညာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း၊<br>- နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း (အမျိုးသားအဆင့် ECCD ဥပဒေကို မူတည်စဉ်းစားမည်)၊<br>- နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးမှုရလဒ်များကို လက်တွေ့ အကောင်အထည်ဖော်ရာတွင် အသုံးချခြင်း၊<br>- အရည်အသွေးပြည့်မှီသော ECCD မူကြိုကျောင်းထားရခြင်း သဘောထား (ထည့်ဝင်ကြေး၊ လုပ်ငန်းလုပ်ဆောင်မှု၊ အခြေခံပညာကျောင်းတွင် သင်ယူတတ်မြောက်နိုင်ခြင်း အခြေအနေ၊ လုပ်ငန်းရလဒ်များ စသည်တို့ကို)ကို ဆန်းစစ်ရာတွင် အခြေခံညွှန်းမှတ်နှင့် အဆုံးသတ်ညွှန်းမှတ်များ တိုးတက်ပြောင်းလဲ ရရှိခြင်း၊ (အခြေခံညွှန်းမှတ်အတွက် အချက်အလက်ကောက်ခြင်းကို အသစ်ပြုပြင်ထားသော ECCD မူကြိုကျောင်းစနစ်နည်းလမ်း မစတင်မှီနှင့်အဆုံးသတ်ညွှန်းမှတ်အတွက် အချက်အလက်ကောက်ခြင်းကို အသစ်ပြုပြင်ထားသော ECCD မူကြိုကျောင်းစနစ် ကျင့်သုံးပြီး အနဲဆုံး (၃)လအကြာတွင်လုပ် ဆောင်မည်။)<br>- မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်များရှိ ကျေးရွာများတွင် မူကြိုကျောင်းသစ်များ ဖွင့်လှစ်ခြင်းနှင့် မူကြိုကျောင်းများကို အခြေခံ သင်ထောက်ကူနှင့် ဆော့ကစား သည့်ပစ္စည်းများ ဖြန့်ဝေခြင်း၊<br>- အသစ်ခန့်အပ်ထားသော မူကြိုကျောင်း ဆရာ၊ ဆရာမများ အတွက် ECCD သင်တန်း/အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ပေးခြင်း၊<br><br>**အကျိုးခံစားရရှိမည့်သူများ**<br>- ချင်းပြည်နယ်တွင်းရှိ ECCD ဝန်ဆောင်မှုပေးသူများအား လုံး၊<br>- ချင်းပြည်နယ်တွင်းရှိ မူကြိုတက်ရောက်သည့် ကလေးများ အားလုံး၊<br>- မင်းတပ်မြို့နယ်မှ ကျေးရွာများ၊<br>- ကန်ပက်လက်မြို့နယ်မှ ကျေးရွာများ၊ |
| | အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | - စီမံချက်ကို ဦးဆောင်ဖော်ဆောင်မည့်အဖွဲ့အစည်း- ချင်းပြည်နယ် အစိုးရ၊ ယူနီဆက်။ |

| စီမံချက် အမည် | ချင်းပြည်နယ်တွင် ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးနှင့် စောင့်ရှောက်ရေး (ECCD) ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် ကလေးများ လက်လှမ်းမီ တက်ရောက်နိုင်ခြင်းကို မြှင့်တင်ခြင်း။ | |
|---|---|---|
| | | **အဓိကပါဝင်ပါတ်သက်သူများ -**<br>ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ Save the Children၊ ခရစ်ယာန်ကျောင်း အခြေပြုအသင်းအဖွဲ့များ၊ ECCD မူကြိုကျောင်း ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (KMSS ၊ ရင်သွေးသမဂ္ဂ) ဘာ သာရေးအခြေပြု (လူထုအခြေပြု) နှင့် ပုဂ္ဂလိက ဝန်ဆောင်မှု ပေးသူများ၊ မူကြိုကျောင်း ဆရာ၊ ဆရာမများ၊ မူလတန်း ကျောင်းအုပ်ကြီးများနှင့် လူထုအခြေပြုအဖွဲ့အရင်းအမြစ်ဌာနများ၊ (ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ- ADB, EU, AUSaid, OSI စသည်) |
| ဘဏ္ဍာရေးဆိုင်ရာ သတင်း အချက်အလက်များ | ဘတ်ဂျက် | (ဘတ်ဂျက်ဇယား အောက်တွင်) |
| | ဘတ်ဂျက်ကြိုတင် | |

| **လုပ်ငန်းရပ်** | **ခန့်မှန်းကုန်ကျစရိတ်(အမေရိကန်ဒေါ်လာ)** |
|---|---|
| အပြည်ပြည်ဆိုင်ရာအကြံပေးပညာရှင် -စီမံချက်ဖေါ်ဆောင်ခြင်း (တစ်လလျှင် US$ ၁၅၀၀၀ ဖြင့် ၃လ) | ၄၅,၀၀၀ |
| အဖွဲ့ခေါင်းဆောင်-နိုင်ငံသားအကြံပေးပညာရှင် (တစ်လလျှင် US$၂၀၀၀ ဖြင့် ၃၅လ) | ၇၀,၀၀၀ |
| သင်တန်းစာအုပ်စာတမ်းများ ပုံနှိပ်ခြင်း | ၂၀,၀၀၀ |
| ပြည်နယ်နှင့် မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲ/သင်တန်းများ | ၆၀,၀၀၀ |
| သင်တန်းထောက်ကူပစ္စည်းများ | ၃၀,၀၀၀ |
| သယ်ယူပို့ဆောင်ရေးအထောက်အကူနှင့်ခရီးစရိတ်များ | ၂၀,၀၀၀ |
| စီမံချက်မစမီနှင့် ပြီးဆုံးခြင်းကာလများတွင် ဆန်းစစ်အကဲဖြတ်ခြင်း | ၃၀,၀၀၀ |
| မူကြိုကျောင်းအဆောက်အဦသစ်များ ဆောက်လုပ်ခြင်း | ၅၄၅,၀၀၀ |
| စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော ကုန်ကျစရိတ်မပါ) | ၈၂၀,၀၀၀ |
| မမျှော်မှန်းနိုင်သော ကုန်ကျစရိတ် ၁၀%ထပ်ပေါင်းခြင်း | ၈၀,၀၀၀ |
| စုစုပေါင်းဘတ်ဂျက် | **၉၀၀,၀၀၀** |

| စီမံချက်အမည် | ချင်းပြည်နယ်တွင် ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးနှင့် စောင့်ရှောက်ရေး (ECCD) ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် ကလေးများ လက်လှမ်းမီ တက်ရောက်နိုင်ခြင်းကို မြှင့်တင်ခြင်း။ | |
|---|---|---|
| | မှန်းဆချက်များ | **ဖော်ပြရန်မရှိပါ။** |
| အခြားအချက်အလက်များ | အမျိုးသားအဆင့်မူဝါဒ၊မဟာဗျူဟာများနှင့်ကိုက်ညီခြင်း | မြန်မာ့အမျိုးသားပညာရေးစီမံကိန်းများ- အခြေခံပညာ ဖွံ့ဖြိုး တိုးတက်ရေး ရေရှည်စီမံချက်(၂၀၀၁-၂၀၀၂ မှ ၂၀၃၀-၃၀၃၁ ထိ) ကို ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ် ကာလအထိ လွှမ်းခြုံမှုရှိစေရန် နိုင်ငံတော်သမ္မတ၏ ပညာရေးမူဝါဒ(၁၀)ချက်၊ လူတိုင်းအတွက် ပညာရေး အမျိုးသားလုပ်ငန်းစီမံချက် (EFA-NAP)၂၀၀၃-၁၅-(လူတိုင်းအတွက် မူလတန်းပညာရေးကို အကောင်အထည်ဖေါ်ရန် မူဘောင်ကို ဖေါ်ဆောင် သည်)- စသည်တို့နှင့်အညီ မကြာသေးမီက ပြင်ဆင်ခဲ့ပါ သည်။ စီမံကိန်းများမှ အဓိကကဏ္ဍ(၅)ရပ်တွင် ရှေးဦးကလေး သူငယ်ဖွံ့ဖြိုးရေး (ECD) သည် ကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်ပါသည်။ မြန်မာနိုင်ငံတွင် ကလေးသူငယ်များ အခြေခံပညာမူလတန်းကျောင်းများကို လက်လှမ်းမီခြင်း၊ ကျောင်းနေမြဲခြင်း တို့ကို မျှော်မှန်းချက်ထားကာ ECCD စီမံကိန်းကို အကောင် အထည်ဖေါ်ဆောင်ရွက်လျှက် ရှိပါသည်။ |
| | စောင့်ကြည့်လေ့လာခြင်း | ဖော်ပြရန် မရှိပါ။ |

**၁. ၂. ၂။ ချင်းဘာသာစကားသင်ရိုးညွှန်းတမ်းရေးဆွဲခြင်း**

| စီမံချက်အမည် | အခြေခံပညာမူလတန်းပညာရေးတွင် တိုင်းရင်းသားဘာသာစကားဖြင့် သင်ယ ခြင်းကို ပြန်လည်လုပ်ဆောင်နိုင်စေရန် ချင်းဘာသာစကားသင်ရိုးညွှန်းတမ်း တစ် ခု ရေးဆွဲပြင်ဆင်ခြင်း။ | |
|---|---|---|
| သတ်မှတ်ချက် | ပဓါနနယ်ပယ် | အခြေခံပညာရေး |
| | တည်နေရာ | ချင်းပြည်နယ်ရှိ မြို့နယ်အားလုံး |
| | စုစုပေါင်းဘတ်ဂျက် | အမေရိကန်ဒေါ်လာ ၁၅၀,၀၀၀ |
| | စီမံချက်ကာလ | ၁နှစ် |
| စီမံချက်အကြောင်းအရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးဆိုင်ရာရည်ရွယ်ချက်**<br>အခြေခံပညာမူလတန်းတွင် တိုင်းရင်းသား ဘာသာစကားဖြင့် သင်ယူခြင်းကို ပြန်လည်လုပ်ဆောင်နိုင်စေရန် ချင်းဘာသာစ ကားသင်ရိုးညွှန်းတမ်း တစ်ခုကို ယခင်ကအသုံးပြုခဲ့သော သင်ရိုးညွှန်းတမ်းမူကို ပြန်လည်ပြင်ဆင်ခြင်းနှင့် ခေတ်နှင့်အညီ မွမ်းမံခြင်းများ ပြုလုပ်ပြင်ဆင်ခြင်း၊<br><br>**လတ်တလောရည်ရွယ်ချက်များ**<br>ယခင်ကအသုံးပြုခဲ့သောသင်ရိုးညွှန်းတမ်းမူကိုကိုးကားလျှက်-<br>- ချင်းပြည်နယ်တွင် အသုံးပြုနိုင်မည့် ဘုံသင်ရိုးညွှန်းတမ်းပုံ ကြမ်း ရေးဆွဲပြင်ဆင်ခြင်း၊<br>- ဒေသတွင်း/နယ်မြေအလိုက် ကွဲပြားမှုရှိသည့်အတွက် သီးသန့်သင်ရိုးညွှန်းတမ်းပုံကြမ်းကို ဒေသအကြောင်း အရာအလိုက်ရေးဆွဲ ပြင်ဆင် |

| စီမံချက် အမည် | အခြေခံပညာမူလတန်းပညာရေးတွင် တိုင်းရင်းသားဘာသာစကားဖြင့် သင်ယ ခြင်းကို ပြန်လည် လုပ်ဆောင်နိုင်စေရန် ချင်းဘာသာစကားသင်ရိုးညွှန်းတမ်း တစ် ခု ရေးဆွဲပြင်ဆင်ခြင်း။ | |
|---|---|---|
| | | ခြင်း၊<br>- အခြေခံပညာမူလတန်းရှိ အတန်းအသီးသီး (အတန်းငယ်များ) အတွက် အတန်းနှင့်လျော်ညီသော သင်ရိုးညွှန်းတမ်းနှင့် သီးသန့်သင်ရိုး မာတိကာများ ပြင်ဆင်ရေးဆွဲခြင်း၊<br>- အတန်းအသီးသီးအတွက် ပုံနှိပ်စာအုပ်တွင်ပါဝင်မည့် အကြောင်းအရာများ ရေးသားပြင်ဆင်ခြင်း၊<br>- ချင်းဘာသာစကား သင်ယူရာတွင် အထောက်အကူပြုမည့် သင်ကြားခြင်း- သင်ယူခြင်း ပစ္စည်းကိရိယာများပြင်ဆင်ခြင်း၊ |
| | စီမံချက်၏ ကြောင်းကျိုး ဆက်နွှယ်မှု | **နောက်ခံအခြေအနေ**<br>လက်ရှိတွင် အခြေခံပညာကျောင်းများ၌ ဗမာဘာသာစကားကို သင်ကြားမှုကြားခံအဖြစ် အဓိကအသုံးပြုကြသည်။ တိုင်းရင်းသား ကလေးငယ်များ အထူးသဖြင့် မူလတန်းအဆင့် အတန်းငယ်များတွင် ဗမာဘာသာဖြင့် ရေးသား ထားသော ဘာသာရပ်များကို သင်ယူရခြင်းမှာ လက်တွေ့တွင် အခက်အခဲ ရှိပါသည်။ တိုင်းရင်းသားလူမျိုးအုပ်စုများမှ မူလတန်းကလေးငယ်များ ကြုံတွေ့နေရသည့် ဘာသာစကား အတားအဆီး သည် ထပ်ဆင့်ပြဿနာဖြစ်ပြီး၊ ၎င်းကိစ္စရပ်ကို ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ လက်တလောကာလ မြန်မာနိုင်ငံ၊ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး စီမံကိန်းတွင် အဆိုပါ ကိစ္စရပ်ကို ဖြေရှင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြပါသည်။ တိုင်းရင်းသားဘာသာစကားဖြင့် သင်ကြား-သင်ယူခြင်းကို အ ခြေခံပညာမူလတန်းအဆင့်အတန်းငယ်များ၏ သင်ရိုးညွှန်းတမ်းတွင် ပြန်လည် ထည့်သွင်း ရန် သဘောတူ ဆွေးနွေးခဲ့ကြပါသည်။ ချင်းဘာသာစကားဖြင့် ရေးသားသော သင်ရိုးညွှန်းတမ်း ရေးဆွဲပြင်ဆင်ရာတွင် အချိန်မီ ပြီးစီးနိုင်ရေး တောင်း ဆိုနေသည့်အတွက် ယခင်က အသုံးပြုခဲ့သော သင်ရိုးကို အခြေခံကာ ပြန်လည်ပြင်ဆင်ခြင်း၊ ခေတ်နှင့်အညီ မွမ်းမံခြင်းများ ပြုလုပ် ခြင်းများ လုပ်ခြင်းသည် လျော်ကန်သော လုပ်ဆောင်မှု ဖြစ်လာပါသည်။<br><br>**မျှော်မှန်းရလဒ်**<br>အခြေခံပညာ မူလတန်းအဆင့် အတန်းငယ်များ အသီးသီးအတွက် ချင်းဘာသာစကားသင်ရိုး ညွှန်းတမ်းနှင့် ပြဋ္ဌာန်းစာအုပ်တွင် ပါဝင်မည့် အကြောင်းအရာများကို ပြန်လည်ပြင်ဆင်ခြင်းနှင့် ခေတ်နှင့်အညီ မွမ်းမံခြင်း၊ ချင်းဘာသာစကား သင်ယူရာတွင် အထောက်အကူပြုမည့် သင်ကြား- သင်ယူခြင်းပစ္စည်း ကိရိယာများ ပြင်ဆင်ခြင်း၊<br><br>**ရလဒ်အညွှန်းကိန်း**<br>အခြေခံပညာမူလတန်းအဆင့် အတန်းငယ်များအသီးသီးအတွက် ပြည့်စုံသော သင်ရိုးညွှန်းတမ်းနှင့် ပြဋ္ဌာန်းစာအုပ်တွင် ပါဝင်မည့် အကြောင်းအရာများ ရေးသားခြင်း၊ |
| | ဆောင်ရွက် ချက်များ | - နည်းပညာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း၊<br>- သတင်းအချက် အလက်နှင့် သင်ထောက်ကူပစ္စည်း ကိရိယာများစု ဆောင်းခြင်း-ယခင်က အသုံးပြုခဲ့သော ချင်းဘာသာ သင်ရိုးညွှန်းတမ်း |

| စီမံချက် အမည် | အခြေခံပညာမူလတန်းပညာရေးတွင် တိုင်းရင်းသားဘာသာစကားဖြင့် သင်ယ ခြင်းကို ပြန်လည်လုပ်ဆောင်နိုင်စေရန် ချင်းဘာသာစကားသင်ရိုးညွှန်းတမ်း တစ် ခု ရေးဆွဲပြင်ဆင်ခြင်း။ | |
|---|---|---|
| | | နှင့် ပြဋ္ဌာန်းစာအုပ်များ စုစည်းခြင်း၊<br>- နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊<br>- လုပ်ငန်းရလဒ်-အခြေခံပညာ မူလတန်းအဆင့် အတန်းငယ်များ အသီးသီး အတွက် ပြည့်စုံသော သင်ရိုးညွှန်းတမ်းနှင့် ပြဋ္ဌာန်းစာအုပ်တွင် ပါဝင်မည့် အကြောင်းအရာများ၊<br><br>**အကျိုးခံစားရရှိမည့်သူများ**<br>ချင်းပြည်နယ်တွင်းရှိ မူလတန်းကျောင်းသူ၊ ကျောင်းသားများ အားလုံးနှင့် ပြည်သူလူထု၊ |
| | အကောင် အထည်ဖော် ဆောင်ရွက်ခြင်း | စီမံချက်ကို ဦးဆောင်ဖော်ဆောင်မည့်အဖွဲ့အစည်း- ပညာရေးဝန်ကြီးဌာန(သင်ရိုးညွှန်းတမ်းဌာန)၊ ချင်းပြည်နယ်အစိုးရ၊ ယူ နီဆက်။<br><br>**အဓိကပါဝင်ပါတ်သက်သူများ-**<br>- ပညာရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်ပညာရေးဌာန၊<br>- ယခင်ချင်းဘာသာသင်ရိုးညွှန်းတမ်းကို အသုံးပြုကာ သင်ကြားမှု အတွေ့အကြုံ ရှိခဲ့ဖူးသော ကျောင်းအုပ်ဆရာကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ၊<br>- ချင်းပြည်နယ်၊ မတူကွဲပြားသော နယ်မြေ/မြို့နယ်အသီးသီး ရှိ လက်ရှိ အခြေခံပညာမူလတန်းသင်ဆရာ၊ဆရာမများ၊<br>- ချင်းဘာသာစကား ကျွမ်းကျင်မှု(၄)ရပ် သင်ကြားပေးနေသော ပုဂ္ဂလိကစာသင်ကျောင်းများမှ ဆရာ၊ ဆရာမများ (ဥပမာ- Conorstone Children Academy၊ တီးတိန်တွင် သူ ငယ်တန်းမှ (၅)တန်းအထိ ချင်းဘာသာစကားဖြင့် သင်ကြားပေးနေသည်။)၊ လူထုအခြေပြု အဖွဲ့အစည်းများ၊<br>- လူထုအခြေပြုအဖွဲ့များ၏ အရင်းအမြစ်ဌာနများ (ဥပမာ-ဖလမ်းနှစ်ခြင်းခရစ်ယာန်ကျောင်း)၊<br>- ချင်းဖောင်ဒေးရှင်း (ဟားခါး+ထန်တလန်) - အရင်းအမြစ် ဗဟိုဌာန၊<br>- အစိုးရမဟုတ်သောလူမှုရေးအဖွဲ့များ၊ |
| ဘဏ္ဍာရေး ဆိုင်ရာ သတင်း အချက် အလက်များ | ဘတ်ဂျက် | (see budget table below) |

| **လုပ်ငန်းရပ်** | **ခန့်မှန်းကုန်ကျစရိတ်(အမေရိကန်ဒေါ်လာ)** |
|---|---|
| အဖွဲ့ခေါင်းဆောင် - သင်ရိုးညွှန်းတမ်းရေး ဆွဲခြင်း နိုင်ငံသားအကြံပေးပညာရှင် (တစ်လလျှင် US$ ၃၀၀၀ ဖြင့် ၁၀လ) | ၃၀,၀၀၀ |
| အပြည်ပြည်ဆိုင်ရာအကြံပေးပညာရှင် -စီမံချက် ဖော်ဆောင်ခြင်း (တစ်လလျှင် US$ ၁၅၀၀၀ ဖြင့် ၂လ) | ၃၀,၀၀၀ |
| ချင်းဘာသာစကားကျွမ်းကျင်ပညာရှင် (တစ်လလျှင် | ၂၄,၀၀၀ |

| စီမံချက်အမည် | အခြေခံပညာမူလတန်းပညာရေးတွင် တိုင်းရင်းသားဘာသာစကားဖြင့် သင်ယ ခြင်းကို ပြန်လည်လုပ်ဆောင်နိုင်စေရန် ချင်းဘာသာစကားသင်ရိုးညွှန်းတမ်း တစ် ခု ရေးဆွဲပြင်ဆင်ခြင်း။ | | |
|---|---|---|---|
| | | US$ ၃၀၀၀ ဖြင့် ၈လ) | |
| | | သယ်ယူပို့ဆောင်ရေးအထောက်အကူနှင့် ခရီးစရိတ်များ | ၆,၀၀၀ |
| | | သင်တန်းစာအုပ်စာတမ်းများ ပုံနှိပ်ခြင်း | ၁၅,၀၀၀ |
| | | ပြည်နယ်နှင့် မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲ/သင်တန်းများ | ၃၀,၀၀၀ |
| | | အဖွဲ့ခေါင်းဆောင်-သင်ရိုးညွှန်းတမ်းရေးဆွဲ ခြင်းနိုင်ငံသားအကြံပေးပညာရှင် (တစ်လလျှင် US$ ၃၀၀၀ ဖြင့် ၁၀လ) | ၃၀,၀၀၀ |
| | | အပြည်ပြည်ဆိုင်ရာအကြံပေးပညာရှင်-စီမံချက်ဖော်ဆောင်ခြင်း(တစ်လလျှင် US$ ၁၅၀၀၀ ဖြင့် ၂လ) | ၃၀,၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သောကုန်ကျစရိတ်မပါ) | ၁၃၅,၀၀၀ |
| | | မမျှော်မှန်းနိုင်သော ကုန်ကျစရိတ် ၁၀% ထပ်ပေါင်းခြင်း | ၁၅,၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | **၁၅၀,၀၀၀** |
| | ဘတ်ဂျက်ကြိုတင်မှန်းဆချက်များ | ဖော်ပြရန်မရှိပါ။ | |
| အခြားအချက်အလက်များ | အမျိုးသားအဆင့်မူဝါဒ၊မဟာဗျူဟာမျာ းနှင့်ကိုက်ညီခြင်း | တိုင်းရင်းသားဘာသာစကားဖြင့်သင်ကြား-သင်ယူခြင်းကို အခြေခံပညာမူလတန်းအဆင့် အတန်းငယ်များ၏ သင်ရိုးညွှန်းတမ်းတွင် ပြန်လည်ထည့်သွင်းရန် လတ်တလောကာလ မြန်မာနိုင်ငံ၊ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးတွင် အရေးတ ကြီး စဉ်းစားရမည့်ကိစ္စရပ်အဖြစ် သဘောတူဆွေးနွေးခဲ့ကြ ပါသည်။ | |
| | စောင့်ကြည့်လေ့လာခြင်း | ဖော်ပြရန် မရှိပါ။ | |

### ၁. ၂. ၃။ အမျိုးသမီးများနှင့်ကလေးသူငယ်များအတွက်အာဟာရ

| စီမံချက်အမည် | ချင်းပြည်နယ်ရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အာဟာရအဆင့်အ တန်းကိုမြှင့်တင်ခြင်း။ | |
|---|---|---|
| သတ်မှတ်ချက် | ပင်မနယ်ပယ် | ကျန်းမာရေး - အာဟာရ |
| | တည်နေရာ | ချင်းပြည်နယ်ရှိ မြို့နယ်အားလုံး |

| စီမံချက်<br>အမည် | ချင်းပြည်နယ်ရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အာဟာရအဆင့်အ တန်းကို မြှင့်တင်ခြင်း။ | |
|---|---|---|
| | စုစုပေါင်း<br>ဘတ်ဂျက် | အမေရိကန်ဒေါ်လာ ၅၀၀,၀၀၀ |
| | စီမံချက်ကာလ | ၅ နှစ် |
| စီမံချက်<br>အကြောင်း<br>အရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးဆိုင်ရာရည်ရွယ်ချက်**<br>- ချင်းပြည်နယ်မှ ပြည်သူလူထုများ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အာဟာရအခြေအနေအဆင့်ကို မြှင့်တင်ရန်၊<br>- ချင်းပြည်နယ်ရှိ ကလေးသူငယ်များ၏ အာဟာရအဆင့်အတန်း အခြေအနေကို အလုံးစုံ သုံးသပ်ခြင်းလုပ်ငန်းစဉ် ဖေါ်ထုတ်ရန်နှင့် ၎င်းမှရရှိလာသောအချက်အလက်များကို ချင်းပြည်နယ် ဒေသတွင်း ဖွံ့ဖြိုးမှု စီမံကိန်းလုပ်ဆောင်ရာတွင် ဦးတည် အုပ်စုအတွက် အကျိုးဝင်အချက်အလက်အနေဖြင့် အသုံးကျနိုင်ရန်၊<br><br>**လတ်တလောရည်ရွယ်ချက်များ**<br><br>- နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုများသည် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အာဟာရအခြေအနေနှင့် လိုအပ်ချက်များကို ပိုမိုသိရှိနားလည်နိုင်သော နှိုးဆော်မှု ဖြစ်စေခြင်း၊<br>- ချင်းပြည်နယ်ရှိ ကလေးသူငယ်များ၏ အာဟာရအဆင့်အတန်း အခြေအနေကို အလုံးစုံ သုံးသပ်မြေပုံချထားခြင်းဖြင့် စီမံကိန်းများ ရေးဆွဲရာတွင်နှင့် အရင်းအမြစ်များ ခွဲဝေချထားရေး အပိုင်းများအတွက် အထောက်အကူပြုစေခြင်း၊<br>- ချင်းပြည်နယ်မှ မွေးကင်းစကလေးငယ်များ၏ ကိုယ်အလေးချိန်သည် အနိမ့်ဆုံးအားဖြင့် မြန်မာနိုင်ငံရှိ မွေးကင်းစကလေးငယ်များ၏ ကိုယ်အလေးချိန် ပျှမ်းမျှအညွှန်းကိန်းအ ဆင့်ရောက်အောင် ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများ ဖေါ်ဆောင်ခြင်း၊<br>- ချင်းပြည်နယ်မှ ကလေးငယ်များ၏ ဖွံ့ဖြိုးမှုပုံမှန်မဟုတ်သော အရပ်ပုခြင်းနှုန်းကို အနိမ့်ဆုံးအားဖြင့် နိုင်ငံ၏ပျှမ်း မျှအညွှန်းကိန်း အဆင့်ရောက်အောင် လျှော့ချနိုင်ခြင်း၊ |
| | စီမံချက်၏<br>ကြောင်းကျိုး<br>ဆက်နွယ်မှု | **နောက်ခံအခြေအနေ**<br>ချင်းပြည်နယ်တွင် မွေးပေါင်ချိန် ၂,၅၀၀ ဂရမ်အောက် ကလေးမွေးဖွားမှုမှာ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၉.၄% ရှိပါသည်။ ထို့အပြင် ကိုယ်အလေးချိန်စစ်ဆေးသော ကလေးသူ ငယ်အားလုံး၏ ၁၀.၇%သည် ရှိသင့်သော ကိုယ်အလေးချိန်မပြည့်ပါ။ ၅၈%သည် ဖွံ့ဖြိုးမှုပုံမှန် မဟုတ်သော အရပ်ပုခြင်းအလယ်အလတ်အဆင့်မှ ဆိုးဆိုးဝါးဝါးအဆင့်ထိခံစားနေရ ပါသည်။ ကလေးများ၏ ဘဝအစပိုင်းကာလတွင် မွေးပေါင်ချိန်မပြည့် ခြင်းနှင့် ရှိသင့်သော ကိုယ်အလေးချိန်မပြည့်သည့် ကလေးငယ်များရှိနေခြင်းမှာ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များတွင် လုံလောက်သော အစာအာဟာရမရှိခြင်းကို ညွှန်းပြနေပါသည်။ ပိုကောင်းသော နို့ဖြတ်ခြင်း |

| စီမံချက် အမည် | ချင်းပြည်နယ်ရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အာဟာရအဆင့်အ တန်းကို မြှင့်တင်ခြင်း။ |
| --- | --- |

အလေ့အကျင့်ကို စတင်ကျင့်သုံးရန် လိုအပ်ပါသည်။

ချင်းပြည်နယ်၏ ကောက်ပဲသီးနှံ ထုတ်လုပ်နိုင်မှုသည် ပြည်နယ်လူဦးရေ အတွက်လိုအပ်ချက်၏ ၇၀%အောက်တွင်သာ ရှိပါသည်။ မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးသည် အကျပိုင်းတွင် ရှိနေပြီး ရွှေ့ပြောင်း ရန် မလိုသော လယ်ယာမြေ စိုက်ပျိုးရေးစနစ်ဖွံ့ဖြိုးမှုနှုန်းသည် လိုအပ်သည့် စားနပ်ရိက္ခာပမာဏကို ဖြည့်ဆည်းနိုင်လောက်သော ထွန်းကားတွင်ကျယ်မှု မရှိသေးပါ။ စားနပ်ရိက္ခာထောက်ပံ့ခြင်း အမြောက်အမြားနှင့် လုပ်အား အတွက် ငွေကြေးရိက္ခာအစီအစဉ်များ ရှိသော်လည်း ကလေးသူငယ်များ၏ အာဟာရဖွံ့ဖြိုးမှုအညွှန်းကိန်းများမှာ ကျေနပ်အားရဖွယ်မရှိပါ။ ထို့ဖြစ်ရပ် က ပိုမိုကောင်းမွန်သည့် အာဟာရထောက်ပံ့မှုအစီအစဉ် လိုအပ်နေသည် ဟု ညွှန်းပြ နေပါသည်။

**အာဟာရထောက်ပံ့ရန်လိုအပ်မှုများ**

- ကိုယ်ဝန်ဆောင်ချိန်နှင့် နို့တိုက်ကာလများတွင် လိုအပ်သော စားနပ် ရိက္ခာ လုံလောက်စွာမရသည့် မိခင်များ၊
- လိုအပ်သော စားနပ်ရိက္ခာ လုံလောက်စွာမရသည့် ကလေး သူငယ်များ- အထူးသဖြင့် အသက် ၅ နှစ်အောက် ကလေးငယ်များ၊ နို့ဖြတ်ခြင်း အလေ့အကျင့်ကို အလေးဂရုပြုရန်လို ပါသည်။
- မိမိတို့အိမ်ထောင်စုအတွက် တစ်နှစ်စာလိုအပ်သော စားနပ်ရိက္ခာကို အလုံအလောက် မထုတ်လုပ်နိုင်သော လယ်ယာစိုက်ပျိုးရေး လုပ်ကိုင် သည့် အိမ်ထောင်စုများ (သို့မဟုတ်) အိမ်ထောင်စု တစ်နှစ်စာအတွက် လိုအပ်သော စားနပ်ရိက္ခာ ပံ့ပိုးနိုင်လောက်သော ဝင်ငွေရသီးနှံ မထုတ် လုပ်နိုင်သော အိမ်ထောင်စုများ၊

**မျှော်မှန်းရလဒ်**

- ချင်းပြည်နယ်တွင်းရှိ ကျေးလက်နေ အိမ်ထောင်စုများ၏ အစားအစာ ပြတ်လပ်မှု ကာလကို လျှော့ချနိုင်ခြင်း၊
- မွေးကင်းစကလေး ပေါင်ချိန်တက်လာခြင်း၊ အာဟာရချို့တဲ့ သော ကလေးသူငယ်အချိုးအစား လျှော့ချနိုင်ခြင်း၊
- ဖွံ့ဖြိုးမှုပုံမှန်မဟုတ်သော အရပ်ပုခြင်း ကလေးသူငယ်အရေ အတွက်ကို လျှော့ချနိုင်ခြင်း၊

**ရလဒ်အညွှန်းကိန်း**

- အိမ်ထောင်စုများတွင်စားနပ်ရိက္ခာပြတ်လပ်မှုကာလ လျော့နဲကျဆင်း လာခြင်း- စိုက်ပျိုးရေးဌာနမှ အိမ်ထောင်စုများ၏ စားနပ်ရိက္ခာရရှိနိုင်မှု အခြေအနေကို တစ်နှစ်တာအတွင်း စောင့်ကြည့်မှတ်တမ်း တင်ထား ခြင်းမှ ဆန်းစစ်ခြင်း၊
- မွေးပေါင်ချိန် ၂,၅၀၀ ဂရမ်ထက်နဲသော ကလေးမွေးဖွားမှု အရေ အတွက် လျော့နဲကျဆင်းလာခြင်း - မွေးကင်းစ ကလေးပေါင်ချိန်ခြင်း နှင့် မှတ်တမ်းထားရှိခြင်း၊
- ဒေသန္တရကျန်းမာရေးဆေးခန်းများနှင့် စာသင်ကျောင်းများတွင် ကလေး

| စီမံချက် အမည် | ချင်းပြည်နယ်ရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အာဟာရအဆင့်အ တန်းကို မြှင့်တင်ခြင်း။ | |
|---|---|---|
| | | သူငယ်များ၏ အသက်အပိုင်း အခြားအလိုက်ကိုယ် အလေးချိန်ကို စောင့်ကြည့် မှတ်တမ်းတင်ထားခြင်း၊<br>- ကလေးသူငယ်များ စာသင်နှစ်အစ ကျောင်းအပ်ချိန်တွင် စာသင်ကျောင်း များနှင့် ဒေသန္တရကျန်းမာရေး ဆေးခန်းများတွင် ကလေးသူငယ်များ၏ အရပ်အမောင်းနှင့် ကိုယ်အ လေးချိန်အချိုးကို မှတ်တမ်းထားရှိခြင်း၊ |
| | ဆောင်ရွက် ချက်များ | - ပြည်နယ်အစိုးရဌာနများအဆင့်တိုင်းတွင် (ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာ) အောက်ပါနည်းလမ်း များအတိုင်း အသိပညာဗဟုသုတများကို ဖြန့်ဝေနိုင်သည်။<br>■ အာဟာရဆိုင်ရာ သင်တန်းများတွင် အသုံးပြုသည့် သတင်းအချက်အလက်များ အကြောင်းအရာများကို အစိုးရဌာန အဆင့်တိုင်းတွင် လက်လှမ်းမီ သိရှိနားလည်ကြစေရန် အာဟာရသတင်းလွှာများ အနေဖြင့် ပြင်ဆင်၍ ဖြန့်ဝေခြင်း၊<br>■ ပြည်နယ်တွင်းရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အာဟာရဆိုင်ရာအညွှန်းကိန်းများကို မူတည်ကာ စီမံချက်များ ရေးသား ပြင်ဆင်ပြီး တစ်နှစ်တာ ကာလတွင် ပြည့်မှီအောင် လုပ်ဆောင်နိုင်မည့် ရည်မှန်းချက်များ ချမှတ်အ ကောင်အထည်ဖေါ်ခြင်း၊<br>■ ကလေးသူငယ်များ၏ အာဟာရအခြေအနေ စောင့်ကြည့် အကဲဖြတ်ခြင်းနှင့် ဒေသတွင်းနှင့် ပြည်နယ်အဆင့်များသို့ မှတ်တမ်းပို့ အစီရင်ခံခြင်း လုပ်ငန်းရပ်များကို ပိုမိုကောင်း မွန်အောင် ဆောင်ရွက်ခြင်း၊<br>■ မြို့နယ်နှင့် ပြည်နယ်အဆင့် စီမံကိန်းများ ပြင်ဆင်ချိန် မတိုင်မီတွင် အာဟာရ အခြေအနေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နှစ်စဉ်ကျင်းပခြင်း၊<br>■ ဒေသတွင်း အမျိုးသမီးထုနှင့် စာသင်ခန်းထဲရှိ ကလေးငယ်များကို အာဟာရ ဆိုင်ရာ ပညာပေးရန် သင်တန်းထောက်ကူပစ္စည်းများ ပြင်ဆင် ခြင်း၊<br>- ချင်းပြည်နယ်ဒေသတွင်း အာဟာရအဆင့် အတန်းအခြေအနေကို မြေပုံချပ်ချ သုံးသပ်ခြင်း၊ ကျောင်းများရှိကလေးများကို အရပ်အမောင်းနှင့် ကိုယ်အလေးချိန်အချိုး တိုင်းတာကာ ၎င်းအတိုင်းအတာကို စာသင်ကျောင်း၏ လွှမ်းခြုံဧရိယာအတွက် အာဟာရအညွှန်းကိန်းအဖြစ် အသုံးပြုခြင်း၊<br>- မြို့နယ်ကျေးရွာများအတွင်း အမျိုးသမီးများနှင့် ကလေးသူ ငယ်များ၏ အာဟာရအခြေအနေကို မြေပုံချပ်ချသုံးသပ် ထားခြင်း၊<br>- အာဟာရအခြေအနေဆိုးရွားသည့်ကျေးရွာဒေသများကိုဦးစားပေးစာရင်း ပြုစုထားပြီး၊အဆိုပါကျေးရွာဒေသများတွင်စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေး စီမံကိန်းများနှင့်လုပ်အားအတွက် စားနပ်ရိက္ခာအစီအစဉ် များဖြည့်တင်းဖေါ်ဆောင်ပေးခြင်း၊ ကလေးသူငယ်များနှင့်အမျိုးသမီးများ၏ အာဟာရအခြေအနေကို စောင့်ကြည့်အကဲဖြတ်မှုများ ပြုလုပ်ခြင်း၊<br>- နို့ဖြတ်ခြင်းနှင့် ဖြည့်စွက်အစားအစာကျွေးခြင်း အလေ့အကျင့်ဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းခြင်း၊ |

| စီမံချက် အမည် | ချင်းပြည်နယ်ရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အာဟာရအဆင့်အ တန်းကို မြှင့်တင်ခြင်း။ | |
|---|---|---|
| | | - စိုက်ပျိုးရေးကဏ္ဍ - သီးနှံထွက်နှုန်းမြင့်စေမည့် စီမံချက်များ ကို ဦးစား ပေးဖေါ်ဆောင်ကာ၊ သီးနှံထုတ်လုပ်နိုင်မှုကို စောင့် ကြည့်အကဲဖြတ်ကာ စားနပ်ရိက္ခာပြတ်မည့် အလားအလာ ရှိမည်ဆိုပါက စောလျင်စွာ အသိ ပေးခြင်း၊<br>- အိမ်ဝင်းခြံ စားနပ်ရိက္ခာ/အာဟာရဥယျာဉ် စိုက်ပျိုးရေးကို အားပေးမြှ တင်ခြင်း-ရေရရှိမှု၊ ရေသွင်း၊ ရေထုတ်နှင့် ငါးမွေးမြူ ရေးကန်များ စသည်တို့ တွဲဖက်ဖေါ်ဆောင်ပေးရ မည်။<br>- ကျေးရွာဒေသန္တရဆေးခန်းများကို ဦးတည်ခြင်း - ကျန်းမာရေးဝန်ထမ်း များကို ဒေသတွင်းအာဟာရအခြေအနေများနှင့် အာဟာရဆိုင်ရာ အသိပညာ ဗဟုသုတသင်တန်းများ ပေးထားခြင်းဖြင့် ကလေးသူငယ် များကို ကိုယ်အလေးချိန် ချိန်ခြင်းကို မပြတ်မကွက်လုပ်ဆောင်နိုင်စေ မည်။ ထို့အပြင်ၝင်းတို့တတ်သိထားသည် အာဟာရဆိုင်ရာ ဗဟုသုတ များကိုကျေးရွာတွင်းရှိ အမျိုးသမီးအုပ်စုများနှင့် ကျေးရွာဖွံ့ဖြိုးရေး အ ထောက်အကူပြုအဖွဲ့များသို့ ဟောပြောပို့ချခြင်းများ လုပ်ဆောင်နိုင်မည်။<br>- အဆိုပါ ကျေးရွာလူထုများကို ဦးတည်ကာ လုပ်အားအတွက် စားနပ် ရိက္ခာ အစီအစဉ်များ၊ ကျောင်းတွင်းအာဟာရ တိုက်ကျွေးခြင်း အစီ အစဉ်များ ဖေါ်ဆောင်ပေးနိုင်မည်။ |
| | အကောင်အထည် ဖော်ဆောင် ရွက်ခြင်း | ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်ဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်အနေဖြင့် ဖေါ်ဆောင်ရမည်။ ပြည် နယ်အဆင့် ကလေးသူငယ်အာဟာရ နည်းပညာလုပ်ငန်းအဖွဲ့ကို ပြည်နယ် လူမှုရေးဝန်ကြီးမှ ဥက္ကဌအဖြစ် ဦးဆောင်ကာဖွဲ့စည်းရမည်။ ပြည်နယ် ဝန်ကြီးများ (စီမံကိန်း၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ပညာရေး)မှ အဖွဲ့ဝင်များ အဖြစ်ပါဝင်ပြီး၊ ယူနီဆက်၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့နှင့် အခြားသော ချင်း ပြည်နယ်တွင် စီမံချက်လုပ်ငန်းများ လုပ်ဆောင်နေသော ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များလည်း ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်ရမည်။<br>အလားတူစွာ နည်းပညာညှိနှိုင်းရေး လုပ်ငန်းအဖွဲ့များကို မြို့နယ်အဆင့် တွင်လည်း ဖွဲ့စည်းရမည်။ မြို့နယ်အသီးသီးတွင် လူမှုဝန်ထမ်းအရာရှိ အနည်းဆုံးတစ်ဦး ခန့်အပ်ထားရှိရမည်။ လူမှုဝန်ထမ်းအရာရှိ၏ လုပ်ငန်း တာဝန်ဝတ္တရားများထဲတွင် မြို့နယ်အဆင့် ကလေးသူငယ်အာဟာရနည်း ပညာလုပ်ငန်း အဖွဲ့ကို ဥက္ကဌအဖြစ် ဦးဆောင်ရန်လည်း ပါဝင်သင့်သည်။ သို့မှသာ လူထုအခြေပြု လူမှုအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အမျိုးသမီးများအသင်းအဖွဲ့ ကွန်ယက်များနှင့် ချိတ်ဆက်ကာ ရပ်ရွာဒေသတွင်း လူမှုရေးဆိုင်ရာကိစ္စရပ်များကို ကူညီလုပ် ဆောင်ပေးနိုင်မည်ဖြစ်သည်။<br>ဖေါ်ပြပါ ပြည်နယ်နှင့် မြို့နယ်အဆင့် လုပ်ငန်းအဖွဲ့များသည် အစပိုင်းတွင် ကလေးသူငယ်များ၏ အာဟာရအခြေအနေ ဆင့်များတွင် ရလဒ်ကောင်း များရရှိရန် ဦးစားပေးလုပ်ဆောင် သွားမည် ဖြစ်သော်လည်း နောက်ပိုင်းဖွဲ့ စည်းပုံနှင့် လုပ်ငန်းယန္တရား ပုံမှန်လည်ပတ်လာသည်နှင့် သက်ဆိုင်ရာမြို့ နယ်အသီးသီးရှိ ဒေသတွင်း လူမှုရေးဆိုင်ရာစီမံကိန်းများကို ဦး ဆောင် ဖေါ်ဆောင်နိုင်သည်အထိ လုပ်ဆောင်နိုင်ရန် မျှော်မှန်းပါသည်။<br>ကလေးသူငယ်များ၏ အာဟာရဆိုင်ရာဆန်းစစ်ခြင်း စစ်တမ်း ကောက်ယူ |

| စီမံချက်အမည် | ချင်းပြည်နယ်ရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အာဟာရအဆင့်အ တန်းကို မြှင့်တင်ခြင်း။ | |
|---|---|---|
| | | ခြင်းကို လူမှုဝန်ထမ်း ဦးစီးဌာနမှ အစပျိုး ဦးဆောင်ဖော်ဆောင်ပေး ရမည်ဖြစ်သော်လည်း လုပ်ငန်းရပ်များကို ကျန်းမာရေးဌာနမှ အကောင်အထည်ဖော်ရမှာဖြစ်ပြီး စဉ်ဆက်မပြတ် အကဲဖြတ်စောင့်ကြည့်မှတ်တမ်း တင်ခြင်းများကိုလည်း လုပ်ဆောင်ပါလိမ့်မည်။ စစ်တမ်းအတွက် လိုအပ်သော အတိုင်းအတာ ကိရိယာများ၊ အထောက်အကူပြု ပစ္စည်းများကို စီမံချက်မှ တာဝန်ယူပံ့ပိုးပေးရပါမည်။ မြို့နယ်၊ ကျေးလက်ဒေ သန္တရ ကျန်းမာရေးဌာနများတွင် ကလေးမွေးပေါင်ချိန်ခြင်း၊ ကလေးသူငယ်ဘဝ အစောပိုင်းကာလတလျှောက် ဖွံ့ဖြိုးမှုများကို စောင့်ကြည့် မှတ်တမ်းတင်ခြင်းများ သေချာ စေရန် ပြုလုပ် ဆောင်ရွက်ပေးရမည်ဖြစ်သည်။<br>အာဟာရဆိုင်ရာ လုပ်ငန်းအဖွဲ့များအနေဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း ဖော်ဆောင်သူများနှင့် ပူးပေါင်းကာ အာဟာရညွှန်းကိန်းများအရ ထောက်ကူပံ့ပိုးရေး အမှန်တကယ်လိုအပ်နေသော မြို့နယ်များတွင် လက်တွေ့စီမံကိန်းများ အကောင်အထည်ဖော်ခြင်း သေချာစေရန် လုပ်ဆောင်ရ မည်။<br>နိုင်ငံသားအကြံပေးပညာရှင်များ ခန့်အပ်ကာ သတင်းအချက် အလက်များ စုဆောင်းခြင်းကို သင်တန်းအတွက် စာအုပ်စာတမ်းများပြုစုခြင်း၊ သင်ထောက်ကူပစ္စည်းများပြင်ဆင်ခြင်း၊ ဒေသန္တရကျန်းမာရေး ဆေးခန်းများအတွက် အာဟာရသတင်းလွှာများ၊ ပညာပေးစာစောင်များရေး ဆွဲပြင်ဆင်ခြင်းများကို လုပ်ဆောင်သွားမည်။ ၎င်းတို့မှက ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့်များတွင် အာဟာရဆိုင်ရာ အသိပညာပေးအစီအ စဉ်များကို ဆောင်ရွက်ပါလိမ့်မည်။ |
| ဘဏ္ဍာရေးဆိုင်ရာ သတင်း အချက် အလက်များ | ဘတ်ဂျက် | |

| **လုပ်ငန်းရပ်** | **ခန့်မှန်းကုန်ကျစရိတ်(အမေရိကန်ဒေါ်လာ)** |
|---|---|
| အာဟာရအညွှန်းကိန်းဆန်းစစ် ကနဦးစစ်တမ်းကောက်ယူခြင်း (၁) | ၆၀,၀၀၀ |
| အာဟာရအညွှန်းကိန်းများ အကဲဖြတ် တိုင်းတာကိရိယာများ (၁) (ကနဦးစစ်တမ်းနှင့် စဉ်ဆက်မပြတ် အကဲဖြတ်ခြင်းများအတွက်) | ၅၀,၀၀၀ |
| သင်တန်းအထောက်အကူနှင့် မြှင့်တင်ရေးပစ္စည်းများ ပြင်ဆင်ခြင်း | ၂၀,၀၀၀ |
| ပြည်နယ်နှင့် မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲ/ သင်တန်းများ | ၅၀,၀၀၀ |
| နှစ်စဉ်အာဟာရဆိုင်ရာအစီရင်ခံမှတ်တမ်း များနှင့် စီမံကိန်းလုပ်ငန်းဆိုင်ရာအစည်း အဝေးပွဲများကို စီမံချက်ကာလတလျှောက် ကျင်းပခြင်း (ပြည်နယ်နှင့်မြို့နယ်အဆင့်) (၅ကြိမ် × US$ ၈၀၀၀) | ၆၀,၀၀၀ |

| စီမံချက် အမည် | ချင်းပြည်နယ်ရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အာဟာရအဆင့်အ တန်းကို မြှင့်တင်ခြင်း။ | |
|---|---|---|
| | | နိုင်ငံသားအကြံပေးပညာရှင် (စီမံချက်ကာလ ၅ နှစ် အတွက် အချိန်ပြည့်ဝန်ထမ်းနှင့် စစ်တမ်းများ ကောက်ယူရန်) \| ၂၅၀,၀၀၀ |
| | | အာဟာရအညွှန်းကိန်းဆန်းစစ် ကနဦးစစ်တမ်း ကောက်ယူခြင်း (၁) \| ၄၅၀,၀၀၀ |
| | | အာဟာရအညွှန်းကိန်းများ အကဲဖြတ်တိုင်း တာကိရိယာများ(၁) (ကနဦးစစ်တမ်းနှင့် စဉ်ဆက်မပြတ် အကဲဖြတ်ခြင်းများအတွက်) \| ၅၀,၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော ကုန်ကျစရိတ်မပါ) \| **၅၀၀,၀၀၀** |
| | | မမျှော်မှန်းနိုင်သော ကုန်ကျစရိတ် ၁၀%ထပ်ပေါင်းခြင်း \| ၅၀,၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် \| ၄၀,၀၀၀ |
| | ဘတ်ဂျက်ကြိုတင် မှန်းဆချက်များ | - စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးမှုအစီအစဉ်များကို သီးခြားစီမံချက် များမှ ကျခံမည်ဟု ယူဆထားပါသည်။<br>- လုပ်အားအတွက် စားနပ်ရိက္ခာနှင့် အခြားထောက်ပံ့ကူညီရေး အစီအစဉ်များကို နည်းပညာလုပ်ငန်းအဖွဲ့မှ ညှိနှိုင်း ဆောင်ရွက်သွားမည် ဖြစ်သော်လည်း သီးခြားစီမံချက်များမှ ဘဏ္ဍာငွေ ကုန်ကျခံပါလိမ့်မည်။ |
| အခြားအချက် အလက်များ | အမျိုးသားအဆင့်မူဝါဒ၊မဟာဗျူဟာ များနှင့်ကိုက်ညီခြင်း | ဖော်ပြရန် မရှိပါ။ |
| | စောင့်ကြည့် လေ့လာခြင်း | ဖော်ပြရန် မရှိပါ။ |

**၁. ၃။ မသန်စွမ်းသူများ၏ အခွင့်အရေးများ ရရှိရေး ပံ့ပိုးကူညီခြင်းနှင့် လိုအပ်ချက်များ ပြည့် မီစေရန် စီမံချက်များ**

**၁. ၃. ၁။ မသန်စွမ်းကလေးသူငယ်များအတွက် မူလတန်းပညာရေး**

| စီမံချက် အမည် | NFPE **မသန်စွမ်းသူ ကလေးသူငယ်များအတွက် မူလတန်းပညာ ရွေ့ပြောင်းစီမံ ချက်- ချင်းပြည်နယ်မှ မသန်စွမ်းကလေးသူငယ်များနှင့် လူငယ်များအတွက် မူလတန်း ပညာရေး အခွင့်အလမ်းကို မြှင့်တင်ခြင်း။** |
|---|---|
| သတ်မှတ်ချက် | ပဓါနနယ်ပယ် \| အခြေခံပညာရေး |
| | တည်နေရာ \| မူလတန်းပညာရေးကို လက်လှမ်းမှီခြင်း မရှိသော/အကန့်အ သတ်ဖြင့်သာ လက်လှမ်းမှီသော မသန်စွမ်းကလေးသူငယ်များနှင့် လူငယ်များအများ |

| စီမံချက် အမည် | NFPE **မသန်စွမ်းသူ ကလေးသူငယ်များအတွက် မူလတန်းပညာ ရွေ့ပြောင်းစီမံ ချက်- ချင်းပြည်နယ်မှ မသန်စွမ်းကလေးသူငယ်များနှင့် လူငယ်များအတွက် မူလတန်း ပညာရေး အခွင့်အလမ်းကို မြှင့်တင်ခြင်း။** | |
|---|---|---|
| | | အပြားရှိသော ချင်းပြည်နယ်မှ မြို့ နယ်များ (ထန်တလန်) |
| | စုစုပေါင်းဘတ်ဂျက် | အမေရိကန်ဒေါ်လာ ၇၅၀,၀၀၀ |
| | စီမံချက်ကာလ | ၃နှစ်မှ၅ နှစ် |
| စီမံချက် အကြောင်း အရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးဆိုင်ရာရည်ရွယ်ချက်**<br>မသန်စွမ်းကလေးသူငယ်များနှင့် လူငယ်များ အခြေခံပညာမူလတန်း ပညာရေးကို လက်လှမ်းမီရရှိနိုင်စေရန် ကျောင်းပြင်ပ ပညာရေးအစီ အစဉ် များဖေါ်ဆောင်ပေးရန်၊ (NFPE မသန် စွမ်း ကလေးသူငယ်များအတွက် မူလတန်းပညာရွေ့ပြောင်းစီမံ ချက်)<br><br>**လတ်တလောရည်ရွယ်ချက်များ**<br>- မြန်မာနိုင်ငံ၊စာတတ်မြောက်ရေးအရင်းအမြစ်ဌာန၏ NFPE စီမံချက် များတွင် အသုံးပြုသည့် ကျောင်းပြင်ပမူလတန်းပညာရေး (NEPE) သင်ရိုးညွှန်းတမ်းကို သင့်တော်သလို ပြန်လည်မွမ်းမံခြင်း၊ ပြင်ဆင်ခြင်း များပြုလုပ်ကာ - မသန်စွမ်း ကလေးသူငယ်များအတွက် အခြေခံပညာ မူလတန်းပညာရေး ရွေ့ပြောင်းစီမံချက်ကို ဖေါ်ဆောင်ရန်၊<br>- ချင်းပြည်နယ်မှ မသန်စွမ်း ကလေးသူငယ်များနှင့် လူငယ်များအား အခြေခံ ပညာမူလတန်းပညာရေး ပို့ချပေးရန်၊ |
| | စီမံချက်၏ကြောင်း ကျိုးဆက်နွယ်မှု | **နောက်ခံအခြေအနေ**<br>လူတိုင်းအကျုံးဝင်ပညာရေးနှင့် သာနာညီမျှမှုကို ဖြစ်စေရန် မသန်စွမ်း ကလေးသူငယ်များနှင့် လူငယ်များ အခြေခံပညာမူ လတန်းပညာကို လက်လှမ်းမှီရယူနိုင်ခြင်းကို အလေးဂရုပြု ဖေါ်ဆောင်ရန် လိုအပ်သည်။<br><br>**စီမံချက်ကိုဖေါ်ဆောင်ရန်လိုအပ်နေမှုများ**<br><br>မသန်စွမ်းသူ ကလေးသူငယ်/လူငယ်များသည် အခြေခံအ တန်းပညာရေး ကို လက်လှမ်းမှီမရခြင်း၊ အကန့်အသတ်ဖြင့်သာ ရရှိနေခြင်းများကို ကွင်း ဆင်းလေ့လာမှုမှ အဓိကကိစ္စရပ်ဟု သတ်မှတ်ခဲ့ပါသည်။ ပညာရေး အခွင့် အလမ်းများ ဖေါ် ဆောင်ပေးခြင်းဖြင့်သာ ကလေးသူငယ်/လူငယ်များ၏ လူမှုဘဝ အခြေအနေကို ပိုမိုတိုးတက်အောင် လုပ်ဆောင်နိုင်မည် ဖြစ် သည်။ လူတိုင်းအတွက် ပညာရေးဆိုသောထောင်စုနှစ် ပန်းတိုင်အမှတ် (၂)နှင့် EFA ၏ ၂၀၁၅ခုနှစ်တွင် ပြည့်မှီရန် အဆိုပြုသဘောတူထားမှုများ အတွက် လုပ်ငန်းစဉ်များ ဖေါ်ဆောင်ရာတွင် မသန်စွမ်းကလေး သူငယ် များနှင့် လူငယ်များအတွက် မူလတန်းပညာရေးကို လက်လှမ်းမီရခြင်း အစီ အစဉ်သည် မဖြစ်မနေ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။<br><br><br>**မျှော်မှန်းရလဒ်** |

<table>
<tr><th>စီမံချက်<br>အမည်</th><th colspan="3">NFPE မသန်စွမ်းသူ ကလေးသူငယ်များအတွက် မူလတန်းပညာ ရွှေ့ပြောင်းစီမံ ချက်-ချင်းပြည်နယ်မှ မသန်စွမ်းကလေးသူငယ်များနှင့် လူငယ်များအတွက် မူလတန်း ပညာရေး အခွင့်အလမ်းကို မြှင့်တင်ခြင်း။</th></tr>
<tr><td></td><td></td><td colspan="2">ချင်းပြည်နယ်တွင်း မသန်စွမ်းကလေးသူငယ်များ/လူငယ်များ အခြေခံ ပညာမူလတန်း ပညာရေးကို လက်လှမ်းမီရရှိ ပြီး မြောက်အောင်မြင်ခြင်း၊ နောက်တစ်ဆင့်အနေဖြင့် အခြေခံပညာအလယ်တန်းနှင့် အထက်တန်း ပညာများ ဆက်လက်သင် ကြားတတ်မြောက်နိုင်ခြင်း၊<br><br>ရလဒ်အညွှန်းကိန်း<br>ချင်းပြည်နယ်တွင်းရှိ မြို့နယ်နှင့် ကျေးရွာများမှ မသန်စွမ်းကလေး သူငယ်များ နှင့် လူငယ်များ မသန်စွမ်းကလေးများအတွက် NFPE သင်ရိုးကို လိုက်နာသင်ယူခြင်းဖြင့် အခြေခံပညာမူလတန်းပညာရေးကို အောင်မြင်စွာ ပြီးဆုံးခြင်း၊ မသန်စွမ်းကလေးများအတွက် NFPE သင်ရိုးကို လက်တွေ့ ဆန်းစစ်ရာတွင် ရလဒ်ကောင်းများ ရရှိအောင်မြင်ခြင်း၊</td></tr>
<tr><td></td><td>ဆောင်ရွက်<br>ချက်များ</td><td colspan="2">- စီမံချက်မစတင်မီ - ချင်းပြည်နယ်တွင်းရှိ မြို့နယ်နှင့် ကျေးရွာများမှ အခြေခံပညာမူလတန်း မတက်ရောက်နိုင်သော မသန်စွမ်းကလေး သူငယ်များနှင့် လူငယ်များ အရည်အတွက်ကို စုဆောင်းခြင်း၊<br>- မြန်မာနိုင်ငံ၊ စာတတ်မြောက်ရေးအရင်းအမြစ်ဌာန၏ NFPE စီမံ ချက်များတွင် အသုံးပြုသည့် ကျောင်းပြင်ပမူလတန်းပညာရေး (NEPE) သင်ရိုးညွှန်း တမ်းကို သင့်တော်သ လို ပြန်လည်မွမ်းမံပြင်ဆင်ခြင်း<br>- ရွှေ့ပြောင်းသင်ကြားရေး ဆရာ၊ဆရာများ ခန့်အပ်ခြင်း၊ စီ မံချက်ကို ဦးဆောင်ဖေါ်ဆောင်မည့် လူမှုရေးအဖွဲ့အစည်း ကိုရှာဖွေခြင်း၊<br>- ရွှေ့ပြောင်းသင်ကြားရေးအဖွဲ့နှင့် ဦးဆောင်မည့် လူမှုရေး အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များကို သင်တန်းများ ပို့ချခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ ခြင်း၊<br>- မြို့နယ်၊ ကျေးရွာများတွင် မသန်စွမ်းကလေးသူငယ်များ/ လူငယ်များ လွယ်ကူစွာ သွားလာနိုင်သည့် အများစုလက်လှမ်းမီသော စာသင် ကျောင်းတည်ရာနေရာကို ရှာဖွေခြင်း၊<br>- မသန်စွမ်းကလေးသူငယ်များ/လူငယ်များကို NFPE သင်ရိုး ပို့ချခြင်း၊</td></tr>
<tr><td></td><td>အကောင်<br>အထည်ဖော်<br>ဆောင်ရွက်ခြင်း</td><td colspan="2">စီမံချက်ကို ဦးဆောင်ဖေါ်ဆောင်မည့် အဖွဲ့အစည်း - ပညာရေးဝန်ကြီး ဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ချင်းပြည်နယ်အစိုး ရယူနီဆက်၊ Save the Children<br><br>အဓိကပါဝင်ပါတ်သက်သူများ -<br>- NFPE စီမံချက်ဖေါ်ဆောင်သူများ၊ မြန်မာနိုင်ငံစာတတ် မြောက်ရေး ဗျူရို၊ ချင်းမသန်စွမ်းသူများအဖွဲ့ (ထန်တလန်)၊ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းလူမှု ရေးအဖွဲ့များ၊ လူထုအခြေပြု လူမှုရေးအဖွဲ့များ ဖလမ်းနှစ် ခြင်းခရစ်ယာန်ကျောင်း၊ ချင်းဖောင်ဒေးရှင်း (ဟားခါး+ ထန်တလန်) - အရင်းအမြစ်ဗဟိုဌာန၊</td></tr>
<tr><td>ဘဏ္ဍာရေး<br>ဆိုင်ရာ<br>သတင်း</td><td>ဘတ်ဂျက်</td><td>လုပ်ငန်းရပ်</td><td>ခန့်မှန်းကုန်ကျ စရိတ်(အမေရိ ကန်ဒေါ်လာ)</td></tr>
</table>

| စီမံချက်အမည် | NFPE **မသန်စွမ်းသူ ကလေးသူငယ်များအတွက် မူလတန်းပညာ ရွှေ့ပြေးစီမံ ချက်-ချင်းပြည်နယ်မှ မသန်စွမ်းကလေးသူငယ်များနှင့် လူငယ်များအတွက် မူလတန်း ပညာရေး အခွင့်အလမ်းကို မြှင့်တင်ခြင်း။** | | |
|---|---|---|---|
| အချက်အလက်များ | | အဖွဲ့ခေါင်းဆောင် - မသန်စွမ်းကလေးများ ပညာရေးကျွမ်းကျင်သူ နိုင်ငံသားအကြံပေး ပညာရှင် (တစ်လလျှင် US$ ၃၀၀၀ ဖြင့် ၃၅ လ) | ၁၀၅,၀၀၀ |
| | | မသန်စွမ်းကလေး၊ လူငယ်များပညာရေးနှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်မှု အပြည်ပြည်ဆိုင်ရာ အကြံပေးပညာရှင် (တစ်လလျှင် US$ ၁၅၀၀၀ ဖြင့် ၂လ) | ၃၀,၀၀၀ |
| | | စီမံချက်မစတင်မီစာရင်းကိန်းဂဏန်းပြုစုခြင်း | ၂၅,၀၀၀ |
| | | သယ်ယူပို့ဆောင်ရေးအထောက်အကူနှင့်ခရီးစရိတ်များ | ၄၀,၀၀၀ |
| | | သင်တန်းအထောက်အကူပြုနှင့် မြှင့်တင်ရေး ပစ္စည်းများပုံနှိပ်ခြင်း | ၁၅,၀၀၀ |
| | | အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဆရာ၊ဆရာမများကို မသန် စွမ်းကလေးငယ်များကို ပညာသင်ကြားရေး ဆိုင်ရာ သင်တန်းပို့ချခြင်း | ၃၀,၀၀၀ |
| | | သင်ကြားရေးအထောက်အကူပြု အထူးပစ္စည်းများ | ၁၀,၀၀၀ |
| | | ကျောင်းအဆောက်အဦးများကိုမသန်စွမ်း ကလေးများသွားလာနိုင်သည့်ပုံစံပြင်ဆင်ခြင်း | ၄၂၀,၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သောကုန်ကျစရိတ်မပါ) | ၆၇၅,၀၀၀ |
| | | မမျှော်မှန်းနိုင်သော ကုန်ကျစရိတ်၁၀%ထပ်ပေါင်းခြင်း | ၇၅,၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | **၇၅၀,၀၀၀** |
| | ဘတ်ဂျက်ကြိုတင်မှန်းဆချက်များ | ဖော်ပြရန်မရှိပါ။ | |
| အခြားအချက်အလက်များ | အမျိုးသားအဆင့်မူဝါဒ၊မဟာဗျူဟာများနှင့်ကိုက်ညီခြင်း | ဖော်ပြရန်မရှိပါ။ | |
| | စောင့်ကြည့်လေ့လာခြင်း | ဖော်ပြရန် မရှိပါ။ | |

### ၁. ၃. ၂။ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အချက်အလက်များကို အသိပညာပေး မြှင့်တင်ဆောင်ရွက်ခြင်း

| စီမံချက် အမည် | **မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များကို အသိ ပညာပေး မြှင့်တင်ခြင်း။** | |
|---|---|---|
| သတ်မှတ်ချက် | ပဓါနနယ်ပယ် | လူမှုကာကွယ်စောင့်ရှောက်ရေး |
| | တည်နေရာ | ထန်တလန်မြို့နယ်ရှိ ချင်းမသန်စွမ်းသူများအဖွဲ့အပါအဝင် အခြားတောင်းဆိုလာသည့် မြို့နယ်များ၊ စုစုပေါင်း(၃)မြို့နယ် |
| | စုစုပေါင်းဘတ်ဂျက် | အမေရိကန်ဒေါ်လာ ၃၅၀,၀၀၀ |
| | စီမံချက်ကာလ | ၂ နှစ် (ရှေ့ပြေးစီမံချက်) |
| စီမံချက်အကြောင်းအရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးဆိုင်ရာရည်ရွယ်ချက်**<br>ချင်းမသန်စွမ်းသူများအဖွဲ့ကို အားဖြည့်မြှင့်တင်ပေးခြင်းဖြင့် မသန်စွမ်း သူများ၏ အခြေအနေလိုအပ်ချက်များကို ကူညီဖေါ် ဆောင်သွားရန်၊<br><br>**လတ်တလောရည်ရွယ်ချက်များ**<br>- ချင်းပြည်နယ်တွင်းရှိ မြို့နယ်အဆင့်နှင့် ကျေးရွာအဆင့်များ ရှိ အစိုးရ ဝန်ထမ်းများနှင့် အဖွဲ့အစည်းများအတွင်း မသန်စွမ်းသူများ၏ အခွင့် အရေးဆိုင်ရာ သတင်းအချက် အလက်များ အသိပညာဗဟုသုတ ဖြန့် ဖြူးခြင်း၊<br>- စီမံချက်ဖေါ်ဆောင်မည့် မြို့နယ်(၃)မြို့နယ်တွင် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အုပ်စုများတည်ထောင်ဖွဲ့စည်း ခြင်း၊ |
| | စီမံချက်၏ ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအခြေအနေ**<br>မြန်မာနိုင်ငံတွင် ယေဘူယျအားဖြင့် မသန်စွမ်းသူများသည် လူ့အသိုင်း အဝန်းတွင်းမှ ဖယ်ကျဉ်ခြင်းခံသည့် ထိခိုက်လွယ်သည့် အုပ်စုများအနက် တစ်ခု အပါအဝင်ဖြစ်သည်။ ချင်းပြည်နယ်တွင် ကွင်းဆင်းလေ့လာမှုမှ ၎င်းအချက်ကို အတည်ပြု တွေ့ရှိခဲ့ပါသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများ အပါအဝင် ပြည်သူလူထုမှလည်း မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေး အချက်အလက်များကို လေ့လာသိရှိမှု၊ အလေးဂရုပြုမှု အ လွန်နဲပါသည်။ အထူးသဖြင့် မသန်စွမ်းကလေးသူငယ်များကို နှိမ်ချဆက်ဆံရခြင်း၊ လူမှု အသိုက်အဝန်းမှ ဖယ်ကျဉ်ခြင်းနှင့် အခြေခံပညာကျောင်းများတွင် ပညာ တက်ရောက်သင်ကြားနိုင်ခြင်း အလွန်နဲပါသည်။ မသန်စွမ်းသူများအား သက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးရေးမှာ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ပြီး၊ အမှီအခိုကင်းစွာ နေထိုင်နိုင်ရေးကိုလည်း ဖြစ်စေသည့် အကြောင်းအခြေအနေတစ်ရပ် ဖြစ်ပါသည်။ လူမှုကာကွယ်စောင့်ရှောက် ရေးရှုထောင့်မှ ကြည့်မည်ဆိုပါက မသန်စွမ်းသူများ ပါဝင်သည့် အိမ် ထောင်စုများကို ဦးတည်ကာ အစီအစဉ်များ ဖေါ်ဆောင်ခြင်းသည် ဆင်းရဲ နွမ်းပါးမှု လျှော့ချရေးအတွက် အကျိုးရလဒ်ကောင်းများ ရစေနိုင်ပါ သည်။ မသန်စွမ်းသူတစ်ယောက်၏ ဝင်ငွေရှာနိုင်မှုစွမ်းရည်ကို လျစ်လျူရှုထား တတ်လေ့ရှိကြသည်။ မသန်စွမ်းသူများ အတွက် အလုပ်အကိုင် အခွင့် အလမ်းများနှင့် ဝင်ငွေရအလုပ်များ ဖေါ်ဆောင်ပေးနိုင်ရန် မသန်စွမ်း |

| စီမံချက် အမည် | **မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များကို အသိ ပညာပေး မြှင့်တင်ခြင်း။** |
|---|---|
| | သူများဆိုင်ရာ အခွင့်အရေးများ၊ ဖြစ်နိုင်ချေ အခြေအနေများကို အများပြည်သူသိရှိလိုက်နာ ကျင့်ကြံနိုင်ရန် အသိပညာပေးပွဲများကို ပထမ အဆင့်အနေဖြင့် လုပ်ဆောင်ရမည်။ ဤရှေ့ပြေးစီမံချက်ကာလတွင် အသိပညာပေးခြင်း လုပ်ငန်းရပ်များ ကိုအထူး အလေးထား လုပ်ဆောင်ပါမည်။ ထန်တလန်မြို့နယ်တွင် ရှိပြီးဖြစ်သည့် ချင်း မသန်စွမ်းသူများအဖွဲ့အနေဖြင့် တက်ကြွစွာ ဦးဆောင်ပါဝင် နိုင်မည်ဖြစ်သောကြောင့် စီမံချက်ကို ထန်တလန်မြို့နယ်မှ အစပြုမည်။ ချင်းမသန်စွမ်းသူများအဖွဲ့ကို အမျိုးသားအဆင့် မသန်စွမ်းသူများအရေးကို ဆောင်ရွက်နေသည့် အဖွဲ့အစည်း များ၊ မြို့နယ်နှင့်ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့် ချိတ်ဆက်ပေးခြင်း အားဖြင့် စွမ်းရည်၊ ဗဟုသုတများ တိုးပွါးကာ ချင်းပြည်နယ်အတွင်း အိမ်တိုင်ရာရောက် အသိပညာပေးလုပ်ငန်းများ၊ ကျေးရွာတွင်း အသိပညာပေး စကားဝိုင်းများ ဖေါ်ဆောင်ပေးနိုင်ပါမည်။<br><br>**မျှော်မှန်းရလဒ်**<br>ချင်းပြည်နယ် ဒေသတွင်းပြည်သူများအကြားတွင် မသန်စွမ်း သူများဆိုင်ရာ အခွင့်အရေးများ၊ ပညာသင်ကြားရေးနှင့် သက်မွေး ဝမ်းကျောင်းပညာ အခွင့် အလမ်းများအကြောင်း အသိပညာ ဗဟုသုတများ တိုးပွါးလိုက်နာ ဆောင်ရွက်နိုင်စေရန်၊<br><br>**ရလဒ်အညွှန်းကိန်း**<br>- ချင်းပြည်နယ်တွင်းရှိ မြို့နယ်နှင့် ကျေးရွာအဆင့်များရှိ အစိုးရဝန်ထမ်းများနှင့် အဖွဲ့အစည်းများ၏ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတတိုးလာခြင်း၊<br>- စီမံချက်ဖေါ်ဆောင်မည့် မြို့နယ်(၃)မြို့နယ်တွင် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အုပ်စုများ တည်ထောင်ဖွဲ့စည်း ခြင်း၊ |
| ဆောင်ရွက်ချက်များ | - ချင်းမသန်စွမ်းသူများအဖွဲ့ကို မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးများ၊ အမျိုးသားအဆင့် မသန်စွမ်းဥပဒေနှင့် အကြောင်းအရာများ၊ မဟာဗျူဟာဖေါ်ဆောင်ခြင်းများ အကြောင်း သင်တန်းပေးခြင်းအားဖြင့် ၎င်းတို့၏ အတွေ့အကြုံ အသိဗဟုသုတများကို လက်တွေ့လုပ်ဆောင် မှုများတွင် အသုံးချနိုင်ခြင်း၊<br>- အမျိုးသားအဆင့် မသန်စွမ်းသူများဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်နေသည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်း (ဥပမာ - မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ Myanmar Independent Living Initiative) http://www.myanmarili.org<br>- ချင်းပြည်နယ်တွင်းရှိ မြို့နယ်အဆင့်နှင့် ကျေးရွာအဆင့်များရှိ အစိုးရဌာနများ (ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး၊ လူမှုဝန်ထမ်း စသည်) အတွင်း မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များ အသိပညာဗဟုသုတ ဖြန့်ဖြူးခြင်း၊<br>- ထန်တလန်မြို့နယ်တွင်းမှ ကျေးရွာများတွင် မသန်စွမ်းသူများကို အဆင့်သတ်မှတ်ခြင်းနှင့်စာရင်းပြုမသန်စွမ်းမှတ်ပုံတင်ခြင်းများလုပ်ဆောင်ခြင်း၊ |

| စီမံချက် အမည် | **မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များကို အသိ ပညာပေး မြှင့်တင်ခြင်း။** | | |
|---|---|---|---|
| | | - အခြားမြို့နယ်(၃)မြို့နယ်တွင် မသန်စွမ်းအဖွဲ့များ ဖွဲ့စည်းကာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ | |
| | အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | ချင်းမသန်စွမ်းသူများအဖွဲ့သည် စီမံချက်လုပ်ငန်းများကို အဓိကဖော်ဆောင်သွားမည်။ ဖြစ်ပြီးအစိုးရဌာနများအတွင်း အသိပညာပေး၊ သတင်းအချက်အလက်များ ဖြန့်ခြင်းများကို လူမှုဝန်ထမ်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ပူးပေါင်းလုပ်ဆောင် သွားပါမည်။ | |
| ဘဏ္ဍာရေးဆိုင်ရာ သတင်း အချက်အလက်များ | ဘတ်ဂျက် | **လုပ်ငန်းရပ်** | **ခန့်မှန်းကုန်ကျစရိတ်(အမေရိကန်ဒေါ်လာ)** |
| | | အဖွဲ့ခေါင်းဆောင်-မသန်စွမ်းသူများ အခွင့် အရေးဆိုင်ရာ နိုင်ငံသားအကြံပေးပညာရှင် (တစ်လလျှင် US$ ၃၀၀၀ ဖြင့် ၂၀လ) | ၆၀,၀၀၀ |
| | | မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာအပြည်ပြည်ဆိုင်ရာအကြံပေး (တစ်လလျှင် US$ ၁၅၀၀၀ ဖြင့် ၂လ) | ၃၀,၀၀၀ |
| | | ဥပဒေပိုင်းဆိုင်ရာ နိုင်ငံသားအကြံပေး ပညာရှင် (တစ်လလျှင် US$ ၃၀၀၀ ဖြင့် ၃လ) | ၉,၀၀၀ |
| | | မသန်စွမ်းသူများစာရင်းပြုစုခြင်း၊ မှတ်ပုံတင်မှတ်တမ်းပြုစုခြင်း | ၁၀,၀၀၀ |
| | | အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ခြင်း | ၁၀,၀၀၀ |
| | | သယ်ယူပို့ဆောင်ရေးနှင့်ခရီးစရိတ်များ | ၄၀,၀၀၀ |
| | | သင်တန်းအထောက်အကူပြုနှင့် မြှင့်တင်ရေး ပစ္စည်းများပုံနှိပ်ခြင်း | ၅,၀၀၀ |
| | | ပြည်နယ်နှင့်မြို့နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲများ | ၃၀,၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သော ကုန်ကျစရိတ်မပါ) | ၃၁၅,၀၀၀ |
| | | မမျှော်မှန်းနိုင်သော ကုန်ကျစရိတ် ၁၀%ထပ်ပေါင်းခြင်း | ၃၅,၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | **၃၅၀,၀၀၀** |
| | ဘတ်ဂျက်ကြိုတင် မှန်းဆချက်များ | **ဖော်ပြရန်မရှိပါ။** | |
| အခြား | အမျိုးသားအဆင့်မူ | ပြည်နယ်/မြို့နယ်အဆင့် အစိုးရဝန်ထမ်းများကို သင်တန်းများ ပို့ချရာတွင် | |

| | | |
|---|---|---|
| စီမံချက်<br>အမည် | **မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များကို အသိ ပညာပေး မြှင့်တင်ခြင်း။** | |
| အချက်<br>အလက်များ | ဝါဒ၊မဟာဗျူဟာ<br>များနှင့်ကိုက်ညီခြင်း | စီမံချက်အနေဖြင့် အမျိုးသားအဆင့်မူဝါဒ၊ မသန်စွမ်းဥပဒေ၊ မဟာဗျူ ဟာများနှင့် ကိုက်ညီမှုရှိရန်လိုအပ် ပါသည်။ |
| | စောင့်ကြည့်<br>လေ့လာခြင်း | ဖော်ပြရန် မရှိပါ။ |

## ၁. ၄။ အမျိုးသမီးအခွင့်အရေးများကိုပံ့ပိုးဖေါ်ဆောင်ပေးသည့်စီမံချက်များ

### ၁. ၄. ၁။ အမျိုးသမီးများ၏မျိုးဆက်ပွားကျန်းမာရေး

| | | |
|---|---|---|
| စီမံချက်<br>အမည် | မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမှီရရှိမှုနှင့် အမျိုးသမီးအခွင့် အရေးများကို မြှင့်တင်ခြင်းစီမံချက်၊ | |
| သတ်မှတ်ချက် | ပဓါနနယ်ပယ် | မျိုးဆက်ပွားကျန်းမာရေး |
| | တည်နေရာ | ချင်းပြည်နယ်ရှိ မြို့နယ်(၃)မြို့နယ် (ကနဦးအဆင့်) |
| | စုစုပေါင်းဘတ်ဂျက် | အမေရိကန်ဒေါ်လာ ၇၀၀,၀၀၀ |
| | စီမံချက်ကာလ | ၃ နှစ် (ကနဦးအဆင့်) |
| စီမံချက်<br>အကြောင်း<br>အရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးဆိုင်ရာရည်ရွယ်ချက်**<br>ချင်းပြည်နယ်တွင် အမျိုးသမီးများ ၎င်းတို့၏ မျိုးဆက်ပွားဖြစ်စဉ်၊ မိသားစု အရွယ်အစား၊ သားဆက်ခြားနှင့် အထွေထွေ ကျန်းမာရေးကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုများနှင့် အထောက်အကူပြုပစ္စည်းများ လက်လှမ်းမီရရှိမှု သေချာစေရန်၊<br><br>**လတ်တလောရည်ရွယ်ချက်များ**<br>- ကျန်းမာရေးဝန်ထမ်းများနှင့်ပြည်သူများအကြား သားဆက်ခြားစီစဉ်မှုများ၊ အိတ်ချ်အိုင်ဗွီနှင့် လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ (STDs) အကြောင်း အသိပညာဗဟု သုတများ တိုးမြှင့်လာစေရန်၊<br>- ဆေးခန်းများနှင့်ဆေးရုံများအားလုံးတွင် ထိရောက်သည့် သားဆက်ခြား ကျန်းမာရေးဝန်ဆောင်မှုများ၊ အိတ်ချ်အိုင်ဗွီနှင့် လိင်မှတစ်ဆင့်ကူးစက် တတ်သောရောဂါများ စစ်ဆေးခြင်းနှင့် ကာကွယ်ထိန်းချုပ်ခြင်းများ လုပ်ဆောင်နိုင်ရန် လိုအပ်သည့် စစ်ဆေးခြင်းကိရိယာများ၊ ကျန်းမာရေး ပစ္စည်းများနှင့် ဝန်ဆောင်မှုကျွမ်းကျင်ခြင်းများ သေချာစေရန်၊<br>- မိခင်များ ကလေးမွေးဖွားမှုနှင့် စပ်ဆိုင်သည့် ကျန်းမာရေးနှင့် အသက် အန္တရာယ်ရှိမှုများကို လျှော့ချနိုင်ရန် ကျေးလက်ကျန်းမာရေး ဝန်ဆောင် မှုလုပ်ငန်းအဆင့်ဆင့်ရှိ ကျန်းမာရေးဝန်ထမ်းများကို ကျွမ်းကျင်မှု သင်တန်းများ၊ ပစ္စည်းကိရိယာများ၊ လုပ်ငန်းအထောက်အကူ ပစ္စည်း များ စသည်တို့ကို လုပ်ဆောင်ပေးထားခြင်း |
| | | |

| စီမံချက် အမည် | မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိမှုနှင့် အမျိုးသမီးအခွင့် အရေးများကို မြှင့်တင်ခြင်းစီမံချက်၊ | |
|---|---|---|
| | စီမံချက်၏ ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအခြေအနေ**<br>UNICEF/MICS 'Myanmar Multiple Indicators Cluster Survey' ၂၀၀၉-၂၀၁၀အခြေအနေပြ ကိန်းဂဏန်းများမှ ဖော်ပြသည်မှာ ချင်းပြည်နယ်မှ သားဆက်ခြားစီမံကိန်းနှင့် ပါတ်သက်၍ အိမ်ထောင်ကျပြီးသော အမျိုးသမီးများ၏ ၇.၈% သာ သားဆက်ခြားနည်းလမ်းတစ်မျိုးမျိုးကို သုံးစွဲကြပြီး ပြည်ထောင်စုအဆင့်တွင် အနိမ့်ဆုံးသုံးစွဲမှုနှုန်း ဖြစ်ပါသည်။ အိတ်ချ်အိုင်ဗွီနှင့် လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများ (STDs) များနှင့်ပါတ်သက်၍ အမျိုးသမီးများ၏ ၃.၃% သာ မည်သည့်နေရာတွင် အိတ်ချ်အိုင်ဗွီစစ်ဆေးနိုင်သည်ကို သိကြသည်။ လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများ ကူးစက် ခြင်းမှ ကာကွယ်နည်း(၃)သွယ်ကို ဖြေဆိုနိုင်သူ ၂၂.၂% သာရှိပါသည်။ ကျွမ်းကျင်သည့်ကျန်းမာရေး ဝန်ထမ်းနှင့် ကိုယ် ဝန်စောင့်ရှောက်မှုခံယူမှုတွင်လည်း ချင်းပြည်နယ်သည် အနိမ့်ဆုံးအဆင့်တွင်ရှိနေပြီး မိခင်လောင်းများ၏ ၅၀%သာ စောင့်ရှောက်မှု ရရှိကြသည်။ ကလေးမွေးဖွားရာတွင် မွေးဖွားမှုစုစု ပေါင်း၏ ၂၅.၁% သည် အရပ်လက်သည်၊ ၁၀.၄% သည် အကူအညီလုံးဝမရှိဘဲ ကလေးမွေးဖွားကြပြီး၊ ၅.၆%သာ ကျန်းမာရေးဌာနများတွင် မွေးဖွားကြသည်။<br><br>**မျှော်မှန်းရလဒ်**<br>- ချင်းပြည်နယ်တွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ စသည့် အဆင့် အသီးသီးရှိ ကျန်းမာရေးဝန်ဆောင်မှုပေးသူများ၊ အစိုးရဌာနများ၊ လူမှုရေးအဖွဲ့များ၊ လူထုအခြေပြုအ ဖွဲ့များသည် သားဆက်ခြား ကျန်းမာရေး ဝန်ဆောင်မှုများ၊ မျိုးဆက်ပွားကျန်းမာရေးတို့တွင် နည်းပညာ၊အတတ်ပညာ ကျွမ်းကျင်မှုနှင့် ဗဟုသုတများ ပိုမိုကောင်းမွန် မြင့်မား ခြင်း၊<br>- အမျိုးသမီးများနှင့် အမျိုးသားများ အပါအဝင် ပြည်သူများသည် သားဆက်ခြား ကျန်းမာ ရေးဝန်ဆောင်မှုများနှင့် မျိုး ဆက်ပွားကျန်းမာရေး အသိပညာဗဟုသုတများ ပြည့်ဝခြင်း၊<br><br>**ရလဒ်အညွှန်းကိန်း**<br>- သင့်လျော်သောအချိန်ကာလ အပိုင်းအခြားအတွက်သားဆက်ခြား ခြင်းနှင့်မိသားစုများတွင် သင့်လျော်သောကလေးအရေအတွက် မွေးဖွားခြင်းကို ကျင့်သုံးခြင်း၊<br>- ကလေးသေနှုန်းနှင့် မွေးဖွားစဉ်မိခင်သေနှုန်းများကို လျှော့ကျခြင်း၊<br>- အိတ်ချ်အိုင်ဗွီနှင့် လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါ ကူးစက်မှုနှုန်း ကျဆင်းခြင်း၊ |
| | ဆောင်ရွက်ချက်များ | - ဒေသတွင်းတာဝန်ရှိသူများ၊ ပြည်သူအခြေပြုအဖွဲ့များ၊ ပါဝင်ပါတ်သက်သူများအားလုံးနှင့် (သံဃာတော်များ၊ ဓမ္မဆရာများ၊ ခရစ်ယာန်ကျောင်းမှ ခေါင်းဆောင်များ) အသိပေး ဆွေးနွေးပွဲများကျင်းပခြင်း၊<br>- ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာစသည့် အဆင့်အသီးသီးရှိ အစိုးရဌာနများ၊ လူမှုရေးအဖွဲ့များ၊ လူထုအခြေပြုအဖွဲ့များကို သားဆက်ခြား |

| စီမံချက်အမည် | မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိမှုနှင့် အမျိုးသမီးအခွင့် အရေးများကို မြှင့်တင်ခြင်းစီမံချက်၊ | |
|---|---|---|
| | | ကျန်းမာရေးနှင့် မျိုးဆက်ပွားကျန်းမာ ရေးဆိုင်ရာအသိပညာပေး သင်တန်းများ ပို့ချခြင်း၊<br>- ကျေးရွာအဆင့် ကျန်းမာရေးအကူဆရာ၊ဆရာမများကို ကလေးမွေးဖွား မှုဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ပို့ချခြင်း၊ မွမ်းမံသင်တန်းများ ပို့ချခြင်း၊<br>- သားဆက်ခြားကျန်းမာရေးနှင့် မျိုးဆက်ပွားကျန်းမာရေး ဆိုင်ရာ အသိ ပညာပေးအထောက်အကူပြု စာစောင်များ စသည်တို့ကို ချင်းဘာသာ စကားဖြင့် ပြင်ဆင်ဖြန့်ဝေခြင်း၊<br>- ကလေးမွေးဖွားပေးသည့် ဆေးခန်းများအားလုံးကို ကြည့်ရှု ဆန်းစစ်ကာ ဘေးကင်းသော ကလေးမွေးဖွားမှုဖြစ်စေရန် လိုက်နာရမည့် အခြေခံ သန့်ရှင်းမှုများအတွက် လိုက်နာရ မည်များကိုအဆိုပြုခြင်း၊<br>- သားဆက်ခြားကျန်းမာရေးနှင့် မျိုးဆက်ပွားကျန်းမာရေး ဆိုင်ရာများကို အမျိုးသမီးထု ကောင်းစွာနားလည်သဘော ပေါက်စေရန် အသိပညာ မြှင့်တင်ရေးလုပ်ငန်းများကို အမျိုးသမီးအဖွဲ့များနှင့် လူထုအခြေပြုအဖွဲ့ များအား လှုပ်ရှားဖေါ် ဆောင်စေခြင်း၊<br>- ဘေးကင်းသော ကလေးမွေးဖွားမှု ဖြစ်စေရန် လိုက်နာရမည့် အခြေခံ သန့်ရှင်းမှုများအတွက် မဖြစ်မနေသုံးစွဲရမည့် အခြေခံပစ္စည်း ကိရိယာ များ ပံ့ပိုးပေးခြင်းနှင့် ကျေးလက်ကျန်းမာရေး ဆေးခန်းများကို ပြန်လည် ပြုပြင်ခြင်းများ၊<br>- ကျေးရွာအသီးသီးရှိ သယ်ယူပို့ဆောင်ရေး အခြေအနေများ ကို စစ်တမ်း ကောက်ယူကာ အမျိုးသမီးများ ကလေးမွေးဖွားခြင်း၊ ပြည်သူများနာမ ကျန်းဖြစ်ခြင်း၊ ထိခိုက်ဒါဏ်ရာရခြင်း စသည်တို့ဖြစ်လျှင် ဆေးရုံ/ ဆေးခန်းများသို့ အရေးပေါ်ပို့ဆောင်နိုင်မှု လူထုအခြေပြုစနစ်ကို ဖွဲ့စည်း တည်ထောင်ခြင်း၊<br>- လက်ကိုင်ဖုန်းလိုင်းမိသော နေရာများတွင် ဝေးလံသော ကျေးရွာများနှင့် အနီးဆုံးကျန်းမာရေးဌာနများအကြား ဆက်သွယ်ရေးအချက်ပြများ ဖေါ် ဆောင်ခြင်း၊<br>- ကျေးလက်ဆေးပေးခန်းမရှိသော ကျေးရွာများတွင် မိခင်များကလေး မမွေးမီကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်းနှင့် မွေးပြီးကာလ ကျန်းမာရေး စောင့်ရှောက်ခြင်းအတွက် ရွေ့လျားဆေးခန်းများကို ရွှေ့ပြောင်းအစီအစဉ် အနေဖြင့် ဖေါ်ဆောင်ခြင်း၊<br>- ကိုယ်ဝန်ဆောင်မိခင်အားလုံးကို အိတ်ချ်အိုင်ဗွီစစ်ဆေးခြင်းနှင့် လိုအပ် ပါက မိခင်မှကလေးသို့ အိတ်ချ်အိုင်ဗွီ ကူးစက်ခြင်းမှ ကာကွယ်ရန် ကုထုံး ပေးခြင်း၊<br>- စီမံချက်နေရာအသီးသီးတွင် ပြည်သူလူထု အုပ်စုများအတွက် ရွေ့လျား ဆေးခန်းများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်လုပ်ဆောင်ပေး ခြင်း၊ |
| | အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | - ဤစီမံချက်ကို လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆောင်ညှိနှိုင်းမှုများ တာဝန် ယူလုပ်ဆောင်ပေးရမည်ဖြစ်ပြီး လေ့လာမှု သတင်းအချက်အလက်များ ကောက်ယူခြင်း၊ ဆန်းစစ်ခြင်း၊ သင်တန်းများပေးခြင်း၊ အမျိုးသမီးအဖွဲ့ |

| စီမံချက် အမည် | မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိမှုနှင့် အမျိုးသမီးအခွင့် အရေးများကို မြှင့်တင်ခြင်းစီမံချက်၊ | |
|---|---|---|
| | | များဖွဲ့စည်းခြင်း စသည်တို့ကို လူမှုရေးအဖွဲ့များ၊ လူထုအခြေပြု လူမှုရေး အဖွဲ့များမှ ဦးဆောင်လုပ်ဆောင်ပေးရမည်။ ကျန်းမာရေးဌာနအနေဖြင့် စီမံချက်၏ဆေးဘက်ဆိုင်ရာ ကုသမှုအပိုင်းများ၊ကျေးလက် ကျန်းမာရေး ဆေးပေးခန်းများကို မွမ်းမံပြင်ဆင်ခြင်းတို့ ဆောင်ရွက်ရာတွင် တာဝန် ယူရပါမည်။ |
| ဘဏ္ဍာရေး ဆိုင်ရာ သတင်း အချက် အလက်များ | ဘတ်ဂျက် | |

| **လုပ်ငန်းရပ်** | **ခန့်မှန်းကုန်ကျစရိတ်(အမေရိကန်ဒေါ်လာ)** |
|---|---|
| အဖွဲ့ခေါင်းဆောင် - သားဆက်ခြားနှင့် မျိုးဆက်ပွား အကြံပေးပညာ ရှင် - နိုင်ငံသား (တစ်လလျှင် US$ ၃၀၀၀ ဖြင့် ၃၀လ) | ၉၀,၀၀၀ |
| အပြည်ပြည်ဆိုင်ရာအကြံပေး/ စီမံကိန်းရေးဆွဲသူ (တစ်လလျှင် US$ ၁၅၀၀၀ ဖြင့် ၂လ) | ၃၀,၀၀၀ |
| ပညာပေးအထောက်အကူစာစောင်များနှင့် ကွန်ပြူတာ ပိုင်းဆိုင်ရာအကြံပေးပညာရှင် -နိုင်ငံသား (တစ်လလျှင် US$ ၃၀၀၀ဖြင့် ၃လ) | ၉,၀၀၀ |
| ဝေးလံသော ဆေးရုံ၊ဆေးခန်းများတွင် ကျန်းမာရေး စောင့်ရှောက်မှုများ စစ်တမ်းကောက်ယူခြင်း | ၄၀,၀၀၀ |
| အရေးပေါ်သယ်ယူပို့ဆောင်ရေး အထောက်အကူနှင့် စနစ် | ၂၀,၀၀၀ |
| သယ်ယူပို့ဆောင်ရေးအထောက်အကူနှင့် ခရီးရိတ်များ | ၄၀,၀၀၀ |
| အရေးပေါ်သယ်ယူပို့ဆောင်ရေး အထောက် အကူနှင့်စနစ် | ၂၀,၀၀၀ |
| ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုစနစ် ထူထောင်ခြင်း | ၁၀၀,၀၀၀ |
| သင်တန်းအထောက်အကူပြုနှင့် မြှင့်တင်ရေးပစ္စည်းများပုံနှိပ်ခြင်း | ၁၅,၀၀၀ |
| စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သောကုန်ကျ စရိတ်မပါ) | ၆၄၅,၀၀၀ |
| မမျှော်မှန်းနိုင်သော ကုန်ကျစရိတ်၁၀%ထပ်ပေါင်းခြင်း | ၅၅,၀၀၀ |
| စုစုပေါင်းဘတ်ဂျက် | **၇၀၀,၀၀၀** |

| စီမံချက်<br>အမည် | မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမှီရရှိမှုနှင့် အမျိုးသမီးအခွင့် အရေးများကို မြှင့်တင်ခြင်းစီမံချက်၊ | |
|---|---|---|
| | ဘတ်ဂျက်ကြိုတင်<br>မှန်းဆချက်များ | **ဖော်ပြရန်မရှိပါ။** |
| အခြား<br>အချက်<br>အလက်များ | အမျိုးသားအဆင့်မူ<br>ဝါဒ၊မဟာဗျူဟာမျ<br>ားနှင့်ကိုက်ညီခြင်း | **ဖော်ပြရန်မရှိပါ။** |
| | စောင့်ကြည့်<br>လေ့လာခြင်း | ဖော်ပြရန် မရှိပါ။ |

## ၁. ၄. ၂။ ချင်းပြည်နယ်ရှိ အမျိုးသမီးများအတွက် ဥပဒေရေးရာ အထောက်အကူအကြံပေး သင်တန်းများ (PLAT)

| စီမံချက်အမည် | ချင်းပြည်နယ်ရှိ အမျိုးသမီးများအတွက် ဥပဒေအထောက်အကူပြု အကြံပေးသင်တန်းများ | |
|---|---|---|
| သတ်မှတ်ချက် | ပါဝါနယ်ပယ် | လူမှုကာကွယ်စောင့်ရှောက်ရေး၊ ကျား-မတန်းတူညီမျှရေး၊ လူ့ အခွင့်အရေး၊ ပညာရေး၊ သက်မွေးဝမ်းကျောင်းနှင့် အလုပ်အ ကိုင်ဖန်တီးခြင်း |
| | တည်နေရာ | ချင်းပြည်နယ် |
| | စုစုပေါင်းဘတ်ဂျက် | အမေရိကန်ဒေါ်လာ ၂၁၅,၀၀၀ |
| | စီမံချက်ကာလ | ၂ နှစ် |
| စီမံချက်<br>အကြောင်း<br>အရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးဆိုင်ရာရည်ရွယ်ချက်**<br>တရားစီရင်ရေးကဏ္ဍတွင် အမျိုးသမီးများ၏ပါဝင်မှု မြှင့်တက်စေရန်။ ကျား-မတန်းတူ အခွင့်အရေးရရှိရေး၊ နိုင်ငံတကာနှင့် နိုင်ငံတွင်း ကျင့်သုံးနေသော အမျိုးသမီး အခွင့်အရေးများ ရရှိစေခြင်းဆိုင်ရာလုပ်ဆောင်မှုများကို ဥပဒေအကြောင်း သင်ယူလေ့လာထားသော၊ လေ့ကျင့်ထားသော အမျိုးသမီးများမှ လက်တွေ့ဖေါ်ဆောင်နိုင်ခြင်း၊<br><br>**လတ်တလောရည်ရွယ်ချက်များ**<br>- ဥပဒေရေးရာအကြံပေး ကျွမ်းကျင်ပညာရှင်တစ်စု မွေးထုတ်ကာ ၎င်းတို့ သက်ဆိုင်ရာမြို့နယ်တရားရုံးများနှင့် စပ်ဆက်သော ကဏ္ဍများတွင် ကြားခံစေ့စပ်ပေးသူ၊ ဥပဒေရေးရာ နှစ်သိမ့်ဆွေးနွေးပညာပေးသူ၊ လူထုတရားသူကြီးများအဖြစ် ဆောင်ရွက်နိုင်စေရန်၊<br>- ပြည်နယ်တွင်း တရားဥပဒေလိုက်နာရေးကို ပိုမိုဖြစ်စေခြင်းနှင့် ချင်းပြည်နယ်ရှိ အမျိုးသမီးများ ဥပဒေရေးရာကိစ္စရပ်များကို လက်လှမ်းမှီသိရှိထားခြင်း၊<br>- ချင်းပြည်နယ် တရားစီရင်ရေးတွင် ကျား-မ ခွဲခြားဆက်ဆံခြင်းများ လျှော့ချနိုင်ခြင်းကို ကျား-မတန်းတူအခွင့်အရေးရ ရှိရေးနှင့် ဥပဒေအကြောင်း သင်ယူလေ့လာထားသော၊ လေ့ကျင့်ထားသော အမျိုးသမီးများမှ လက်တွေ့ဖေါ်ဆောင် ပေးနိုင်ခြင်း၊ |
| | | |

| စီမံချက်အမည် | ချင်းပြည်နယ်ရှိ အမျိုးသမီးများအတွက် ဥပဒေအထောက်အကူပြု အကြံပေးသင်တန်းများ |
|---|---|

**စီမံချက်၏ ကြောင်းကျိုး ဆက်နွှယ်မှု**

**နောက်ခံအခြေအနေ**

ချင်းပြည်နယ် တရားစီရင်ရေး လုပ်ဆောင်မှုများသည် မြန်မာနိုင်ငံလုံးဆိုင်ရာ ဥပဒေ၊ ထုံးတမ်းစဉ်လာဥပဒေများ၊ အချို့ကိစ္စရပ်များတွင် ဒေသတွင်းရိုးရာထုံးတမ်းစဉ်လာများ၊ ဓလေ့များနှင့် ရောယှက်နေပါသည်။ နေရာဒေသအသီးသီးတွင် ဥပဒေစနစ်ကို ဖြန့်ကျက်ခြင်းနှင့် လေ့ကျင့်ခြင်းများ ပြုလုပ်သည့်အခါ အမျိုးသမီးများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ခွဲခြားနှိမ့်ချ ဆက်ဆံခံရခြင်းများ ရှိပါသည်။ အဆိုပါဖြစ်ရပ်သည် မြန်မာနိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဖော်ပြပါရှိသည့် ကျား-မတန်းတူအခွင့်အရေးများ ရရှိခြင်းနှင့် မြန်မာနိုင်ငံမှ လိုက်နာဖော်ဆောင်ရန် သဘောတူလက်မှတ်ရေး ထိုးပြီးဖြစ်သော အမျိုးသမီးများ အားနည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (CEDAW) များနှင့် ဆန့်ကျင်နေပါသည်။ အဆိုပါ ဥပဒေမူဘောင်များက ကျား-မတန်းတူညီမျှခြင်းတွင် ဥ ပဒေပိုင်း၊ သဘောတရားပိုင်းသာမက ယေဘူယျသဘော-လက်တွေ့ သဘောအရေးကြီးမှုများကို မီးမောင်းထိုးပြနေပါ သည်။ ချင်းပြည်နယ် လက်ရှိတရားရေးစနစ်တွင် အဆင့်မြင့် တရားသူကြီးမင်းများမှသည် ကျေးရွာအဆင့် ဥပဒေအကြံပေးများအထိ တာဝန်ယူလုပ်ဆောင်နေသော လူသားအရင်းအမြစ်တွင် အမျိုးသားများက နေရာယူထားပါသည်။ ဓလေ့အားဖြင့် တရားရေး ရာနှင့် ဥပဒေရေးရာများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ခြင်းကို တွေ့ရလေ့မရှိပါ။ မြန်မာနိုင်ငံနှင့် ချင်းပြည်နယ် ဥပဒေစနစ်များတွင် အလားအလာရှိသော ထူးချွန်သူ ဥပဒေပညာရှင် အမျိုးသမီးများကို ရွေးချယ်ကာ အရည်အသွေးမြှင့်တင်ရေး သင်တန်းများဖြင့် အစပြုကာ ဥပဒေရေးရာစနစ်တွင် အမျိုးသမီးများ၏ ပါဝင်မှုတိုးမြှင့်တက်လာရေးကိုဖော်ဆောင်မည်ဟု ရည်ရွယ်ပါသည်။

**စီမံချက်လုပ်ဆောင်ရန်လိုအပ်နေမှုများ**

- အမျိုးသမီးများသည် ချင်းပြည်နယ်တရားစီရင်ရေးနှင့် အုပ်ချုပ်ရေးစနစ်များ၊ အထူးသဖြင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် အမျိုးသားများနည်းတူ ပါဝင်ဆောင်ရွက် ရန်လိုသည်။
- တရားစီရင်ရေးစနစ်တွင် အမျိုးသမီးများအတွက် အမျိုးသမီးကိုယ်စားလှယ်များ လိုအပ်ပါသည်။
- တရားလို၊တရားခံ၊စွပ်စွဲသူ၊စွပ်စွဲခံရသူ မည်သည့်အမျိုးသမီး မဆိုင၎င်းတို့၏ လိုအပ်ချက်နှင့် အခွင့်အရေးများအတွက် ကျား-မရေးရာဂရုပြုခြင်းနည်းလမ်းဖြင့် ကိုင်တွယ်ဖြေရှင်း ခံရသင့်သည်။

**မျှော်မှန်းရလဒ်**

- အမျိုးသမီး ဥပဒေရေးရာအကြံပေး၊ ကျွမ်းကျင်ပညာရှင် တစ်စုကို ချင်းပြည်နယ် ရှိ မြို့နယ်တိုင်းအတွက် မွေးထုတ်မည်။
- ပြည်နယ်အစိုးရ၏ လမ်းညွှန်ကူညီမှုဖြင့် လူမှုအသိုက်အဝန်းအတွင်း၎င်းတို့၏အခန်းကဏ္ဍ (အထူးသဖြင့်အမျိုးသမီးများအတွက်)ကို မြှင့်တင်ဖော်ဆောင်ပေးမည်။ ချင်းအမျိုးသမီးများ၏ အကျိုးအတွက်လုပ်

| စီမံချက်အမည် | ချင်းပြည်နယ်ရှိ အမျိုးသမီးများအတွက် ဥပဒေအထောက်အကူပြု အကြံပေးသင်တန်းများ | |
|---|---|---|
| | | ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဖေါ်ဆောင်နိုင်ရန် အမျိုးသမီးဥပဒေရေးရာအကြံပေး၊ ကျွမ်းကျင်ပညာရှင်ကွန်ယက်ကို ထူထောင်မည်။<br>- အမျိုးသမီး ဥပဒေရေးရာအကြံပေး၊ ကျွမ်းကျင်ပညာရှင်များရှိကြောင်းကို ချင်းပြည်နယ်တွင်းရှိ အမျိုးသမီးများကို အသိပေးရမည်။ သို့မှသာ ယင်းလေ့ကျင့်သင်တန်းပေးထားသော ကျွမ်းကျင်သည့် အမျိုးသမီးဥပဒေရေးရာအကြံပေးများ ကျွမ်းကျင်ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးခြင်းအားဖြင့် အမျိုးသမီးအခွင့်အရေးများ လက်လှမ်းမှီရယူနိုင်ခြင်းအတွက် သေချာစေမည်။<br>- လူမှုအသိုက်အဝန်းအတွင်း ကျား-မတန်းတူအခွင့်အရေးရရှိမှု အသိပညာများတိုးပွားစေပြီး၊ အမျိုးသမီးအခွင့်အရေးများကို သဘောပေါက်နားလည်ခြင်းများ ဖြစ်စေမည်။<br><br>**ရလဒ်အညွှန်းကိန်း**<br>- အမျိုးသမီးဥပဒေရေးရာအကြံပေး၊ကျွမ်းကျင်ပညာရှင်တစ်စုကိုချင်းပြည်နယ်ရှိ မြို့နယ်တိုင်းတွင် ရွေးချယ်ကာ ကွန်ယက်ဖွဲ့စည်းထားခြင်း၊<br>- အမျိုးသမီးဥပဒေရေးရာအကြံပေး၊ ကျွမ်းကျင်ပညာရှင်များကို ချင်းပြည်နယ်ရှိ မြို့နယ်တိုင်းတွင် ထားရှိခြင်း၊<br>- အမျိုးသမီးဥပဒေအကြံပေးကွန်ယက်ရှိသည်ဆိုခြင်းကို အ သိပေးခံထားရသည့် မြို့နယ်အသီးသီးမှ ပြည်သူများအရေအတွက်၊<br>- ပြည်သူများ ကျား-မတန်းတူအခွင့်အရေး အသိပညာဗဟုသုတ တိုးပွားလာခြင်း၊<br>- အမျိုးသမီး အခွင့်အရေးများအခြေပြု ပွဲဦးထွက် ဥပဒေအမှု အခင်းများကို အောင်မြင်စွာ ကိုင်တွယ်ခြင်း၊<br>- တရားရေး၊ ဥပဒေရေးစနစ်တွင် ကျား-မတူရှုချက် သဘောထားများ ပိုမိုပေါင်းစည်းပါဝင်လာခြင်း၊<br>- ဒေသတွင်း အစိုးရများ၏ ဆုံးဖြတ်ချက်များတွင် ကျား-မ တူရှုချက် သဘောထား ပါဝင်လာခြင်း၊<br>- ဥပဒေစနစ်တွင် အမျိုးသမီးများ ပိုမိုပါဝင်လာခြင်း၊ |
| | ဆောင်ရွက်ချက်များ | - ဥပဒေပညာနှင့် လက်တွေ့ကျွမ်းကျင်မှုဆိုင်ရာ သင်တန်း များ ပို့ချခြင်း၊ မြို့နယ် (၉)မြို့နယ်မှ အမျိုးသမီးဥပဒေ ရေးရာအကြံပေး၊ ကျွမ်းကျင်ပညာရှင်တစ်စု၏ စွမ်းဆောင်ရည်မြှင့်တင်ရန် အောက်ပါဥပဒေသင်တန်းအခြေခံ(၁၅)မျိုးကို ပို့ချမည်။<br>- အခြေခံကျသည့် ဥပဒေသဘောတရားများနှင့်ခံယူချက်များ<br>- မြန်မာ့နိုင်ငံရေးနှင့်တရားရေးဥပဒေစနစ်<br>- မြန်မာ့အခြေခံဥပဒေ<br>- နိုင်ငံတကာဥပဒေများ<br>- ထုံးတမ်းဓလေ့ဆိုင်ရာဥပဒေများ<br>- ကျင့်ထုံးဆိုင်ရာဥပဒေများ<br>- ပြစ်မှုဆိုင်ရာဥပဒေများ |

| စီမံချက်အမည် | ချင်းပြည်နယ်ရှိ အမျိုးသမီးများအတွက် ဥပဒေအထောက်အကူပြု အကြံပေးသင်တန်းများ | |
|---|---|---|
| | | - တရားမဥပဒေများ<br>- ထိမ်းမြားလက်ထပ်ခြင်းဥပဒေများ<br>- ဥပဒေဆိုင်ရာအရေးအသားနှင့်ညှိနှိုင်းခြင်းများ<br>- စီးပွားရေးနှင့်ကုန်သွယ်ရေးဥပဒေများ<br>- လူမျိုးနှင့်နိုင်ငံသားဖြစ်မှု<br>- အုပ်ချုပ်ရေးဥပဒေ<br>- အမျိုးသမီးအခွင့်အရေး၊ လူ့အခွင့်အရေး<br>- ကျား-မတန်းတူညီမျှခြင်း<br><br>အဆိုပါသင်တန်းများအတွက် သင်တန်းကာလမှ တစ်ခုစီလျှင် အနည်းဆုံး ရက်သတ္တပါတ်(၁)ပါတ် ကြာမည်ဖြစ်ပြီး ဝါရင့်အတွေ့အကြုံရှိသော နိုင်ငံသားနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေကျွမ်းကျင်ပညာရှင်များမှ သင်ကြားပို့ချပါမည်။ မြို့နယ်အသီးသီးမှ အမျိုးသမီး(၅)ဦးစီကို လေ့ကျင့်သင်ကြားပေးပါမည် (စုစုပေါင်းသင်တန်းဆင်း၄၅ ဦး)။<br>- သင်တန်းဆင်း အမျိုးသမီးဥပဒေရေးရာအကြံပေး၊ ကျွမ်းကျင်ပညာရှင်များအတွင်း အချင်းချင်းသိကျွမ်းဝင်မှုကိုလည်း ဖြစ်စေမည်။ သင်တန်းပြီးသည်နှင့် ယင်း(၄၅)ဦးအတွင်း အချင်းချင်း ဆက်သွယ်နိုင်မည့်နည်းလမ်းများ၊ အတူပူးပေါင်း ဆောင်ရွက်နိုင်မှု အခြေအနေများ၊ လုပ်နည်းများကို ဖလှယ် နိုင်ရန် ကွန်ယက်တစ်ခုကို ထူထောင်မည်။<br>- မြို့နယ်အသီးသီးတွင် သင်တန်းဆင်း အမျိုးသမီးများ၏ ဥပဒေအထောက် အကူအကြံဉာဏ်ရယူနိုင်သည့် ဌာနတစ်ခုစီကို တည်ထောင်မည်။ အမျိုးသမီးအခွင့်အရေးဆိုင်ရာ ပွဲဦး ထွက်ဥပဒေအမှု အခင်းများ ကို အောင်မြင်စွာကိုင်တွယ်ပါ လိမ့်မည်။<br>- အမျိုးသမီးဥပဒေအကြံပေး ကွန်ယက်ရှိသည်ဆိုသည့် အကြောင်းကို ချင်းပြည်နယ်လူထုများအား ကျယ်ကျယ်ပြန့်ပြန့် သတင်းဖြန့်ခြင်းကို အင်တိုက်အားတိုက် လုပ်ဆောင်ခြင်းအားဖြင့် ချင်းပြည်နယ်ရှိ အမျိုးသမီးများအတွက် ဥပဒေအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ပေး နိုင်မည်။<br>- ကျား-မတန်းတူ အခွင့်အရေးဆိုင်ရာ အသိပညာပေးပွဲများကို ပြည်သူများအတွင်း ဖြန့်ကြက်ဖေါ်ဆောင်ကာ အသိပညာဗဟုသုတများ တိုးပွားစေပြီး ကျား-မတန်းတူညီမျှမှု ဖေါ်ဆောင်ခြင်းနှင့် အမျိုးသမီးများ ဥပဒေနှင့် အခွင့်အရေးဆိုင်ရာ အထောက်အကူလိုပါက လက်လှမ်းမှီ ဆက်သွယ်ရ ယူနိုင်ခြင်းကို ဖြစ်စေမည်။<br>- စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်းစနစ်ကို တည်ဆောက်ပြီး ဒေသတွင်း အစိုးရများနှင့် အသိပညာအတွေ့အကြုံဗ ဟုသုတများဖလှယ်မည်။<br>စောင့်ကြည့်အကဲဖြတ်သည့်စနစ်ကို တည်ထောင်ပြီးအကဲဖြတ်ခြင်းများ ပြုလုပ်မည်။ အမျိုးသမီး ဥပဒေအကြံပေးများသည် ၎င်းတို့၏ တွေ့ရှိချက်များ၊ ဖွံ့ဖြိုးတိုးတက်မှုများကို ဒေသတွင်း အစိုးရများနှင့် ပုံမှန်မျှဝေမည်။ ဤသို့ဖြင့် ဒေသအုပ်ချုပ်ရေးပိုင်းတွင် ကျား-မတူရှုချက်များ ထည့်သွင်း ဖေါ်ဆောင်ခြင်းကို အထောက်အကူပြုပါသည်။ စီမံချက်အောင်မြင်မှုကို ရှေ့ပြေးစီမံချက် ၂ နှစ်ကာလအပြီးတွင်ဆန်းစစ်ပါမည်။ |

<table>
<tr><th>စီမံချက်အမည်</th><th colspan="2">ချင်းပြည်နယ်ရှိ အမျိုးသမီးများအတွက် ဥပဒေအထောက်အကူပြု အကြံပေးသင်တန်းများ</th></tr>
<tr><td></td><td>အကောင်အထည်ဖော်ဆောင်ရွက်ခြင်း</td><td>သင်တန်းများစီစဉ်ခြင်းနှင့် ပို့ချခြင်းများကို ဒေသတွင်းလူမှု ရေးအဖွဲ့အစည်းတစ်ခုမှ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင် ပညာရှင်များနှင့် ပူးပေါင်းဖေါ်ဆောင်နိုင်မည်။ သင်တန်းကာလပြီးဆုံးသည်နှင့် အမျိုးသမီးများအတွက် ဥပဒေဝန်ဆောင်မှုဌာနများ၊ စောင့်ကြည့်အကဲဖြတ်ခြင်းစနစ်တို့ကို ဖွဲ့စည်းတည်ဆောက်ပါမည်။ ကွန်ယက်တွင် ပုံမှန်အပြန်အလှန် ဆွေးနွေးတိုင်ပင်မှုများ၊ အစည်းအဝေးများကျင်းပခြင်း ဖြင့် အချင်းချင်း ယိုင်းပင်းဆောင်ရွက်မှုနှင့် အရည်အသွေး ကောင်းရလဒ်များ ပေါ်ထွက်ရေးကို အထောက်အကူဖြစ်ပါလိမ့်မည်။ စီမံချက်အတွက် နည်းပညာနှင့် စဉ်ဆက်မပြတ် အကဲဖြတ်ခြင်းများကို လူမှုရေးအဖွဲ့အစည်းနှင့် ဖွံ့ဖြိုးရေးမိတ် ဖက်အဖွဲ့အစည်းများမှ ပံ့ပိုးပေးနိုင်မည်။</td></tr>
<tr><td>ဘဏ္ဍာရေးဆိုင်ရာသတင်းအချက်အလက်များ</td><td>ဘတ်ဂျက်</td><td>
<table>
<tr><th>လုပ်ငန်းရပ်</th><th>ခန့်မှန်းကုန်ကျစရိတ်(အမေရိကန်ဒေါ်လာ)</th></tr>
<tr><td>ဥပဒေပညာနှင့် ကျွမ်းကျင်မှုသင်တန်းများ (၄၅ဦး)</td><td>၄၀,၀၀၀</td></tr>
<tr><td>၄၅ ဦး ဆက်သွယ်နှီးနှောမည့် ကွန်ယက် တည်ဆောက်ခြင်း (၂နှစ်)</td><td>၃၆,၀၀၀</td></tr>
<tr><td>မြို့နယ်အသီးသီးတွင် ဥပဒေအထောက်အကူ ရနိုင်မည့်ဌာနဖွဲ့ခြင်း</td><td>၄၅,၀၀၀</td></tr>
<tr><td>ချင်းပြည်နယ်လူထုများအား ကျယ်ကျယ်ပြန့်ပြန့် သတင်းဖြန့်ခြင်း</td><td>၄၅,၀၀၀</td></tr>
<tr><td>စောင့်ကြည့်အကဲဖြတ်သည့်စနစ်နှင့် အတွေ့အကြုံနှင့် တွေ့ရှိမှုများကို ပြည်နယ် အစိုးရများနှင့် မျှဝေခြင်း</td><td>၃၀,၀၀၀</td></tr>
<tr><td>စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သောကုန်ကျစရိတ်မပါ)</td><td>၁၉၆,၀၀၀</td></tr>
<tr><td>မမျှော်မှန်းနိုင်သော ကုန်ကျစရိတ် ၁၀%ထပ်ပေါင်းခြင်း</td><td>၁၉,၀၀၀</td></tr>
<tr><td>စုစုပေါင်းဘတ်ဂျက်</td><td>၂၁၅,၀၀၀</td></tr>
</table>
</td></tr>
<tr><td></td><td>ဘတ်ဂျက်ကြိုတင်မှန်းဆချက်များ</td><td>ဖော်ပြရန်မရှိပါ။</td></tr>
<tr><td>အခြားအချက်အလက်များ</td><td>အမျိုးသားအဆင့်မူဝါဒ၊မဟာဗျူဟာများနှင့်ကိုက်ညီခြင်း</td><td>အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက် ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (CEDAW) ကို ပြည်ထောင်စုမြန်မာ နိုင်ငံတော်အစိုးရက၁၉၉၇ ခုနှစ်တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့အတူ ဘေဂျင်းကြေညာ စာတမ်းနှင့်လုပ်ငန်းစီမံချက်များ (Bijing Platform for Action)ကိုလည်း လက်မှတ်ထိုးခဲ့ပါသည်။ ၂၀၀၈ခုနှစ် မြန်မာနိုင်ငံ အ</td></tr>
</table>

| စီမံချက်အမည် | ချင်းပြည်နယ်ရှိ အမျိုးသမီးများအတွက် ဥပဒေအထောက်အကူပြု အကြံပေးသင်တန်းများ | |
|---|---|---|
| | | ခြေခံဥပဒေ ပုဒ်မ၃၄၈တွင် ကျား-မ တန်းတူအခွင့်အရေးကို ထည့်သွင်း ဖေါ်ပြထားပါသည်။ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ကျား-မ၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ ခွဲခြားဆက်ဆံခြင်းမရှိစေရ။ ၂၀၁၃ခုနှစ်တွင် အမျိုးသမီးများဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာအမျိုးသားအဆင့်စီမံကိန်း (၂၀၁၃-၂၀၁၁) (NSPAW) ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်(MNCWA)မှစတင်ခဲ့ပါသည်။အဆိုပါ အဖွဲ့သည် ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းများကို အကောင်အထည် ဖော်ရန်နှင့် အမျိုးသမီးများဘဝကို မြှင့်တင်သည့် အနာဂတ်စီမံချက်များကို အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်ဖြင့် ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်း ခဲ့ခြင်းဖြစ်ပါသည်။ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာနကို အမျိုးသမီးရေးရာ အဓိကတာဝန်ခံအဖြစ် ခန့်အပ် ခဲ့ပါသည်။ NSPAW သည်အမျိုးသားအဆင့်မှ မြို့နယ်အဆင့်အထိ ကျားမ တန်းတူအခွင့် အရေးနှင့် အမျိုးသမီးအခွင့်အရေးများကို အကောင်အထည် ဖေါ်သည်။ |
| | စောင့်ကြည့် လေ့လာခြင်း | ဖော်ပြရန် မရှိပါ။ |

**၁. ၄. ၃။ အမျိုးသမီးအဖွဲ့များဖွဲ့စည်းပုံတောင့်တင်းခိုင်မာစေရေးစီမံချက်များ**

| စီမံချက်အမည် | ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက်ကို ပံ့ပိုးမြှင့်တင်ခြင်းစီမံချက်၊ | |
|---|---|---|
| သတ်မှတ်ချက် | ပဓါနနယ်ပယ် | ကျား-မတန်းတူအခွင့်အရေး |
| | တည်နေရာ | ချင်းပြည်နယ်၊ မြို့နယ်(၉)မြို့နယ် |
| | စုစုပေါင်းဘတ်ဂျက် | အမေရိကန်ဒေါ်လာ ၈၅,၀၀၀ |
| | စီမံချက်ကာလ | ၁ နှစ် |
| စီမံချက် အကြောင်း အရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးဆိုင်ရာရည်ရွယ်ချက်**<br>အမျိုးသမီးများအခွင့်အရေးများနှင့် အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေး လုပ်ဆောင်ပေးမှုများကို အမျိုးသမီးများ အဖွဲ့အစည်းကွန်ယက် ဖွဲ့စည်းပုံအောက်တွင် အခွန့်ရှည်တည် တံ့စေရန်၊အမျိုးသမီးများအခွင့်အရေးများ နှင့် အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေး လုပ်ဆောင်ပေးမှုများကို လက်တွေ့ကျင့်သုံး လိုက်နာကြခြင်းအားဖြင့် လူ့အသိုက်အဝန်းအတွင်းတွင် ကျား -မ အခွင့်အရေးတန်းတူညီမျှခြင်းကို သိသာစွာဆောင်ကျဉ်း ပေးရန်။<br><br>**လတ်တလောရည်ရွယ်ချက်များ**<br>- ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက် (CWON)ကိုဖွဲ့စည်းပုံတောင့် တင်းစေရန်ပံ့ပိုးပေးခြင်းဖြင့်ချင်းပြည်နယ်တွင်းရှိအခြားသော အမျိုးသမီး လူမှုရေးအဖွဲ့အစည်းများကို ခေါင်းဆောင်သောကွန်ယက် အဖြစ်ဖြင့် သတင်းအချက်အလက်များ၊ ဆက်သွယ်ရေး၊စွမ်းရည်ထူ ထောင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည်အကြောင်းအရာများကိုဦး ဆောင်မည်။ |

| စီမံချက်အမည် | ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက်ကို ပံ့ပိုးမြှင့်တင်ခြင်းစီမံချက်၊ | |
|---|---|---|
| | | - ချင်းအမျိုးသမီး လူမှုရေးအဖွဲ့အစည်းများအတွင်း ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို တောင့်တင်းအောင် ဖေါ်ဆောင်ခြင်းဖြင့် အဖွဲ့ အစည်းများ၏ ညီညွတ်မှုအင်အား ကိုရရှိကာ အရင်းအမြစ်များ ပေါင်းစပ်ဖေါ်ဆောင်ခြင်းကို ဖြစ်စေမည်။<br>- အမျိုးသမီးအခွင့်အရေးနှင့် အမျိုးသမီးများ၏ စွမ်းရည်မြှင့် တင်ရေး ကိစ္စရပ်များကို ချင်းအမျိုးသမီးများအဖွဲ့အစည်း ကွန်ယက် (CWON) အဖွဲ့ဝင်အဖွဲ့အစည်းများမှ ထိရောက်စွာ အကောင်အထည်ဖေါ် ဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီ မည်။<br>- ချင်းအမျိုးသမီးများ အဖွဲ့အစည်းကွန်ယက် (CWON) ၏ပံ့ပိုးမှုဖြင့် အဖွဲ့ဝင်အဖွဲ့အစည်းများအတွင်း အမျိုးသမီးအခွင့်အရေးနှင့် အမျိုးသမီးများ ၏စွမ်းရည်မြှင့်တင်ရေးကိစ္စရပ်များကို၎င်းတို့ရေရှည်အဓိက လုပ်ဆောင်ရမည့် စီမံချက်များအသွင် ဖေါ်ဆောင်မည်။<br>- ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက် (CWON) ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲ (၂၀၁၄ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပရန် ရည်ရွယ်သည်)ကိုကျင်းပပြုလုပ်ပြီး ပြည်နယ်အစိုးရအဆင့်မြင့် တာဝန်ရှိသူများကို ကွန်ယက်၏ လုပ်ဆောင်မှုများအကြောင်း၊ ပြည်နယ်တွင်းမှ အမျိုးသမီးအဖွဲ့အစည်းများ ကိုယ်စားပြုကြောင်း စသည်တို့ကို အသိပေး ဖေါ်ဆောင်ခြင်းဖြစ်စေမည်။ |
| | စီမံချက်၏<br>ကြောင်းကျိုး<br>ဆက်နွယ်မှု | **နောက်ခံအခြေအနေ**<br>ချင်းပြည်နယ်တွင် ဒေသတွင်းဖွံ့ဖြိုးရေးနှင့် အများပြည်သူဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်မှုများ ပြုရာတွင် အမျိုးသမီးများသည် အမျိုးသားများတန်းတူ ပါဝင်ဆောင်ရွက်နိုင်ခြင်း မရှိသည်ကို လေ့လာမှုမှ တွေ့ရှိရပါသည်။ လူ့အသိုက်အဝန်းနှင့် နိုင်ငံရေးနယ်ပယ်များတွင် အမျိုးသမီးများ၏ အကျိုးစီးပွားကို ကိုယ်စားပြုဖေါ်ဆောင်ပေးနိုင်မှု အလွန်နဲနေပါသေးသည်။ ထို့ကြောင့်အကျိုးဆက်အနေဖြင့် နိုင်ငံရေးနှင့်ဖွံ့ဖြိုး ရေးနယ်ပယ်များတွင် အမျိုးသမီးများ၏ သီးသန့်လိုအပ်ချက်များကို ထည့်သွင်းစဉ်း စားခြင်းကို အလွန်တွေ့ရခဲပါသည်။ အထူးသဖြင့် မျိုးဆက်ပွါးကျန်းမာရေး၊ ပညာရေးနှင့် နိုင်ငံရေးနယ်ပယ်များတွင် ဖြစ်ကြပါသည်။ အမျိုးသမီးများ၏ ပါဝင်ခြင်းနှင့် ကိုယ်စားပြုခြင်းကင်းမဲ့သည့်အတွက် အများပြည်သူဆိုင်ရာ နှင့်တစ်ဦးချင်းတို့တွင် ခွဲခြားဆက်ဆံရခြင်းများကို တွေ့ကြုံလာရပါသည်။ ချင်းအမျိုးသမီးများ အကျိုးကိုကူညီရန်ချင်းအမျိုးသမီးအဖွဲ့များကို ချင်းပြည်နယ်တွင်းရှိ မတူပီ၊ ဖလမ်း၊ ပလက်ဝ၊ မင်းတပ်၊ ထန်တလန် မြို့နယ်များ တွင်လည်း ကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်တွင်သာဒိုအမျိုးသမီးအဖွဲ့ကိုလည်းကောင်း ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။ အဆိုပါ အမျိုးသမီးအဖွဲ့များသည် လွတ်လပ်သော လူမှုရေးရာအဖွဲ့များ အသွင်ဆောင် ပါသည်။ (ဘာသာရေးနှင့် မဆက်နွယ်ပါ)။<br><br>ချင်းအမျိုးသမီးအဖွဲ့အစည်းများ၏ရည်ရွယ်ချက်မှာအမျိုးသမီးများ အတွက် ပညာရေး၊ သင်တန်း၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် သင့်လျော်သော မျိုးဆက်ပွားကျန်းမာရေးစောင့် ရှောက်မှုများ ပံ့ပိုးဖေါ်ဆောင်ပေးခြင်းဖြင့် လူမှုအသိုင်းအဝိုင်း အတွင်း အမျိုးသမီးများ၏ လူမှုစီးပွားဘဝအခြေအနေ ပိုမိုကောင်းမွန်စေရန်နှင့် နိုင်ငံရေးနယ်ပယ်တွင် ဆုံးဖြတ်ချက်ချနိုင်သည့် |

| စီမံချက်အမည် | ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက်ကို ပံ့ပိုးမြှင့်တင်ခြင်းစီမံချက်၊ |
|---|---|

အဆင့်အထိ ရောက်စေရန် ရည်ရွယ်သည်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင် အဖွဲ့အစည်းများ၏ ဖွဲ့စည်း တည်ဆောက်ပုံ တောင့်တင်းခိုင်မာစေရန်နှင့်အဖွဲ့များအကြားဆက်သွယ်ပူးပေါင်းလုပ်ဆောင်ခြင်းများဖြစ်စေရန် ရည်သန်၍ ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက် (CWON)ကိုဖွဲ့စည်းခဲ့ပါသည်။ ကွန်ယက်သည် အဖွဲ့ဝင်အဖွဲ့အစည်းများ အကြား ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ စီမံချက်လုပ်ငန်းများကို အကောင်အထည်ဖော်မှု ပိုမိုအားကောင်းရေးနှင့် ကျား-မ တန်းတူ ညီမျှရေးနှင့် အမျိုးသမီးများ စွမ်းရည်မြှင့်ခြင်းများ အောင်မြင်စေရန် အတွက်လည်း ဖြစ်ပါသည်။

**စီမံချက်လုပ်ဆောင်ရန်လိုအပ်နေမှုများ**

လတ်တလောဖွဲ့စည်းခဲ့သည့် ချင်းအမျိုးသမီးများအဖွဲ့အစည်း ကွန်ယက် (CWON) သည် ဖွဲ့စည်းတည်ဆောက်ပုံ တောင့်တင်းခိုင်မာမှုအားနဲနေပြီး အဖွဲ့အစည်းပိုင်းတွင် ပံ့ပိုးကူညီမှုများလို အပ်နေပါသည်။ (ဖွဲ့စည်းပုံအပိုင်း၊ မဟာဗျူဟာဖော်ဆောင်ခြင်း၊ ဆက်သွယ်ရေးမဟာဗျူဟာ၊ ရန်ပုံငွေရှာဖွေခြင်း၊ ရေရှည်မျှော်မှန်းချက်များ၊ ဦးတည်ချက်၊ ဝန်ထမ်းအင်အား၊ စွမ်းရည်ဖွံ့စည်းခြင်း၊ နည်းလမ်းတကျမှတ်ပုံတင်ခြင်း၊ လုပ်ထုံးစံညွှန်းများ စသည်ဖြင့်)။ ကွန်ယက်နှင့် အဖွဲ့ဝင် အဖွဲ့အစည်းများအကြား ထိရောက်သောဆက်သွယ်ရေး အခြေခံအ ဆောက်အဦတစ်ခု တည်ဆောက်ရန်လည်း လိုအပ်ပါသည်။

**မျှော်မှန်းရလဒ်**

- ချင်းအမျိုးသမီးများ အဖွဲ့အစည်းကွန်ယက် (CWON) ၏ နှစ်လလျှင် တစ်ကြိမ် ပုံမှန်အစည်းအဝေးကို ရန်ကုန်မြို့နှင့် ဟားခါးမြို့များတွင် အခြေစိုက်သည့် ကျား-မ အခွင့်အရေး တန်းတူညီမျှခြင်းရှေ့ဆောင်အဖွဲ့ (Gender Equality Initiative -GEI) ၏ ပူးပေါင်းမှုဖြင့် ကျင်းပခြင်း၊

ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက် (CWON) ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲမှ ရှေ့ဆက်ရမည့် ချင်းအမျိုးသမီးများ အခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို လက်ခံကျင့်သုံးပြီး ချင်းပြည်နယ်တွင်းရှိ လူမျိုးစုငယ်များမှ အမျိုးသမီးများ နိုင်ငံရေး နယ်ပယ်တွင် ဆုံးဖြတ်ချက် ချသည့်အဆင့် အထိရောက်အောင် ပါဝင်နိုင်ခြင်း ဖြစ်အောင် ပံ့ပိုးခြင်း၊

**ရလဒ်အညွှန်းကိန်း**

- အဖွဲ့ဝင်အဖွဲ့အစည်းများသည် နှစ်လတစ်ကြိမ် ကျင်းပသော ကွန်ယက် အစည်းအဝေးများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်ခြင်း၊
- ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက် (CWON) ပြည်နယ်အဆင့် အလုပ်ရုံဆွေး နွေးပွဲကျင်းပနိုင်ခြင်း (၂၀၁၄ ခု နှစ်၊ နိုဝင်ဘာလ) နှင့် ရှေ့ဆက်ရမည့် ချင်းအမျိုးသမီးများ အခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို လက်ခံကျင့်သုံး ခြင်း၊
- ချင်းအမျိုးသမီးများ အဖွဲ့အစည်းကွန်ယက် (CWON) ဖွဲ့စည်းပုံ တောင့်တင်းခိုင်မာလာခြင်း၊ အဖွဲ့ဝင်အဖွဲ့ အစည်းများတွင်လည်း အဖွဲ့

| စီမံချက်အမည် | ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက်ကို ပံ့ပိုးမြှင့်တင်ခြင်းစီမံချက်၊ | | |
|---|---|---|---|
| | | အစည်းပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ် ထွန်းခြင်း၊<br>- ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက် (CWON) အတွက်မဟာဗျူဟာ ရေးသားဖော်ထုတ်ခြင်းနှင့် လုပ်ဆောင်ချက်လမ်းစဉ် ချမှတ်နိုင်ခြင်း၊ | |
| | ဆောင်ရွက်ချက်များ | - ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက် (CWON) ဖွဲ့စည်းခြင်းနှင့် လုပ်ဆောင်မှုများ တိုးပွါးလာခြင်း၊<br>- ကျား-မအခွင့်အရေးတန်းတူညီမျှခြင်းရှေ့ဆောင်အဖွဲ့ (GEI) ၏ ပူးပေါင်းမှုဖြင့် နှစ်လလျှင်တစ်ကြိမ် ပုံမှန်အစည်းအဝေး ကျင်းပခြင်း၊<br>- အဖွဲ့အစည်းပိုင်းနှင့် မဟာဗျူဟာပိုင်းတွင် ဖွံ့ဖြိုးတိုးတက်လာခြင်း၊ လုပ်ဆောင်ချက် လမ်းစဉ်ချမှတ်ခြင်း၊ ဝန်ထမ်းဖွဲ့စည်းခြင်း၊ ဆောင်ရွက်ချက်နှင့် ရလဒ်အတွက် အညွှန်းကိန်းများ ဖော်ထုတ်ခြင်း၊<br>- ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက် (CWON) ပြည်နယ်အဆင့် အလုပ်ရုံ ဆွေးနွေးပွဲကျင်းပနိုင်ခြင်း (၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ)နှင့် ရှေ့ဆက်ရမည့် ချင်းအမျိုးသမီးများအခွင့် အရေးဆိုင်ရာဆုံးဖြတ်ချက်များ ကို လက်ခံကျင့်သုံးခြင်း၊ | |
| | အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ချင်းအမျိုးသမီးများ အဖွဲ့အစည်းကွန်ယက် (CWON) ကိုအဖွဲ့ဝင်အဖွဲ့အစည်းများမှ ရွေးချယ်တင်မြှောက်သည့် ဥက္ကဋ္ဌမှ ဦးဆောင်မည်။ အဖွဲ့ဝင်အဖွဲ့အစည်းများသည် ချင်းအမျိုးသမီး အဖွဲ့အစည်းကဲ့သို့သော လူမှုရေးအဖွဲ့အစည်းများ ဖြစ်ကြသည်။ အစည်းအဝေးများနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ ကို ကျား-မ အခွင့်အရေးတန်းတူညီမျှခြင်းရှေ့ဆောင်အဖွဲ့ (GEI) မှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမည်။ | |
| ဘဏ္ဍာရေးဆိုင်ရာ သတင်း အချက် အလက်များ | ဘတ်ဂျက် | **လုပ်ငန်းရပ်** | **ခန့်မှန်းကုန်ကျစရိတ်(အမေရိကန်ဒေါ်လာ)** |
| | | ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက် (CWON)ကို တစ်နှစ်အတွင်း ဖွဲ့စည်းတည် ထောင်ခြင်း | ၂၀,၀၀၀ |
| | | ကျား-မအခွင့်အရေး တန်းတူညီမျှခြင်းရှေ့ဆောင်အဖွဲ့ (GEI) မှ ၂လ-၁ကြိမ်စည်းဝေးပွဲ များကို နယ်မြေလှည့်၍ကျင်းပခြင်း(မြောက်ပိုင်း၊တောင်ပိုင်းနှင့်အလယ်ပိုင်း) | ၃၀,၀၀၀ |
| | | ဖွဲ့စည်းပုံနှင့် မဟာဗျူဟာ၊လုပ်ငန်းစဉ်များ ဖော်ဆောင်ခြင်း၊ ဝန်ထမ်းဖွဲ့စည်းခြင်း၊ အကျိုးရလဒ် အညွှန်းကိန်းများဖော်ဆောင်ခြင်း | ၈,၀၀၀ |
| | | ပြည်နယ်အဆင့်အလုပ်ရုံဆွေးနွေးပွဲ (၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ) | ၂၀,၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ်<br>(မမျှော်မှန်းနိုင်သောကုန်ကျစရိတ်မပါ) | ၇၈,၀၀၀ |

| စီမံချက်အမည် | ချင်းအမျိုးသမီးများအဖွဲ့အစည်းကွန်ယက်ကို ပံ့ပိုးမြှင့်တင်ခြင်းစီမံချက်၊ | | |
|---|---|---|---|
| | | မမျှော်မှန်းနိုင်သောကုန်ကျစရိတ် ၁၀%ထပ်ပေါင်းခြင်း | ၇,၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | **၈၅,၀၀၀** |
| | ဘတ်ဂျက်ကြိုတင်မှန်းဆချက်များ | ဖော်ပြရန်မရှိပါ။ | |
| အခြား အချက် အလက်များ | အမျိုးသားအဆင့်မူဝါဒ၊မဟာဗျူဟာများနှင့်ကိုက်ညီခြင်း | အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (CEDAW) ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ၁၉၉၇ ခုနှစ်တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့အတူ ဘေဂျင်းကြေညာ စာတမ်းနှင့်လုပ်ငန်းစီမံချက်များ (Bijing Platform for Action)ကို လည်း လက်မှတ်ထိုးခဲ့ပါသည်။ ၂၀၀၈ခုနှစ် မြန်မာနိုင်ငံ အခြေခံဥပဒေ ပုဒ်မ၃၄၈တွင် ကျား-မ တန်းတူအခွင့်အရေးကို ထည့်သွင်းဖော်ပြထားပါသည်။ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ကျား-မ၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ ခွဲခြားဆက်ဆံ ခြင်းမရှိစေရ။ ၂၀၁၃ခုနှစ်တွင် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာအမျိုးသားအဆင့်စီမံကိန်း (၂၀၁၃-၂၀၁၁) (NSPAW)ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (MNCWA) မှ စတင်ခဲ့ပါသည်။ အဆိုပါအဖွဲ့သည် ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းများကို အကောင်အထည်ဖော်ရန်နှင့် အမျိုးသမီးများ ဘဝကို မြှင့်တင်သည့် အနာဂတ်စီမံချက်များကို အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်ဖြင့် ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို အမျိုးသမီးရေးရာ အဓိကတာဝန်ခံအဖြစ် ခန့်အပ်ခဲ့ပါသည်။ NSPAW သည်အမျိုးသားအဆင့်မှ မြို့နယ်အဆင့်အထိ ကျားမတန်းတူအခွင့် အရေးနှင့် အမျိုးသမီးအခွင့်အရေးများကို အကောင်အထည် ဖော်သည်။ | |
| | စောင့်ကြည့်လေ့လာခြင်း | ဖော်ပြရန် မရှိပါ။ | |

## ၁. ၄. ၄။ ဒေသတွင်းဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် အများပြည်သူဆိုင်ရာအတွက် ဆုံးဖြတ်ချက်များပြုရာတွင် အမျိုးသမီးများပါဝင်ရေး မြှင့်တင်ခြင်းစီမံချက်

| စီမံချက် အမည် | ဒေသတွင်းဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် အများပြည်သူဆိုင်ရာအတွက် ဆုံးဖြတ်ချက် များပြုရာတွင် အမျိုးသမီးများပါဝင်ရေး မြှင့်တင်ခြင်းစီမံချက် | |
|---|---|---|
| သတ်မှတ်ချက် | ပဓါနနယ်ပယ် | လူမှုကာကွယ်စောင့်ရှောက်ရေး၊ ကျား-မတန်းတူအခွင့်အရေး |
| | တည်နေရာ | ချင်းပြည်နယ်၊ တီးတိန်မြို့နယ် |
| | စုစုပေါင်းဘတ်ဂျက် | အမေရိကန်ဒေါ်လာ ၆၅,၀၀၀ |
| | စီမံချက်ကာလ | ၂ နှစ် |
| | | |

| စီမံချက် အမည် | ဒေသတွင်းဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် အများပြည်သူဆိုင်ရာအတွက် ဆုံးဖြတ်ချက် များပြုရာတွင် အမျိုးသမီးများပါဝင်ရေး မြှင့်တင်ခြင်းစီမံချက် | |
|---|---|---|
| စီမံချက် အကြောင်း အရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးဆိုင်ရာရည်ရွယ်ချက်**<br>ဒေသတွင်းဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် အများပြည်သူဆိုင်ရာအတွက် ဆုံးဖြတ်ချက်များပြုရာတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်ပူးပေါင်းကာ ဒီမိုကရေစီနည်းကျ လူ့အသိုက်အဝန်းကို ထိရောက်စွာ တည်ဆောက်ရန်။<br><br>**လတ်တလောရည်ရွယ်ချက်များ**<br>- ကျား-မတန်းတူအခွင့်အရေးများအကြောင်း သိရှိကာ ပညာဗဟုသုတ တိုးပွါးခြင်း၊<br>- ဒေသတွင်းလုပ်ငန်းများတွင် အမျိုးသမီးများ၏ ပါဝင်မှုတိုး မြင့်လာခြင်း၊<br>- တီးတိန်မြို့နယ်အတွင်းရှိ အမျိုးသမီးအဖွဲ့များအကြား ကွန် ယက်ကို အားဖြည့်နိုင်ခြင်း၊ |
| | စီမံချက်၏ ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအခြေအနေ**<br>ချင်းလူ့အသိုက်အဝိုင်းအတွင်းတွင် ကျား-မအခွင့်အရေး တန်းတူညီမျှခြင်းနှင့်စပ်ဆိုင်သည့် ပြဿနာများ အမြောက်အများရှိသည်။ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့် အရေးများမရကြပါ။ အမျိုးသမီးများကို လူ့အသိုက်အဝန်းတွင် ဒုတိယတန်းစား အဖြစ်သဘောထား ကြသည်။ အဖွဲ့အစည်း များ၊ အသင်းအဖွဲ့များတွင် အမျိုးသမီးကို ခေါင်းဆောင်တင်ရန် ငြင်းဆန်ခြင်း၊ အမှုဆောင် ကော်မတီများတွင်ထည့်သွင်းမှုမပြုခြင်းနှင့် ခရစ်ယာန်ကျောင်းတော်လူကြီးဖြစ်ရန် ငြင်းဆန်ခြင်းများ ရှိကြသည်။<br><br>လူ့အသိုက်အဝိုင်းတွင် အမျိုးသမီးပညာတတ် အနည်းငယ်သာရှိပြီး အများစုမှာ အိမ်ထောင်ဖက်များကို မှီခိုကြရသည်။ အိမ်ထောင်စုတွင်အမျိုးသားတစ်ဦးရှိပါက စိတ်ဓါတ်ရေးရာ လုံခြုံသည်ဟု ခံစားကြပြီး၊ အမျိုးသားထက် ရှေ့ရောက်နေလျှင် မသင့်တော်၊ အမျိုးသမီးသည် နောက်လိုက်သာဖြစ်သင့်သည်ဟုခံယူထားကြသည်။ ကိစ္စရပ်များကို အမျိုးသမီးများက ဆုံးဖြတ်နိုင်သော်လည်း ဆုံးဖြတ်လေ့မရှိဘဲ ၎င်းတို့၏ အယူအဆ၊ အကြံဉာဏ်ပေးခြင်းလောက်သာ လုပ်ဆောင်ကာသုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်းများကို လုပ်ဆောင်လေ့ မရှိကြပါ။<br><br>ဤရှေ့ပြေးစီမံချက်သည် တီးတိန်မြို့နယ်မှ အမျိုးသမီးများ၏ ပညာအရည်အချင်း၊ အသက်မွေးဝမ်းကျောင်းအဆင့်များကို မြှင့်တင်ရေးအတွက် ပညာရေးအထောက်အကူကို နည်းလမ်းမျိုးစုံဖြင့် ပံ့ပိုးပေးခြင်းအားဖြင့် ၎င်းတို့ကြုံတွေ့နေရသော ကန့်သတ်ချက်များ၊ အတားအဆီးများကို ကျော်လွှားနိုင်မည်ဟု ရည်မှန်းပါသည်။ ဤစီမံချက်ကြောင့် ချင်းပြည်နယ်မှ အမျိုး သမီးများသည် ၎င်းတို့၏ ကိုယ်ပိုင်အစွမ်းအစများ၊ ကျွမ်းကျင်မှုနှင့် ပါရမီများကို လေ့ကျင့်နိုင်ခြင်းအားဖြင့် မိမိကိုယ်ကို ယုံကြည်မှုနှင့် အသိပညာ ပိုမိုရရှိလာမည်။ ချင်းလူ့အသိုက်အ ဝိုင်းအတွက် အကျိုးပြုမှုများကို လုပ်ဆောင်လာနိုင်မည်ဟု မျှော်မှန်းပါသည်။ |

| စီမံချက် အမည် | ဒေသတွင်းဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် အများပြည်သူဆိုင်ရာအတွက် ဆုံးဖြတ်ချက် များပြုရာတွင် အမျိုးသမီးများပါဝင်ရေး မြှင့်တင်ခြင်းစီမံချက် | |
| --- | --- | --- |
| | | **စီမံချက်လုပ်ဆောင်ရန်လိုအပ်နေမှုများ**<br>ဒေသတွင်းဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် အများပြည်သူဆိုင်ရာအတွက် ဆုံးဖြတ်ချက်များပြုရာတွင် အမျိုးသမီးများသည် အဖြည့်ခံနေရာတွင်သာရှိသည်။ လူမှုစီးပွားဘဝရပ်တည်မှုတွင်လည်း အမျိုးသားများကို မှီခိုနေရပြီး၊ မိမိကိုယ်ကို ယုံကြည်မှုကင်းမဲ့နေပြီး ကူညီပံ့ပိုးမှုလည်း ကင်းမဲ့နေသည်။<br><br>**မျှော်မှန်းရလဒ်**<br>ဒေသတွင်းဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် အများပြည်သူဆိုင်ရာအတွက် ဆုံးဖြတ်ချက်များပြုရာတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေးရကာ ဒီမိုကရေစီနည်းကျ လူ့အသိုက်အဝန်းတည်ဆောက်ခြင်းတွင် ထိရောက်စွာ ပါဝင် ဆောင်ရွက်နိုင်ခြင်း၊ကျား-မ တန်းတူအခွင့် အရေးများ၊ အမျိုးသမီး အခွင့်အရေးများအကြောင်းကို ပိုမိုသိရှိ နားလည်သဘောပေါက်လာခြင်း၊ တီးတိန်မြို့နယ်အတွင်းရှိ အမျိုးသမီးအဖွဲ့များအကြား ကွန်ယက်ကို ကောင်းစွာထူထောင်လည်ပတ် လုပ်ကိုင်နိုင်ခြင်းကြောင့် အခြားမြို့နယ်များတွင် ထပ်တူစီမံချက်များ ဖော်ဆောင်နိုင်မှုကို ဖြစ်စေ ခြင်း၊<br><br>**ရလဒ်အညွှန်းကိန်း**<br>- အများပြည်သူဆိုင်ရာနှင့် အစိုးရအတွင်း အဆင့်မြင့်ရာထူး များတွင် အမျိုးသမီးအရေအတွက် ပိုမိုများပြားလာခြင်း၊<br>- အမျိုးသမီးအဖွဲ့များကွန်ယက်ကိုဖွဲ့စည်းခြင်း၊<br>- ကျား-မ တန်းတူညီမျှခြင်းနှင့် အမျိုးသမီးအခွင့်အရေးများ ဆိုင်ရာ လုပ်ငန်းများ ပိုမိုလုပ်ဆောင်လာခြင်း၊ သင်တန်းတက်ရောက်သူ အရေအတွက် ပိုမိုများပြားလာခြင်း၊<br>- လူ့အသိုက်အဝိုင်းအတွင်း သဘောထားနှင့် အလေ့အကျင့်များပြောင်းလဲ ခြင်း၊ |
| | ဆောင်ရွက်ချက်များ | - လူ့အခွင့်အရေးနှင့် နိုင်ငံရေးအသိ ကျယ်ပြန့်စေမည့် သင်တန်းများကို အမျိုးသမီးများအတွက် ပို့ချခြင်း - သင်တန်းကို တီးတိန်မြို့နယ်အတွင်းရှိ ကျေးရွာများမှ အလားအလာရှိသော အမျိုးသမီးများ (၃၀ဦး) ကို ရက်သတ္တပါတ် (၁) ပါတ်ကြာ ပို့ချမည်။ ကျား-မ တန်းတူညီမျှရေး၊ လူ့အခွင့်အရေးနှင့် မြန်မာ့နိုင်ငံရေးတို့ကို အမျိုးသမီးများ သိရှိနားလည်ကြစေရန် ရည်ရွယ်ခြင်း ဖြစ်သည်။<br>- 'အမျိုးသမီးများနှင့်ခေါင်းဆောင်မှု'ဆိုသော ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲနှင့် စွမ်းရည်ပြပွဲများကို အခြေခံပညာ အလယ်တန်းအဆင့် ကျောင်းသူ၊ ကျောင်းသားများ (၅ တန်းမှ ၉တန်း) အတွက်ကျင်းပပေးခြင်း-အမျိုးသမီးကလေးများ အလယ်တန်းအဆင့် ငယ်ရွယ်စဉ်ကပင် ဤအကြောင်းအ ရာကို ကိုယ်ပိုင်တွေးခေါ် ချင့်ချိန်တတ်စေရန်နှင့် အမျိုးသားကလေးများ ဤအကြောင်းအရာကို ပိုမိုနားလည်သ ဘောပေါက်စေရန် ရည်ရွယ်သည်။ ကျောင်းသူ၊ ကျောင်း သားလေးများ၏ |

| စီမံချက် အမည် | ဒေသတွင်းဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် အများပြည်သူဆိုင်ရာအတွက် ဆုံးဖြတ်ချက် များပြုရာတွင် အမျိုးသမီးများပါဝင်ရေး မြှင့်တင်ခြင်းစီမံချက် | |
|---|---|---|
| | | ကိုယ်ပိုင်အရည်အသွေး ထူးချွန်မှုများ ဖေါ်ထုတ်နိုင်ရန် ရည်ရွယ်သည်။ (ကျောင်းသူ၊ ကျောင်း သား ၃၀၀)။<br>- အမျိုးသမီးများ၏ စွမ်းဆောင်နိုင်မှုနှင့် ထုံးတမ်းဓလေ့ဥပဒေများ အကြောင်းကို ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲကို ကျား-မတန်းတူ ညီမျှဆိုင်ရာ အထူးကျွမ်းကျင်သူ နိုင်ငံ သားနှင့် အပြည်ပြည်ဆိုင်ရာ ပညာရှင်များ၊ လူမှုရေးခေါင်း ဆောင်များ၊ အစိုးရပိုင်း တာဝန်ရှိသူများ နှင့် ပူးပေါင်းကျင်းပ မည်။ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း မဟာဗျူဟာကို ရေးဆွဲခြင်း (သို့မဟုတ်) ချင်းအက်ဥပဒေ တွင်ပါဝင်သော အမျိုးသမီးအခွင့်အရေးဆိုင်ရာများကို ပြန်လည်ပြင် ဆင်ခြင်းအတွက် သဘောတူညီချက် ရယူသည်။ (ပါဝင်သူ ၁၅၀ ဦး)။<br>- သင်တန်းဆရာဖြစ်သင်တန်းများ ပို့ချခြင်း (စာရင်းကိုင်၊ ဘဏ္ဍာရေး၊ စီမံခန့်ခွဲမှု၊ ဥပဒေကိစ္စရပ်များ၊ ခေါင်းဆောင်မှုနှင့် အသိပညာပေး ဆွေးနွေးခြင်း) ရက်သတ္တပါတ်(၁)ပါတ် ကာလသင်တန်းများကို တီးတိန် နှင့်အခြား မြို့နယ်များမှ အမျိုးသမီးခေါင်းဆာင်များနှင့် အမျိုးသမီးအဖွဲ့များမှ အဖွဲ့ဝင်များအတွက် ရည်ရွယ်ပို့ချမည်။ အမျိုး သမီးများကို အရည်အသွေးပြည့်ဝသည့် ခေါင်းဆောင်များ၊ ဆုံးဖြတ် ချက်ချသည့် အဆင့်မြင့်ပုဂ္ဂိုလ်များ၊ မြန်မာ့နိုင်ငံရေးအကူးအပြောင်း တွင် လူထုကိုယ်စားပြုကိုယ်စားလှယ်များ ဖြစ်လာနိုင်ရေး မျှော်မှန်း ပါသည်။ (သင်တန်းသူ ၃၀) |
| | အကောင် အထည်ဖော် ဆောင်ရွက်ခြင်း | စီမံချက်လုပ်ငန်းရပ်များကို တီးတိန်မြို့နယ် အမျိုးသမီးအဖွဲ့မှ ကျေးရွာများ သို့ အရောက်သွားကာ အမျိုးသမီးခေါင်းဆောင် များကို စည်းရုံးပါဝင် စေခြင်းများ၊ သင်တန်းများတက်ရောက်ရန် လှုံ့ဆော်ခြင်းများကို ဦးဆောင် လုပ်ဆောင်ပါမည်။ တောင်ပိုင်းတီးတိန်နှစ်ခြင်း ခရစ်ယာန်အသင်း (STBA) မှလည်း သင်တန်းနေရာ၊ သင်တန်းသုံးပစ္စည်းများ၊ ထိုင်ခုံများ၊ လျှပ်စစ်မီး စက်နှင့် အခြားလိုအပ်သောပစ္စည်းများ ထည့်ဝင်ကူညီမည်ဟု အဆိုပြုပါသည်။ လုပ်ငန်းရပ်များကို အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းများနှင့် အတူပူးပေါင်းဆောင်ရွက်ပါမည်။ လူထုအခြေပြုအဖွဲ့ အစည်းများဖြစ်သော Global Zomi Alliance ESifh Tedim Youth Fellowship အဖွဲ့များမှလည်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကွန်ယက်ဖွဲ့ လုပ်ငန်းလုပ်ဆောင်မှုများ မြှင့်တင်ခြင်းများ လုပ်ဆောင်ပါ မည်။ |

| ဘဏ္ဍာရေး ဆိုင်ရာ သတင်း အချက် အလက်များ | ဘတ်ဂျက် | **လုပ်ငန်းရပ်** | **ခန့်မှန်းကုန်ကျစရိတ်(အမေရိကန်ဒေါ်လာ)** |
|---|---|---|---|
| | | လူ့အခွင့်အရေးနှင့် နိုင်ငံရေးအမြင်ကျယ် ပြန့်စေမည့် သင်တန်းများ (သင်တန်းသား ၃၀ဦး) | ၂,၀၀၀ |
| | | စာစီစာကုံးပြိုင်ပွဲနှင့် စွမ်းရည်ယှဉ်ပြိုင်ခြင်း (၃၀၀ဦး) | ၃,၀၀၀ |
| | | ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲ (၁၅၀ဦး) | ၁၀,၀၀၀ |

| စီမံချက် အမည် | ဒေသတွင်းဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် အများပြည်သူဆိုင်ရာအတွက် ဆုံးဖြတ်ချက် များပြုရာတွင် အမျိုးသမီးများပါဝင်ရေး မြှင့်တင်ခြင်းစီမံချက် | | |
|---|---|---|---|
| | | သက်မွေးဝမ်းကျောင်းနှင့် စွမ်းရည်မြှင့်သင်တန်းများ(၆၀၀ဦး) | ၂၃,၀၀၀ |
| | | စာရင်းကိုင်သင်တန်း (LCCI) | ၂၀,၀၀၀ |
| | | သင်တန်းဆရာဖြစ်သင်တန်းများ | ၃,၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ်(မမျှော်မှန်းနိုင်သော ကုန်ကျစရိတ်မပါ) | ၆၁,၀၀၀ |
| | | မမျှော်မှန်းနိုင်သော ကုန်ကျစရိတ် ၁၀% ထပ်ပေါင်းခြင်း | ၄,၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | **၆၅,၀၀၀** |
| | ဘတ်ဂျက်ကြိုတင်မှန်းဆချက်များ | ဖော်ပြရန်မရှိပါ။ | |
| အခြား အချက် အလက်များ | အမျိုးသားအဆင့် မူဝါဒ၊မဟာဗျူဟာ များနှင့်ကိုက်ညီခြင်း | အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (CEDAW) ကို ပြည် ထောင်စုမြန်မာနိုင်ငံတော် အစိုးရက ၁၉၉၇ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့အတူ ဘေဂျင်းကြေညာ စာတမ်းနှင့်လုပ်ငန်းစီမံချက်များ (Bijing Platform for Action)ကို လည်း လက်မှတ်ထိုးခဲ့ပါသည်။ ၂၀၀၈ခုနှစ် မြန်မာနိုင်ငံ အခြေခံဥပဒေ ပုဒ်မ၃၄၈တွင် ကျား-မတန်းတူအခွင့်အရေးကို ထည့်သွင်း ဖော်ပြ ထားပါသည်။ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာ သာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ကျား-မ၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ ခွဲခြားဆက်ဆံ ခြင်းမရှိစေရ။ ၂၀၁၃ခုနှစ်တွင် အမျိုးသမီးများဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာအမျိုးသားအဆင့်စီမံကိန်း (၂၀၁၃-၂၀၁၁) (NSPAW) ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (MNCWA) မှ စတင်ခဲ့ပါသည်။ အဆိုပါအဖွဲ့သည် ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းများကို အကောင် အထည်ဖော်ရန်နှင့် အမျိုးသမီးများဘဝကို မြှင့်တင်သည့် အနာဂတ် စီမံ ချက်များကို အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်ဖြင့် ၁၉၉၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချ ထားရေးဝန်ကြီးဌာနကို အမျိုးသမီးရေးရာ အဓိကတာဝန်ခံအဖြစ် ခန့်အပ်ခဲ့ပါသည်။ NSPAW သည် အမျိုးသားအဆင့်မှ မြို့နယ်အဆင့် အထိ ကျားမတန်းတူ အခွင့်အရေးနှင့် အမျိုးသမီးအခွင့်အရေးများကို အကောင်အထည်ဖော်သည်။ | |
| | စောင့်ကြည့် လေ့လာခြင်း | ဖော်ပြရန် မရှိပါ။ | |

၁.၅။ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဦးစားပေးနယ်ပယ်များကို ဖော်ဆောင်ခြင်း စီမံချက်များ

၁.၅.၁။ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများကို လက်လှမ်းမှီရရှိခြင်း - ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုများတွင် ကျွမ်းကျင်ကျန်းမာရေးဝန်ထမ်းများ မလုံလောက် သဖြင့် လေ့ကျင့်ပေးထားသည့် စေတနာ့ဝန်ထမ်းများကို အသုံးပြုခြင်း

| စီမံချက် အမည် | စေတနာ့ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ချင်းပြည်နယ် ကျေး လက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှု တိုးတက်ခြင်းဖြစ်စေ မည့်စီမံချက်။ | |
|---|---|---|
| သတ်မှတ်ချက် | ပဓါနနယ်ပယ် | ကျန်းမာရေး |
| | တည်နေရာ | ချင်းပြည်နယ်ရှိ မြို့နယ်(၉)မြို့နယ် |
| | စုစုပေါင်းဘတ်ဂျက် | အမေရိကန်ဒေါ်လာ ၁.၅၇၅ သန်း |
| | စီမံချက်ကာလ | ၃ နှစ် |
| | စီမံချက်၏ ကြောင်းကျိုး ဆက်နွယ်မှု | **နောက်ခံအခြေအနေ**<br><br>ချင်းပြည်နယ်ကျေးလက်ဒေသများတွင် ကျန်းမာရေးဝန်ထမ်း-ဆရာဝန်များ၊ သူနာပြုများ၊အခြေခံကျန်းမာရေးဝန်ထမ်းများ ဆိုးရွားစွာ ပြတ်လပ်နေသည် ကိုအောက်ပါကိန်းဂဏန်းများမှသိရှိနိုင်ပါသည်။ (ချင်းပြည်နယ်၊ မြို့နယ်(၉) မြို့နယ်မှ ပျှမ်းမျှ)<br>- ဆရာဝန် ပြတ်လပ်မှုသည် ၇၇%<br>- သူနာပြု ပြတ်လပ်မှုသည် ၃၇%<br>- အခြေခံကျန်းမာရေးဝန်ထမ်းဖြစ်သောကျန်းမာရေးမှူး ပြတ်လပ်မှုသည် ၄၈%<br>- ဒေသမှကျန်းမာရေးစေတနာ့ဝန်ထမ်း ၈%<br>- သားဖွားဆရာမ ၂၅%<br>တွန်းဇန်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်များတွင် ခွင့်ပြုချထားသော ဝန်ထမ်းအင်အားသည် (၇)ယောက်မှ (၉)ယောက် ခန့်ရှိသော်လည်း လက်တွေ့တွင် မြို့နယ်ကျန်းမာရေးမှူး (၁) ဦးသာ ရှိပါသည်။<br>လေ့ကျင့်ပေးထားသော စေတနာ့ဝန်ထမ်း လူထုကျန်းမာရေး လုပ်သားနှင့် အရန်သားဖွားဆရာမများ အလုပ်ထွက်နှုန်းမှာ အလွန်မြင့်မားသည်မှာ ကာလကြာရှည်ရှိနေပါသည်။ ယေဘူယျအားဖြင့် ချင်းပြည်နယ်ရှိ မြို့နယ် (၉)မြို့နယ်တွင် လူထု ကျန်းမာရေးလုပ်သားနှင့် အရန်သားဖွားဆရာမများ အလုပ်ထွက်နှုန်းသည် ၅၅% နှင့် ၄၅% အသီးသီးဖြစ်ကြပါသည်။ နိုင်ငံ အဝှမ်းတွင် လူထုကျန်းမာရေး လုပ်သားများ၏ အလုပ်ထွက်နှုန်းမှာ အရန် သားဖွားဆရာမများထက် ပိုမိုမြင့်မားသည် ကိုတွေ့ရသည်။<br>ကျန်းမာရေးဝန်ထမ်းပြတ်လပ်မှုသည် မြို့နယ်အားလုံးတွင် ဖြစ်နေသည်။ နိုင်ငံတော်မှ လစ်လပ်နေရာများတွင် လုပ်သား များ ပြန်လည်ဖြည့်ပေးခြင်း၊ လိုအပ်သော သင်တန်းပို့ချခြင်း များလုပ်ပေးနိုင်ရန် အချိန်ယူရပါမည်။ ထိုအချိန်တစ်လျှောက် ကာလပါတ်လုံး ကျန်းမာရေးစောင့်ရှောက်မှုများ ပြတ်လပ်မ နေသင့်ပါ။ သင့်လျော်သော ဝန်ထမ်းအဆင့်များတွင် စေတနာ့ ဝန်ထမ်းများကို ယာယီခန့်ထားခြင်းဖြင့်ဖြေရှင်းနိုင်ပါသည်။ |
| | ဆောင်ရွက် ချက်များ | - ချင်းပြည်နယ်ဒေသတွင်းမှ ကျေးရွာများတွင် ဆက်လက်လုပ်ကိုင်မည့် တက်ကြွသော အရန်သားဖွားဆရာမများနှင့် လူထုကျန်းမာရေး လုပ် |

<table>
<tr><th>စီမံချက် အမည်</th><th colspan="2">စေတနာ့ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ချင်းပြည်နယ် ကျေး လက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှု တိုးတက်ခြင်းဖြစ်စေ မည့်စီမံချက်။</th></tr>
<tr><td></td><td></td><td>သားများ ကို ရှာဖွေစုဆောင်းမည်။<br>- စေတနာ့ဝန်ထမ်းကျန်းမာရေးလုပ်သား လုပ်လိုသူများကို ထပ်မံခေါ်ယူ စုဆောင်းကာ လိုအပ်သော သင်တန်းပို့ချမည်။ အခြေခံကျန်းမာရေး စောင့်ရှောက်မှုအတွက် အခြေခံဆေးပုံးများပေးအပ်မည်။ ထိုသို့အားဖြင့် ၎င်းတို့နေထိုင်ရာ ရပ်ရွာမှ ပြည်သူလူထုအား အခြေခံကျန်းမာရေး စောင့် ရှောက်မှုကို လက်လှမ်းမှီစေမည်။<br>- ဝေးလံသော အရပ်ဒေသရှိ ကျေးရွာများ၊ ကျေးလက်ကျန်းမာရေး ဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများနှင့် ဝေးသော ကျေးရွာများ အတွက် အရန်သားဖွားဆရာမများကို စေတနာ့ဝန်ထမ်းကျန်းမာရေး လုပ်သားအဖြစ် လေ့ကျင့်ပေး မည်။<br>- လူဦးရေ(၅၀)အောက်ရှိသော ကျေးရွာများအတွက် စေတနာ့ဝန်ထမ်း များကို လူထုကျန်းမာရေးလုပ်သားများအဖြစ် (သို့မဟုတ်) ကျန်းမာရေး မြှင့်တင်သူများအဖြစ် ငှက်ဖျား၊ တီဘီ၊ အိတ်ချ်အိုင်ဗွီရောဂါများ၊ ကာကွယ်ဆေးထိုးခြင်းနှင့် အာဟာရစောင့်ရှောက်ခြင်းတို့ကို ထပ်ပေါင်း လုပ်ဆောင်နိုင် အောင် လေ့ကျင့်ပေးမည်။<br>- သင်တန်းသင်ရိုးနှင့်ကွင်းဆင်းဆောင်ရွက်မှုလက်စွဲများကိုအရန်သားဖွား ဆရာမများအတွက်ပြုစုခြင်း၊ အရန်သားဖွားဆ ရာမသင်တန်းပေးမည် (လက်ရှိသင်တန်းတက်ပြီးသူများအ တွက် မွမ်းမံသင်တန်းများလည်း ပါမည်)။<br>- အရန်သားဖွားဆရာမများကိုသင်တန်း(၆)လပေးခြင်း၊ ကျန်းမာရေးဦးစီး ဌာန၏ လမ်းညွှန်ချက်နှင့်အညီ သင်တန်းပို့ချ မည်။<br>- သင်တန်းဆင်းဆရာ၊ ဆရာမများကို ဆေးပုံးအပ်နှင်းကာ ၎င်းတို့နေ ထိုင်ရာ ကျေးရွာဒေသများတွင် ကျေးရွာခေါင်းဆောင်များ၏ ကြီးကြပ် မှုဖြင့် တာဝန်ထမ်းဆောင်စေမည်။ နည်းပညာနှင့် အစီရင်ခံမှုများကို ကျန်းမာရေးဦးစီးဌာနသို့ တိုက်ရိုက်ဆက်သွယ် ဆောင်ရွက် ရမည်။<br>- လက်ရှိလုပ်ဆောင်နေသော အရန်သားဖွားဆရာမများကို ကလေးသူ ငယ်များတွင် အဖြစ်များသော ရောဂါများနှင့် ငှက်ဖျား၊ တီဘီ၊ အိတ်ချ်အိုင် ဗွီရောဂါများထဲမှ သင့်လျော်ရာ ရောဂါများအကြောင်း မွမ်းမံသင်တန်း များ ပို့ချမည်။<br>- မွမ်းမံသင်တန်းကို နှစ်စဉ် (၅)ရက်ကြာ ပို့ချမည်ဖြစ်ပြီး လက်တွေ့လုပ် ဆောင်ရာတွင် ကြုံတွေ့ရသောပြဿနာများနှင့် ဖြစ်ရပ်များအတွက် (၁) ရက်သီးသန့် သတ်မှတ်ဆွေး နွေးပါမည်။ သင်တန်း(၁)ကြိမ်တွင် လူဦး ရေ(၃၀)ထက် ပိုမည်မဟုတ်ပါ။<br>- အရန်သားဖွားဆရာမများအား သားဖွားဆေးပုံးများ ပေး အပ်ပါမည်။</td></tr>
<tr><td></td><td>အကောင် အထည်ဖော် ဆောင်ရွက်ခြင်း</td><td>စီမံချက်ဦးဆောင်အဖွဲ့အစည်းသည် ကျန်းမာရေးဦးစီးဌာန ဖြစ်သည်။ စီမံချက်လုပ်ငန်းများကို မြို့နယ်ဖွံ့ဖြိုးမှုအထောက် အကူပြု ကော်မတီများမှ တဆင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများနှင့် ပူးပေါင်းလုပ်ဆောင်မည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် စေတနာ့ဝန်ထမ်းများ ရွေးချယ်ခန့် အပ်ခြင်းနှင့် ဖွဲ့ စည်းခြင်းတို့တွင် ပူးပေါင်းကူညီလုပ်ဆောင်ပေးရမည်။<br>စေတနာ့ဝန်ထမ်းများကိုကြီးကြပ်ခြင်းနှင့် တာဝန်ခံယူခြင်းတွင် ကျေးရွာ ကျန်းမာရေးဖွံ့ဖြိုးမှုကော်မတီသည် တာဝန်ယူမှု သေချာစေရန် စေတနာ့</td></tr>
</table>

| စီမံချက် အမည် | စေတနာ့ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ချင်းပြည်နယ် ကျေး လက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှု တိုးတက်ခြင်းဖြစ်စေ မည့်စီမံချက်။ | |
|---|---|---|
| | | ဝန်ထမ်းများကို သင်တန်းပို့ချသည့် စရိတ်အတွက် ထည့်ဝင်နိုင်ရန်နှင့် အခြားလိုအပ်သည်များ လုပ်ဆောင်နိုင်ရန် ရန်ပုံငွေကောက်ခြင်းကို လုပ်ဆောင်သင့် သည်။ |
| ဘဏ္ဍာရေး ဆိုင်ရာ သတင်း အချက် အလက်များ | ဘတ်ဂျက် | **လုပ်ငန်းရပ်** — **ခန့်မှန်းကုန်ကျစရိတ်(အမေရိကန်ဒေါ်လာ)** |
| | | အရန်သားဖွားဆရာမများကို သင်တန်းပို့ချခြင်း (၉ မြို့နယ်) — ၉၀၀,၀၀၀ |
| | | မွမ်းမံသင်တန်းများ (၉ မြို့နယ်) — ၄၅၀,၀၀၀ |
| | | အရန်သားဖွားဆရာမများအားလုံး (အသစ်၊အဟောင်း)အတွက် ဆေးပုံး — ၁၅၀,၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ် (မမျှော်မှန်းနိုင်သောကုန်ကျစရိတ်မပါ) — ၁,၅၀၀,၀၀၀ |
| | | မမျှော်မှန်းနိုင်သောကုန်ကျစရိတ်၁၀% ထပ်ပေါင်းခြင်း — ၇၅,၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် — **၁,၅၇၅,၀၀၀** |
| | ဘတ်ဂျက်ကြိုတင် မှန်းဆချက်များ | ဖော်ပြရန်မရှိပါ။ |
| အခြား အချက် အလက်များ | အမျိုးသားအဆင့် မူဝါဒ၊မဟာဗျူဟာမျ ားနှင့်ကိုက်ညီခြင်း | ဖော်ပြရန်မရှိပါ။ |
| | စောင့်ကြည့် လေ့လာခြင်း | ဖော်ပြရန် မရှိပါ။ |

## ၁. ၅. ၂။ ကူးစက်ရောဂါများ-ဦးစားပေးအဆင့်သတ်မှတ်ထားသည့်ကူးစက်ရောဂါများကာကွယ်ရေး အတွက် ပံ့ပိုးမှုမြှင့်တင်ခြင်း

| စီမံချက် အမည် | ကလေးသူငယ်ကာကွယ်ဆေးထိုးခြင်းကိုမြှင့်တင်ခြင်းနှင့် ငှက်ဖျား၊ တီဘီ၊ အိတ်ချ်အိုင်ဗွီ၊ အသည်းရောင်အသားဝါစီ ရောဂါများကို ထိန်းချုပ်ခြင်းစီမံချက်။ |
|---|---|
| သတ်မှတ်ချက် | ပဓါနနယ်ပယ် — **ကျန်းမာရေး - ရောဂါကာကွယ်ရေး** |
| | တည်နေရာ — **ချင်းပြည်နယ်** |
| | စုစုပေါင်းဘတ်ဂျက် — **အမေရိကန်ဒေါ်လာ ၁. ၀၃၀ သန်း** |
| | စီမံချက်ကာလ — ၃ နှစ် |
| | |

| စီမံချက် အမည် | ကလေးသူငယ်ကာကွယ်ဆေးထိုးခြင်းကိုမြှင့်တင်ခြင်းနှင့် ငှက်ဖျား၊ တီဘီ၊ အိတ်ချ် အိုင်ဗွီ၊ အသည်းရောင်အသားဝါစီ ရောဂါများကို ထိန်းချုပ်ခြင်းစီမံချက်။ | |
|---|---|---|
| စီမံချက် အကြောင်း အရာ | ရည်ရွယ်ချက် | **ဖွံ့ဖြိုးရေးဆိုင်ရာရည်ရွယ်ချက်**<br>ကာကွယ်ဆေးထိုးခြင်းဖြင့် ကာကွယ်နိုင်သော ရောဂါများ၊ ရောဂါကျရောက်ခြင်း မဖြစ်ဆောင် စောင့်ကြပ်ကြည့်ရှုခြင်းပြုနိုင်သည့် ရောဂါများနှင့် အမူအကျင့်ပုံစံကြောင့် ကူးစက်သည့်ရောဂါများ စသည့်ကူးစက်ရောဂါများ ဖြစ်ပွားမှုနှုန်း လျော့ ကျရန်၊ (ဝေးလံခေါင်သီသည့် ကျေးလက်ဒေသများကို ဦးစား ပေးလျှက်)<br>- ကလေးသူငယ်ကာကွယ်ဆေးထိုးနှုန်း မြင့်တက်စေရန်<br>- မိခင်မှကလေးသို့ အိတ်ချ်အိုင်ဗွီနှင့် အသည်းရောင်အသားဝါစီ ကူးစက်မှုနှုန်း လျှော့ချရန်၊<br>- တီဘီပိုးသယ်ဆောင်သူများကို ဖေါ်ထုတ်ကာ ကုသမှုပေးခြင်းဖြင့် လူထုအတွင်း ရောဂါကူးစက်ပြန့်ပွားမှုနှုန်းလျှော့ချ ရန်၊<br>- ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်း လျှော့ချရန်၊ |
| | စီမံချက်၏ ကြောင်းကျိုး ဆက်နွှယ်မှု | **နောက်ခံအခြေအနေ**<br>ကာကွယ်ဆေးထိုး လွှမ်းခြုံမှုနှုန်းများ နိမ့်သည်ကို မြို့နယ်တိုင်းတွင် တွေ့ရှိရပါသည်။ ကျန်းမာရေးဝန်ထမ်းအရေအတွက် မပြေမိခြင်း၊ ချင်းပြည်နယ်တွင်တာဝန်ထမ်းဆောင်ရန် ရှောင်ရှားခြင်း၊ ဘွဲ့လွန်သင်တန်းများ တက်ခြင်းကြောင့် တာဝန်မှလစ်လပ်ခြင်း စသည့်အချက်များ ပေါင်းစုံခြင်းကြောင့် ဖြစ်ပါသည်။ မြေမျက်နှာသွင်ပြင် ကြမ်းတမ်းခြင်း၊ လမ်းမပေါက် ခြင်း၊ တယ်လီဖုန်း ဆက်သွယ်ရေးမရှိခြင်း စသည်တို့ကြောင့်လည်း ကျန်းမာရေး စောင့်ရှောက်မှုကို လက်လှမ်းမီရယူမှု အားနည်းစေပါသည်။<br>ပစ္စည်းကိရိယာကောင်းစွာတပ်ထားသော ရွေ့လျားကာကွယ် ဆေးထိုး အဖွဲ့များကိုအသုံးပြုခြင်းဖြင့် ကာကွယ်ဆေးထိုးနှံမှုနှုန်း သိသာစွာမြင့်တက်လာပြီး ကလေးသူငယ်များတွင် အဖြစ်များပြီး အလေးထားရမည့် ရောဂါများ ဖြစ်ပွားမှုနှုန်း သိသာစွာ ကျဆင်းသွားသည်ကို တွေ့ရှိခဲ့ရပြီးဖြစ်သည်။ ဤသို့ဖြင့် ပြည်နယ်အတွင်း ၅ နှစ်အောက် ကလေးသေနှုန်း ကျဆင်းပါလိမ့် မည်။<br>မျက်မှောက်ကာလတွင် အခြားမြို့နယ်များနှင့် နှိုင်းယှဉ်မှုအရ ဟားခါး၊ ဖလမ်းနှင့် တီးတိန်မြို့နယ်များတွင်သာ UCI လွှမ်းခြုံမှုနှုန်း မြင့်မားပါသည်။ သို့သော် ဖလမ်းမြို့နယ်တွင် ဒီပီတီ ၃ နှင့် ဝက်သက်ကာကွယ်ဆေးများ လွှမ်းခြုံမှုနိမ့်နေပါသည်။ ကာကွယ်ဆေးထိုးလုပ်ငန်းကို အရှိန်မြှင့်ရန် လိုအပ်သည့် အခြားမြို့နယ်အားလုံးတွင် UCI လွှမ်းခြုံမှု အလွန်အမင်း နိမ့်နေပါသည်။<br><u>ငှက်ဖျား</u> - တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ချင်းပြည်နယ်သည် လက္ခဏာပြငှက်ဖျား ရောဂါဖြစ်ပွားနှုန်း အမြင့်ဆုံး ဖြစ်ပါသည်။ ဆေးစိမ်ခြင်ထောင်နှင့်အိပ်လျှင် ရောဂါဖြစ်ပွားနှုန်း သိသာစွာ ကျဆင်းနိုင်ပါသည်။ |
| | ဆောင်ရွက် | - တာဝန်ရှိသူများကို အသိပေးဆွေးနွေးပွဲများကို လူထုများအတွင်း အသိ |

<table>
<tr><th>စီမံချက်<br>အမည်</th><th colspan="2">ကလေးသူငယ်ကာကွယ်ဆေးထိုးခြင်းကိုမြှင့်တင်ခြင်းနှင့် ငှက်ဖျား၊ တီဘီ၊ အိတ်ချ်အိုင်ဗွီ၊ အသည်းရောင်အသားဝါစီ ရောဂါများကို ထိန်းချုပ်ခြင်းစီမံချက်။</th></tr>
<tr><td></td><td>ချက်များ</td><td>ပညာပေးခြင်းများ မလုပ်ဆောင်မီ ကြိုတင် လုပ်ဆောင်ထားရ မည်။<br>- ရောဂါလက္ခဏာပြနေသူလူအားလုံးအားရောဂါစစ်ဆေးခြင်းနှင့် သလိပ်စစ်ခြင်းများဆောင်ရွက်ရန် အတွက်ဆေးစစ်လုပ်ငန်းကို တစ်နေ့တာ လုပ်ဆောင်မည်။<br>- ရွေ့လျားအဖွဲ့များ အသိပညာပေး လုပ်ငန်းတွင် အသုံးပြုမည့်ပစ္စည်းများ၊ အထောက်အကူပြု ကိရိယာများကို ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း (တီဗွီ၊ လော်စပီကာ၊ မီးစက်)။<br>- ရွေ့လျားလုပ်ငန်းများ ဖေါ်ဆောင်သည့် ဝန်ထမ်းအင်အားအတွက် ခရီးစရိတ်နှင့် နေ့တွက်စရိတ်များ၊<br>- လမ်းပေါက်ခြင်းနှင့် ရာသီဥတုသာယာခြင်းတို့တွင် အဖွဲ့အတွက်ခရီးစရိတ်(သို့မဟုတ်)ရွှေ့ပြေးမြို့နယ် (၁-၂ မြို့နယ်) များတွင် အသုံးပြု နိုင်မည့် လေးဘီးယက်မော်တော်ယာဉ်၊</td></tr>
<tr><td></td><td>အကောင်<br>အထည်ဖော်<br>ဆောင်ရွက်ခြင်း</td><td>ရွှေ့လျားဆေးခန်းများ ဖွင့်လှစ်ရန် ရွှေ့လျားအဖွဲ့ကို ဖွဲ့စည်းပါ မည်။ အုပ်စုလိုက်ကာကွယ်ဆေးထိုးခြင်းကို ဝေးလံပြီးသွားလာရခက်ခဲသည့် ကျေးလက်ကျန်းမာရေးဌာနများတွင် အကောက်အထည်ဖေါ်မည်။ ဤနည်းကိုမြို့နယ် (၅) မြို့နယ်လုံး တွင် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးအရာရှိများ၏ ကြီးကြပ်မှုနှင့် အထောက် အကူများယူကာ ဆက်လက်/တိုးချဲ့ဆောင်ရွက်ရန် အဆိုပြုပါသည်။ ဝေးလံပြီး သွားလာရခက်ခဲသည့် ကျေးလက် လူထုများကြား ရောဂါရှာဖွေခြင်းကို လုပ်ဆောင်နိုင်၊ ကာကွယ်ဆေးထိုးနှင့် အာဟာရ စောင့်ရှောက်မှုလုပ်ငန်းများကိုလည်း အရှိန်မြှင့်လုပ်ဆောင်နိုင်ပါမည်။ အုပ်စုလိုက် ကာကွယ်ဆေးထိုးခြင်းကို အခြေခံကျန်းမာရေး ဝန်ထမ်းများကလုပ်ဆောင်ပါမည်။ ကျေးရွာများမှ ကိုယ်တိုင်ဦးစားပေးအဆင့် သတ်မှတ်ထားခြင်းကို အခြေခံကာ အချိန်မီ ပြီးစီးစေရန် အဆိုပါကျေးရွာတွင် ဝန်ထမ်းအားလုံး ပူးပေါင်းပြီး အင်အားစုပါမည်။ မိခင်များကို အာဟာရပညာပေးခြင်း၊ တစ်နှစ်အောက်နှင့် သုံးနှစ်အောက်ကလေးငယ်များကို ကိုယ်အလေးချိန်ခြင်း၊ စသည်တို့ဆောင်ရွက်ရာတွင် စေတနာ့ဝန်ထမ်းများက ကူညီပါမည်။ မိခင်များအား ယခင်တွေ့ဆုံမှုမှ သင်ယူခဲ့သည့် အကြောင်းအရာများကို ပြန်လည်ပြောပြစေခြင်း တွေ့ဆုံစကားဝိုင်းတစ်ခုပါဝင်မည်ဖြစ်ပြီး ကျန်း မာရေးပညာပေးစကားဝိုင်းအတွက် မိခင်(၃)ဦးကို ပစ္စည်း များ - ကြက်ဥ၊ ပဲ၊ စားသောက်ကုန် - ချီးမြှင့်ပါမည်။ ယင်းကို ကျေးရွာတိုင်းတွင် ဆောင်ရွက်မည်ဖြစ်ပြီး UCI ကို တွဲ ယှဉ်လျှက် စဉ်ဆက်မပြတ် ဆောင်ရွက်ပါမည်။ နောက်ပိုင်းတွေ့ဆုံပွဲများတွင် မည်သည့် အသက်မွေးဝမ်းကျောင်းမျိုးကို လုပ်ကိုင်လိုပါသလဲဆိုသည်တို့ကို စကားဝိုင်းဖွဲ့ပါမည်။</td></tr>
<tr><td>ဘဏ္ဍာရေး<br>ဆိုင်ရာ<br>သတင်း<br>အချက်<br>အလက်များ</td><td>ဘတ်ဂျက်</td><td><table>
<tr><th>လုပ်ငန်းရပ်</th><th>ခန့်မှန်းကုန်ကျစရိတ်(အမေရိကန်ဒေါ်လာ)</th></tr>
<tr><td>ငှက်ဖျားတိုက်ဖျက်ရေးအစီအစဉ်</td><td>၆၀၀,၀၀၀</td></tr>
<tr><td>တီဘီရောဂါကာကွယ်ကုသမှုအစီအစဉ်</td><td>၂၈၀,၀၀၀</td></tr>
</table></td></tr>
</table>

| စီမံချက်အမည် | ကလေးသူငယ်ကာကွယ်ဆေးထိုးခြင်းကိုမြှင့်တင်ခြင်းနှင့် ငှက်ဖျား၊ တီဘီ၊ အိတ်ချ်အိုင်ဗွီ၊ အသည်းရောင်အသားဝါစီ ရောဂါများကို ထိန်းချုပ်ခြင်းစီမံချက်။ | | |
|---|---|---|---|
| | | ကာကွယ်ဆေးထိုးခြင်းနှင့်အာဟာရအစီအစဉ် | ၁၀၀,၀၀၀ |
| | | စုစုပေါင်းကုန်ကျစရိတ်<br>(မမျှော်မှန်းနိုင်သောကုန်ကျစရိတ်မပါ) | ၉၈၀,၀၀၀ |
| | | မမျှော်မှန်းနိုင်သောကုန်ကျစရိတ် ၁၀%<br>ထပ်ပေါင်းခြင်း | ၅၀,၀၀၀ |
| | | စုစုပေါင်းဘတ်ဂျက် | **၁,၀၃၀, ၀၀** |
| | ဘတ်ဂျက်ကြိုတင်မှန်းဆချက်များ | ဖော်ပြရန်မရှိပါ။ | |
| အခြားအချက်အလက်များ | အမျိုးသားအဆင့်မူဝါဒ၊မဟာဗျူဟာများနှင့်ကိုက်ညီခြင်း | ဖော်ပြရန်မရှိပါ။ | |
| | စောင့်ကြည့်လေ့လာခြင်း | ဖော်ပြရန် မရှိပါ။ | |